# မြန်မာ့အလင်း

၁၂၇၅ ခုနှစ်က တည်ထောင်သည်။ Established in 1914

**Myanma Alinn Daily**


**ချမ်းသာစွာနေနိုင်အောင်အားထုတ်**

ဤလောက၌ ရန်တုံ့မူခြင်းဖြင့် ထိုရန်တို့သည် မည်သည့်အခါမျှ မငြိမ်းကုန်။ ရန်တုံ့မမူသည်းခံခြင်းဖြင့်သာ ရန်တို့သည် ငြိမ်းကုန်၏။ လူ့ဘောင်လောက၌ ထာဝရမှန်ကန်နေသော ဓမ္မတာသဘောတစ်ခု ဖြစ်၍ ဘေးရန်မရှိ နေလိုသူများ၊ ကြုံတွေ့နေရသည့်ရန်ကို ပြေငြိမ်း လိုသူများသည် ရန်မရှိအောင်နေခြင်းဖြင့် ငြိမ်းချမ်းစွာနေနိုင်အောင် အားထုတ်ကြရမည်ဖြစ်၏။ **ယမကဝဂ်(ဓမ္မပဒ - ၅)**


၁၃၇၈ ခုနှစ်၊ သီတင်းကျွတ်လဆန်း ၉ ရက် ၂၀၁၆ ခုနှစ်၊ အောက်တိုဘာ ၁၀ ရက်၊ တနင်္လာနေ့၊ အတွဲ (၅၆)၊ အမှတ် (၀၁၀)


# အာရှပူးပေါင်းဆောင်ရွက်ရေးဆွေးနွေးပွဲ (အေစီဒီ)တက်ရောက်ရန် ဒုတိယသမ္မတ ဦးမြင့်ဆွေ ဗန်ကောက်မြို့သို့ ရောက်ရှိ

**နေပြည်တော် အောက်တိုဘာ ၉**

ထိုင်းနိုင်ငံ ဗန်ကောက်မြို့၌ ကျင်းပမည့် ဒုတိယအကြိမ် အာရှပူးပေါင်းဆောင်ရွက်ရေး ဆွေးနွေးပွဲ (အေစီဒီ)သို့ တက်ရောက်ရန် ဒုတိယသမ္မတ ဦးမြင့်ဆွေသည် အဖွဲ့ဝင်များနှင့်အတူ ယနေ့နံနက်ပိုင်းတွင် ရန်ကုန်မြို့မှ လေကြောင်းခရီးဖြင့် ထွက်ခွာရာ ဒေသစံတော်ချိန် မွန်းလွဲ ၁ နာရီခွဲတွင် ထိုင်းနိုင်ငံသို့ ရောက်ရှိ ကြသည်။

ဒုတိယသမ္မတအား ထိုင်းနိုင်ငံ အလုပ်သမားဝန်ကြီး၊ ထိုင်းနိုင်ငံဆိုင်ရာ မြန်မာသံအမတ်ကြီး ဦးဝင်းမောင် နှင့် တာဝန်ရှိသူများက သုဝဏ္ဏဘူမိ အပြည်ပြည်ဆိုင်ရာလေဆိပ်၌ ကြိုဆိုနှုတ်ဆက်ကြသည်။

ထို့နောက် ဒုတိယသမ္မတ ဦးမြင့်ဆွေနှင့်အဖွဲ့သည် ဗန်ကောက်မြို့ရှိ မြဘုရားအား သွားရောက်ဖူးမြော် ကြည်ညို၍ ဘုရားပရိဝုဏ်အတွင်းရှိ ရှေးဟောင်းနန်းတော်ရာကို ကြည့်ရှုလေ့လာသည်။

ညပိုင်းတွင် ဒုတိယသမ္မတ ဦးမြင့်ဆွေသည် ထိုင်းတော်ဝင် ရေတပ်မတော် ကွန်ဗင်းရှင်းခန်းမ၌ ကျင်းပသည့် ဒုတိယအကြိမ် အေစီဒီအစည်းအဝေးသို့ တက်ရောက်လာကြသည့် အေစီဒီအဖွဲ့ဝင်နိုင်ငံ အကြီးအကဲများနှင့် ဇနီးများအား ထိုင်းနိုင်ငံဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီး ပရာယွတ် ချန်အိုချာနှင့် ဇနီးတို့က တည်ခင်းဧည့်ခံသည့် ဂုဏ်ပြုညစာစားပွဲသို့ တက်ရောက်သည်။ **(သတင်းစဉ်)**




**ဂုဏ်ပြုညစာစားပွဲသို့ တက်ရောက်လာသည့် ဒုတိယသမ္မတ ဦးမြင့်ဆွေအား ထိုင်းနိုင်ငံဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီး ပရာယွတ် ချန်အိုချာနှင့် ဇနီးတို့က ရင်းရင်းနှီးနှီး နှုတ်ဆက်စဉ်** (သတင်းစဉ်)



**ရတဖ(၁)၊ ဒေသ(၃)၊ နယ်မြေ(၉) ကိုးတန်ကောက်ကင်းစခန်းအား အကြမ်းဖက် စီးနင်းတိုက်ခိုက်ခံရမှု ဖြစ်စဉ်ပြမြေပုံ**

# တည်ငြိမ်အေးချမ်းအောင် ဆောင်ရွက်သည့်နေရာတွင် ပြည်သူအားလုံးက တည်တည်ငြိမ်ငြိမ်နှင့် ပူးပေါင်းကူညီကြ

နေပြည်တော် အောက်တိုဘာ ၉

**ရခိုင်ပြည်နယ် မောင်တောမြို့နယ်နှင့် ရသေ့တောင်မြို့နယ်တို့တွင် အောက်တိုဘာ ၉ ရက် နံနက်ပိုင်းက ဖြစ်ပွားခဲ့သည့် ဖြစ်စဉ်များနှင့် ပတ်သက်သည့် သတင်းစာရှင်းလင်းပွဲကို ယနေ့ ည ၇ နာရီတွင် ပြန်ကြားရေးဝန်ကြီးဌာန စုပေါင်းအစည်းအဝေးခန်းမ၌ ကျင်းပသည်။**

သတင်းစာရှင်းလင်းပွဲတွင် ပြန်ကြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာဖေမြင့်က ရခိုင်ပြည်နယ် မောင်တောမြို့နယ်နှင့် ရသေ့တောင်မြို့နယ် တို့အတွင်း ဖြစ်စဉ်များနှင့်ပတ်သက်၍ သတင်းစာရှင်းလင်းပွဲ ကျင်းပရခြင်းဖြစ်ပါကြောင်း၊ ယခုဖြစ်စဉ်နှင့် စပ်လျဉ်းပြီး ယနေ့နံနက်စောစောတွင် လေ့လာမေးမြန်းစူးစမ်းမှုများ ဆောင်ရွက်ခဲ့ပါကြောင်း၊ ထို့နောက် နံနက် ၁၁ နာရီခွဲတွင် နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ် ဦးဆောင်ပြီး သက်ဆိုင်ရာဝန်ကြီးဌာနများမှ ပုဂ္ဂိုလ်များနှင့် အစည်းအဝေး တစ်ရပ် ကျင်းပခဲ့ပါကြောင်း၊ ယင်းကိစ္စနှင့် ပတ်သက်ပြီး သိရှိရသမျှ အနေအထားပေါ် မူတည်ပြီး သုံးသပ်မှုပြုခဲ့ပါကြောင်း၊ ယင်းကိစ္စနှင့် ပတ်သက်ပြီး လက်ရှိ ဖြစ်ပျက်သမျှကို အများပြည်သူများသိရှိစေရန် သတင်းစာရှင်းလင်းပွဲ ပြုလုပ်မည်ဟု ဆုံးဖြတ်ခဲ့ပါကြောင်း။

ရည်ရွယ်ချက်မှာ ယခုဖြစ်စဉ်နှင့်စပ်လျဉ်းပြီး အများပြည်သူများ စိုးရိမ်ကြောင့်ကြမှု မဖြစ်စေရန်နှင့် ဖြစ်ရပ်မှန်များကို အများပြည်သူများ အချိန်နှင့်တစ်ပြေးညီ သိရှိစေရန် ရှင်းလင်းတင်ပြခြင်းဖြစ်ပါကြောင်း၊ ယခုသတင်းစာရှင်းလင်းပွဲတွင်

*စာမျက်နှာ ၄ ကော်လံ ၁*



**အမှတ်(၁) နယ်ခြားစောင့် ရဲကွပ်ကဲမှုအဖွဲ့မှူးရုံး ၉-၁၀-၂၀၁၆ ရက်နေ့ ၀၁၃၀ အချိန်ခန့် နခဖ(၁)၊ ကျီးကန်းပြင်ဂိတ် (၁) လုံခြုံရေးကင်းမှ အလှည့်ကျကင်းသား ရဲဒုတက(မဲ့) မောင်မောင်လွင်အား ဓားဖြင့်ခုတ်၍ ထွက်ပြေးသွားသော စီးနင်းတိုက်သူများအား လိုက်လံရှင်းလင်းစဉ် တွေ့ရှိသိမ်းဆည်းရမိခဲ့သော လုပ်သေနတ်ပစ္စတို(၁)လက်(သုံးမရ) ငှင်းကျည်(၂)တောင့်နှင့် ကျည်အိမ်(၁)ခုတို့၏ မှတ်တမ်းဓာတ်ပုံ**


KBZ BANK
STRENGTH OF MYANMAR
သဒ္ဒါထက်သန် မြန်မာအားမာန် ကမ္ဘောဇဘဏ်

မြန်မာ့အလင်း

# ပိတ်ဆို့မှုများအလွန်နှင့် စတင်ပြောင်းလဲရတော့မည့် မြန်မာ့စီးပွားရေး

နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ်၏ အမေရိကန်ခရီးစဉ်အတွင်း အမေရိကန်သမ္မတအိုဘားမားက ကတိပြုခဲ့သော မြန်မာနိုင်ငံ အပေါ်ချမှတ်ထားသည့် စီးပွားရေးပိတ်ဆို့မှုများကို ရုပ်သိမ်းသည့် အမိန့်ကြော်ငြာစာကို အောက်တိုဘာလ ၇ ရက်နေ့တွင်ထုတ်ပြန်ခဲ့သည်။ ထိုအမိန့်ကြော်ငြာစာအရ တားမြစ်ပိတ်ပင်ခြင်းခံထားရသော ယခင်တပ်မတော်ခေါင်းဆောင်များနှင့် ခရိုနီစီးပွားရေးလုပ်ငန်းရှင်များကို ပိတ်ဆို့ခံထားရသည့် စာရင်းမှ ပယ်ဖျက်လိုက်ကြောင်း သိရသည်။

အဆိုပါ အမိန့်ကြော်ငြာစာကြောင့် မြန်မာနိုင်ငံအပေါ် ၁၉၉၇ ခုနှစ်ကတည်းက စတင်ခဲ့သောပိတ်ဆို့အရေးယူမှုများ ပျက်ပြယ်သွားမည်ဖြစ်ပြီး ၂၀၀၃ ခုနှစ်ကချမှတ်ထားသည့် လွတ်လပ်မှုနှင့် ဒီမိုကရေစီအက်ဥပဒေ၊ ၂၀၀၈ ခုနှစ်က ချမှတ်ထားသော **Jade Act** အက်ဥပဒေတို့နှင့် ချမှတ်ထားသည့် စီးပွားရေးနှင့်ဘဏ္ဍာရေးဆိုင်ရာ အရေးယူပိတ်ဆို့မှုများပါ ပယ်ဖျက်ပေးသွားမည်ဖြစ်သည်။ ဘဏ္ဍာရေးနှင့်တားဆီးပိတ်ပင်မှုများကို ပယ်ဖျက်ပေးခြင်းကြောင့် ယင်းစည်းမျဉ်းအရ တားမြစ်ပိတ်ပင်ခြင်းခံရသောလူပုဂ္ဂိုလ်နှင့် အဖွဲ့အစည်းအားလုံးကို ပစ်မှတ်ထားပိတ်ဆို့ခံရသည့် စာရင်း (SDN) မှ ပယ်ဖျက်ပေးမည်ဖြစ်သည်။

ထိုအခြေအနေများကြောင့် မြန်မာနိုင်ငံမှ အမေရိကန်ပြည်ထောင်စုသို့ ကျောက်စိမ်း၊ ပတ္တမြားအပါအဝင် လက်ဝတ်ရတနာများ တင်ပို့နိုင်တော့မည်ဖြစ်ပြီး မြန်မာနိုင်ငံနှင့် ဘဏ်လုပ်ငန်း၊ ငွေကြေးလွှဲပြောင်းမှုလုပ်ငန်းများလည်း လုပ်ဆောင်နိုင်တော့မည်ဖြစ်သည်။

သို့သော် ဘဏ်လုပ်ငန်းများအဆင်ပြေချောမွေ့စွာလည်ပတ်နိုင်ရန်နှင့် တစ်ဦးချင်းပိတ်ဆို့မှုများ ဖယ်ရှားခြင်း ဖြစ်စဉ်တို့မှာ အမေရိကန်၏ တစ်ကမ္ဘာလုံးဆိုင်ရာစနစ်များအတွင်း ပြုပြင်ပြောင်းလဲရမည်ဖြစ်ရာ အချိန်ယူရမည်ဟုလည်းဆိုကြပါသည်။ ထို့ပြင် မြန်မာ့စီးပွားရေး၏ ထူးခြားချက်အရ ဘဏ်လုပ်ငန်းရှင်များမှာ အခြားသောလုပ်ငန်းပေါင်းစုံလုပ်ကိုင်သည့် ခရိုနီသူဌေးကြီးများသာဖြစ်ရာ ပွင့်လင်းမြင်သာသော ငွေကြေးစီးဆင်းလည်ပတ်မှုကို သက်သေပြရန် လိုမည်ဟုလည်း ယူဆမှုများရှိနေပါသည်။

ယခင်က အမေရိကန်တွင် အိမ်တွင်းအလှဆင်လုပ်ငန်း လုပ်ကိုင်သော မြန်မာပြည်ပေါက် ပုဂ္ဂိုလ်တစ်ဦးသည် သူအလိုရှိသော ကျွန်းသစ်ကို တရုတ်ပြည်မှ ဝယ်ယူတင်သွင်းရသည်။ အမှာစာပို့လိုက်ပြီး နှစ်ပတ်ကြာလျှင် အမေရိကန်ဆိပ်ကမ်းသို့ရောက်သည်ဟု ဆိုသည်။ သို့သော် ထိုကျွန်းခွဲသားများမှာ မြန်မာ့သစ်များသာဖြစ်သည်။ ဗန်ကောက်ပို့စ်သတင်းစာပါသတင်းများအရ ထိုင်းနိုင်ငံ၏ ကျောက်မျက်နှင့်လက်ဝတ်ရတနာ တင်ပို့မှုမှာ ပြီးခဲ့သည့်နှစ်က ဒေါ်လာ ၇ ဒသမ ၁၈ ဘီလီယံရှိခဲ့သည်။ ယခုနှစ်ဝက်တွင် ၃ ဒသမ ၆၁ ဘီလီယံရှိပြီး တစ်နှစ်လုံးချုပ်လျှင် ၇ ဒသမ ၈၉ ဘီလီယံရှိလာမည်ဟု ဖော်ပြထားသည်။ ကျောက်မျက်မှာ ထိုင်းနိုင်ငံ၏ ထိပ်ဆုံးပို့ကုန် ငါးမျိုးတွင် တစ်မျိုးအပါအဝင်ဖြစ်သည်ဟု ဆိုပါသည်။ အဆိုပါ ကျောက်မျက်အများစုသည် မြန်မာနိုင်ငံမှဖြစ်သည်ဆိုသည်မှာ ဗေဒင်မေးရန်ပင်မလိုသောကိစ္စဖြစ်ပါသည်။ အလားတူပင် တနင်္သာရီတိုင်းမှ ရေထွက်ကုန် အများစုသည်လည်း ထိုင်းကုမ္ပဏီများမှတစ်ဆင့်သာ ကမ္ဘာအရပ်ရပ်သို့ သွားနေခြင်းဖြစ်သည်။ တရုတ်ပြည်၊ ထိုင်ဝမ်နှင့် ဟောင်ကောင်တို့တွင် တရားမဝင်လမ်းကြောင်းများမှ ထွက်သော မြန်မာ့ကျောက်စိမ်းဖြင့် ကြီးပွားချမ်းသာသွားသူ များစွာရှိသည်။ တန်ဖိုးပင်မဖြတ်နိုင်သော ကျောက်မျက်များ၊ ပန်းပုရုပ်များရှိနေပါသည်။

ထိုအခြေအနေများကို ယခုစတင်ပြောင်းလဲကြရပါတော့မည်။ ပါမစ်စီးပွားရေးများ၊ ဆူလွယ်၊ နပ်လွယ်တစ်ပွဲတိုး စီးပွားရေးများဖြင့် အသားကျလာသော လုပ်ငန်းရှင်များအဖို့ အတွေးအခေါ်များ ပြုပြင်ရန်လိုသည်။ ကျွမ်းကျင်မှုရေချိန်များ မြှင့်တင်ရန်လိုပါသည်။ ကုန်ထုတ်လုပ်ငန်းကို အသားပေးသော စီးပွားရေးများကို ထူထောင်ရန် လိုပါသည်။ အစိုးရက လူငယ်ခြေတက်များကို မြေတောင်မြှောက်ပေးရန်လိုပါသည်။

အမေရိကန်ခရီးစဉ်အတွင်း **US-ASEAN** စီးပွားရေးကောင်စီမှ ညစာခံပွဲတွင် နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ်က "အမေရိကန်ပိတ်ဆို့အရေးယူမှုများ ရုပ်သိမ်းခြင်းကို အချိန်မတန်သေးဘူးဟုယူဆနေသူများလည်းရှိသည့်အတွက် ဒါသည် စီးပွားရေးစွန့်စားမှုသာမက နိုင်ငံရေးအရပါ စွန့်စားမှုဖြစ်ကြောင်း၊ ဒါပေမယ့် မိမိတို့ ပြည်သူများအဖို့ မိတ်ဆွေများရဲ့ အကူအညီနဲ့ ကိုယ့်ကိုယ်ကိုယ်အားကိုးပြီး ရှေ့ဆက်သွားဖို့ အချိန်ကျရောက်ပြီလို့ ယူဆကြောင်း" ပြောကြားခဲ့ပါသည်။ ထို့ကြောင့်ပင် အမျိုးသားပြန်လည်သင့်မြတ်ရေးလမ်းကြောင်းအောက်တွင် တိုင်းပြည်စီးပွားရေးတိုးတက်လာအောင် မည်သို့ကြံဆောင်ကြမည်ကို ဝိုင်းဝန်းစဉ်းစားဆောင်ရွက်ကြဖို့လိုကြောင်း နှိုးဆော်တင်ပြရပါသည်။ ။




## နိုင်ငံသားစိစစ်ရေးကတ်ပြားများပေးအပ်

**မုံရွာ အောက်တိုဘာ ၉**

အလုပ်သမား၊ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာနမှ သစ္စာစီမံချက်ဖြင့် အောက်တိုဘာလပထမပတ်က စစ်ကိုင်းတိုင်းဒေသကြီး မုံရွာခရိုင် မုံရွာမြို့နယ် မုံရွေးကြေးမုံအထကကျောင်းတွင် လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဆိုင်ရာ မြို့နယ်ဦးစီးမှူးရုံးမှ ဝန်ထမ်းများက ကျောင်းသား၊ ကျောင်းသူများအား အသက် ၁၀ နှစ်ပြည့် နိုင်ငံသားစိစစ်ရေးကတ်ပြားများ ကွင်းဆင်းဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

ကွင်းဆင်းဆောင်ရွက်ပေးရာတွင် တိုင်းဒေသကြီး ဦးစီးမှူးက နိုင်ငံသားစိစစ်ရေးကတ်ပြားနှင့် ပတ်သက်သည့် သိကောင်းစရာများကို အကျယ်တဝင့် ရှင်းလင်းပြောကြားခဲ့ပြီး ကျောင်းသား ကျောင်းသူ ၁၃၃ ဦးကို နိုင်ငံသားစိစစ်ရေးကတ်ပြားများ လက်ဝယ်အရောက် ထုတ်ပေးခဲ့ကြောင်း သိရသည်။ **ဖိုးချမ်း-မုံရွာ**

### ထင်သာမြင်သာပြုပြင်စရာ

# စက်စဲကမ်းခြေတစ်လျှောက် သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းရန်လိုအပ်

သံဖြူဇရပ်မြို့နယ်ရှိ စက်စဲကမ်းခြေသည် ကမ်းခြေတစ်လျှောက် ရှည်လျားပြီးပြည်တွင်းပြည်ပခရီးသွားအပန်းဖြေသူများ ကြိုက်နှစ်သက်သောနေရာဖြစ်၍ ကမ်းခြေပိုမိုသာယာလှပမှသာ အပန်းဖြေအနားယူသူများကို ဆွဲဆောင်နိုင်မည်ဖြစ်ပြီး စက်စဲကမ်းခြေတွင် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးအတွက် ဝိုင်းဝန်းထိန်းသိမ်းကြရန် လိုအပ်နေကြောင်း ယင်းကမ်းခြေတွင် ဈေးရောင်းချသည့် ဆိုင်ရှင်တစ်ဦးကပြောသည်။

စက်စဲပင်လယ်ကမ်းခြေ သဲသောင်ပြင်တွင် ထီးမိုးပြီး ဆိုင်ခန်းများဖွင့်လှစ်ခြင်းနှင့် စွန့်ပစ်ပစ္စည်းများရှိနေခြင်းနှင့် စက်စဲကမ်းခြေကြောင့် သဲသောင်ပြင်အလှကို ပျက်စီးစေသည့်အတွက် သက်ဆိုင်ရာတာဝန်ရှိသူများနှင့် ဒေသခံပြည်သူများ ဝိုင်းဝန်းထိန်းသိမ်းကြရန် လိုအပ်နေကြောင်း သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးမှ တာဝန်ရှိသူတစ်ဦးက ပြောပြသည်။

**မုဒုံ-မောင်မောင်**

ရန်ကုန်တိုင်းဒေသကြီး လှိုင်သာယာမြို့နယ်ရှိ အောင်ဇေယျကြိုးတံတားအဆင်းရှိ ကတ္တရာလမ်းတွင် ချိုင့်ခွက်များ အစီအရီဖြင့် ပေါက်နေသောကြောင့် နေ့စဉ်ဖြတ်သန်းသွားလာနေသောယာဉ်များ အခက်အခဲနှင့် ရင်ဆိုင်နေရသည့်အပြင် တံတားအဆင်း အမှတ် (၁) လမ်းဆုံမှာ ကတ္တရာလမ်း ပျက်စီးနေမှုကြောင့် ယာဉ်ကြောပိတ်ဆို့မှုများ ဖြစ်ပေါ်နေသည်ကို တွေ့ရစဉ်။
(၁၆၄)



# မူးယစ်ဆေးဝါးကင်းစင်ကျေးရွာများကို ဂုဏ်ပြုမှတ်တမ်းလွှာနှင့် ဆုချီးမြှင့်

**ရမည်းသင်း အောက်တိုဘာ ၉**

မူးယစ်ဆေးဝါး ကင်းစင်ကျေးရွာအဖြစ် ကြေညာနိုင်ခဲ့သည့် ရပ်ကွက်၊ ကျေးရွာအုပ်စုများမှ အုပ်ချုပ်ရေးမှူးများအား ဂုဏ်ပြုမှတ်တမ်းနှင့် ဆုချီးမြှင့်ခြင်းအခမ်းအနားကို မန္တလေးတိုင်းဒေသကြီး ရမည်းသင်းခရိုင် ရဲတပ်ဖွဲ့မှူးရုံးခန်းမ၌ အောက်တိုဘာ ၈ ရက်က ကျင်းပခဲ့သည်။

အဆိုပါအခမ်းအနားတွင် ခရိုင်ရဲတပ်ဖွဲ့မှူး ဒုတိယရဲမှူးကြီး ကြည်စိုးက အမှာစကားပြောကြားပြီး ရမည်းသင်းမြို့နယ်နှင့် ပျော်ဘွယ်မြို့နယ်အတွင်းရှိ အုပ်စု၊ ကျေးရွာ၊ ရပ်ကွက်များတွင် မူးယစ်ဆေးဝါး ကင်းစင်နယ်မြေအဖြစ် ကြေညာနိုင်ခဲ့သည့် အုပ်ချုပ်ရေးမှူးများအား ခရိုင်ရဲတပ်ဖွဲ့မှူး၊ ဒုတိယခရိုင်ရဲတပ်ဖွဲ့မှူးနှင့် မြို့နယ်ရဲတပ်ဖွဲ့မှူးတို့က ဂုဏ်ပြုမှတ် တမ်းလွှာနှင့် ဆုများပေးအပ်ချီးမြှင့်ခဲ့သည်။

ရမည်းသင်းခရိုင်းအတွင်းတွင် မူးယစ်ဆေးဝါးကင်းစင်နယ်မြေအဖြစ် အုပ်စု ၁၇ အုပ်စု၊ ကျေးရွာပေါင်း ၂၅ ရွာ ဆောင်ရွက်ခဲ့ပြီးဖြစ်ကာ ကျန်ရှိနေသော ကျေးရွာများတွင်းလည်း ထပ်မံဆောင်ရွက်သွားမည်ဖြစ်ကြောင်း သိရသည်။

**အတ်ကလေး(ရမည်းသင်း)**

## ရွှေ၊ ငွေ၊ စက်သုံးဆီနှင့် နိုင်ငံတကာသုံး ငွေကြေးပေါက်ဈေးနှုန်း ၉-၁၀-၂၀၁၆

ခင်ရတနာ-စုစည်းသည်။

### ရွှေဈေးနှုန်း(အောင်သမာဓိ)

| | | | |
|---|---|---|---|
| ရန်ကုန် | ၁၆ ပဲရည် | တစ်ကျပ်သား | ကျပ် ၈၇၀၅၀၀ |
| ရန်ကုန် | ၁၅ ပဲရည် | တစ်ကျပ်သား | ကျပ် ၈၁၉၃၀၀ |
| မန္တလေး | ၁၆ ပဲရည် | တစ်ကျပ်သား | ကျပ် ၈၇၁၀၀၀ |

### စက်သုံးဆီဈေးနှုန်း(တစ်လီတာဈေး) ရန်ကုန်

| | |
|---|---|
| ဒီဇယ် | ၅၆၀/၅၇၀ ကျပ် |
| အောက်တိန်း ၉၂ | ၅၂၅/၅၃၀ ကျပ် |
| အောက်တိန်း ၉၅ | ၆၃၀/၆၄၀ ကျပ် |
| ပရီမီယံဒီဇယ် | ၅၉၀/၆၀၀ ကျပ် |

### နိုင်ငံတကာသုံး ငွေကြေးပေါက်ဈေး (ဗဟိုဘဏ်)

| | | |
|---|---|---|
| အမေရိကန် | တစ်ဒေါ်လာ | ၁၂၅၅ · ၀ |
| ဥရောပ | တစ်ယူရို | ၁၄၀၇ · ၇ |
| စင်ကာပူ | တစ်ဒေါ်လာ | ၉၁၈ · ၈၁ |
| ထိုင်း | တစ်ဘတ် | ၃၈ · ၁၈ |
| အိန္ဒိယ | တစ်ရူပီး | ၁၈ · ၇၇၃ |
| တရုတ် | တစ်ယွမ် | ၁၈၈ · ၂၃ |
| မလေးရှား | တစ်ရင်းဂစ် | ၃၀၃ · ၃၂ |

မြန်မာ့အလင်း
၁၂၇၅ ခုနှစ်က တည်ထောင်သည်။
Myanma Alinn Daily

စာတည်းမှူးချုပ် - အောင်နိုင်ဦး
စာတည်းမှူး - ဝင်းရွှေ
စာတည်း - ထိန်လင်း၊ မြင့်စိုး၊ ကြည်ဝင်း၊ ဝင်းကျော်
သတင်းထောက်မှူး - မြင့်ဆွေ
ထုတ်ဝေခြင်းအမှတ် - (၀၁၀၉၃)
ပုံနှိပ်ခြင်းအမှတ် - (၀၀၈၇၇)

မြန်မာ့အလင်း mmalin.npt @ gmail.com, www. facebook.com/MYANMAALINNNEWS

နေပြည်တော်-စာတည်းမှူး ၀၆၇-၃၄၁၀၄၂၊ စာတည်းအဖွဲ့ ၀၆၇-၃၄၁၀၄၅၊ ဖက်စ် ၀၆၇-၃၄၁၀၄၆၊ ရန်ကုန်ရုံးခွဲ-အမှတ်(၅၃)၊ နတ်မောက်လမ်းသွယ်(၁)၊ ဗိုလ်ချို(၂)ရပ်ကွက်၊ ဗဟန်းမြို့နယ်၊ ရန်ကုန်မြို့၊ စာတိုက်သေတ္တာအမှတ်-၄၀၊ စာတည်းအဖွဲ့ ၀၁-၅၄၄၃၀၉၊ မန်နေဂျာ ၀၁-၅၄၄၃၁၄၊ စီမံ ၀၁-၅၄၄၃၁၅၊ ငွေစာရင်း ၀၁-၅၄၄၃၁၆၊ ကြော်ငြာ ၀၁-၅၄၅၈၃၄၊ ၀၁- ၅၅၉၁၁၈၊ Fax ၀၁-၅၄၆၂၂၁၊ ၀၆၇-၃၄၁၀၄၈၊ ဖြန့်ချိရေး ၀၁-၅၄၄၃၁၇၊ Fax ၀၁-၈၆၀၄၅၄၆။

# မန္တလေးမြို့ မစိုးရိမ်ကျောင်းတိုက်ရှိ ဆရာတော်၊ သံဃာတော်များအား တပ်မတော်(ကြည်း၊ ရေ၊လေ) မိသားစုများက နေ့ဆွမ်း၊ ဆွမ်းဆန်တော်နှင့် လှူဖွယ်ပစ္စည်းများ ဆက်ကပ်လှူဒါန်း



သံဃာတော်များအား တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်နှင့် ဇနီး လှူဖွယ်ပစ္စည်းများ ဆက်ကပ်လှူဒါန်းစဉ်

**မန္တလေး အောက်တိုဘာ ၉**

တပ်မတော် (ကြည်း၊ ရေ၊ လေ) မိသားစုများက မန္တလေးမြို့ မစိုးရိမ်ကျောင်းတိုက်ရှိ ဆရာတော်၊ သံဃာတော်များအား ဆွမ်းဆန်တော် ဆီ၊ ဆား၊ လှူဖွယ်ပစ္စည်းများနှင့် နဝကမ္မအလှူငွေများ လှူဒါန်းခြင်းကို ယနေ့နံနက်ပိုင်းတွင် အဆိုပါ ကျောင်းတိုက်၌ ကျင်းပသည်။

ရှေးဦးစွာ တပ်မတော်ကာကွယ်ရေး ဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်နှင့် တက်ရောက်လာကြသူများက ပါဠိနယူပဒေသကျောင်းတိုက် ဆရာတော်ထံမှ ငါးပါးသီလခံယူဆောက်တည်ကြပြီး သံဃာတော်အရှင်သူမြတ်များက ပရိတ်တရားတော်များ ရွတ်ဖတ်ပူဇော်ချီးမြှင့်တော်မူကြသည်။

ယင်းနောက် တပ်မတော်ကာကွယ်ရေးဦးစီးချုပ်နှင့် ဇနီးတို့က လှူဖွယ်ပစ္စည်းများနှင့် တပ်မတော်(ကြည်း၊ ရေ၊ လေ)မိသားစုများမှ လှူဒါန်းသည့် ဆွမ်းဆန်တော်၊ ဆီ၊ ဆားများအား ပါဠိနယူပဒေသကျောင်းတိုက်ဆရာတော်ထံ ဆက်ကပ်လှူဒါန်းပြီး နဝကမ္မအလှူငွေများအား မစိုးရိမ်ကျောင်းတိုက် ဂေါပကဥက္ကဋ္ဌထံ ပေးအပ်လှူဒါန်းသည်။

ထို့နောက် ညှိနှိုင်းကွပ်ကဲရေးမှူး (ကြည်း၊ ရေ၊ လေ)နှင့် တပ်မတော် အရာရှိကြီးများက ဆရာတော်၊ သံဃာတော်များထံ လှူဖွယ်ပစ္စည်းများ ဆက်ကပ်လှူဒါန်းကြသည်။

ထို့နောက် အာဂမနယူပဒေသ ကျောင်းတိုက်ဆရာတော်ထံမှ ရေစက်သွန်းချ အနုမောဒနာတရားနာယူ၍ ရေစက်သွန်းချအမျှပေးဝေကြပြီး မစိုးရိမ်ကျောင်းတိုက်ရှိ သံဃာတော် ၄၄၂ ပါးအား နေ့ဆွမ်းဆက်ကပ်လှူဒါန်းကြသည်။

ယနေ့ လှူဒါန်းပွဲ၌ မစိုးရိမ်ကျောင်းတိုက်ရှိ သံဃာတော်အပါး ၄၀၀ ကျော်အတွက် ဆွမ်းဆန်တော်အိတ် ၂၀၊ ဆီပိဿာ ၂၅၀၊ အာလူး၊ ကြက်သွန်၊ လှူဖွယ်ပစ္စည်းများနှင့် နဝကမ္မအလှူငွေကျပ်သိန်း ၅၀ တို့အား လှူဒါန်းခဲ့သည်။

ဆက်လက်၍ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်နှင့် အဖွဲ့ဝင်များသည် မဟာဝိသုဒ္ဓါရုံတိုက်သစ်သို့ ရောက်ရှိပြီး နိုင်ငံတော် ဩဝါဒါစရိယ သက်တော်ရှည်ဝါဆိုဆရာတော်ဘုရားကြီး ဘဒ္ဒန္တအဂ္ဂိယအား လှူဖွယ်ပစ္စည်းများ ဆက်ကပ်လှူဒါန်းသည်။

**(သတင်းစဉ်)**

---

❖ *ကျော့ဖုံးမှ*

တရားရှိသူ သူ့ကို ထူးထွေပြီး မည်သို့မျှ မဆွဲဆောင်နိုင်ခဲ့ပါ။

"ပစ္စည်းကျန်ခဲ့တဲ့သူတွေ စိတ်ပူနေမှာပဲဆိုပြီး ကိုယ်ချင်းစာစိတ်တစ်ခုတည်းနဲ့ ပြန်ပေးခဲ့တာပါ။ ပစ္စည်းတွေပေါ်မှာလည်း ဘာလောဘစိတ်မှမရှိခဲ့ဘူး" လို့ ကိုသန်းထိုက်ကျော်က ပြောပါတယ်။

အဆိုပါ အဖြစ်အပျက်နဲ့ပတ်သက်ပြီး ကိုသန်းထိုက်ကျော်က "စက်တင်ဘာ ၂၄ ရက် ညနေပိုင်းက ခရီးသည်တစ်ယောက် ပြည်သူ့ရင်ပြင်နားကနေ ပန်းဆိုးတန်းကို ကားငှားတယ်၊ သူသွားချင်တဲ့နေရာမှာ ချပေးခဲ့ပြီး ခရီးသည် ထပ်မရတော့လို့ ည ၇ နာရီလောက်မှာ အိမ်ကိုပြန်ခဲ့တယ်၊ နောက်နေ့မနက် ကားရေဆေးမယ်လုပ်တော့ နောက်ခန်းထဲမှာ အထုပ်တစ်ထုပ် ကျန်နေတာတွေ့တာနဲ့ ဖွင့်ကြည့်လိုက်တော့ ရတနာပစ္စည်းတွေ ဖြစ်နေတာတွေ့ရပြီး ပိုင်ရှင်ကို ပြန်ပေးနိုင်အောင်ဆက်သွယ်ခဲ့တယ် "လို့ ပြန်ပြောင်းပြောပြခဲ့ပါတယ်။

ခရီးသည်ကျန်ရစ်ခဲ့တဲ့ ရတနာပစ္စည်းတွေကို အမြန်ပြန်လည်ပေးနိုင်ဖို့အတွက် ကြိုးစားနေချိန်မှာ ရတနာပစ္စည်းမေ့ကျန်တဲ့သူက လူမှုကွန်ရက်စာမျက်နှာမှာ တင်ထားတာတွေ့တယ်လို့ ညီမဖြစ်သူရဲ့ ပြောပြမှုကြောင့် ပိုင်ရှင်နဲ့ဆက်သွယ်မှုရရှိခဲ့ပြီး ပြန်ပေးခဲ့တာဖြစ်ကြောင်း ကိုသန်းထိုက်ကျော်က ပြောပြပါတယ်။

ဖြူစင်ရိုးသားမှုရဲ့ လက်ငင်းအကျိုးပေးရလဒ်အနေနဲ့ ပစ္စည်းပိုင်ရှင်က အငှားယာဉ်မောင်း ကိုသန်းထိုက်ကျော်ကို ရင်းနှီးစားသောက်နိုင်ဖို့ မော်တော်ကားတစ်စီး ပေးအပ်ချီးမြှင့်ခဲ့ပြန်ပါတယ်။

"ပိုင်ရှင်က တော်တော်ဝမ်းသာသွားတယ်၊ ပြန်မရနိုင်တော့ဘူး ထင်ထားတာလေ၊ ချက်ချင်းပြန်ရတယ်ဆိုတော့ ဝမ်းသာပြီး ပိုင်ရှင်က သူပြောတဲ့အတိုင်း ထိုက်ထိုက်တန်တန် ချီးမြှင့်ပါတယ်၊ ကားကတော့ မရောက်သေးဘူး၊ မှာတော့ထားပြီးပါပြီ" လို့ ကိုသန်းထိုက်ကျော်က ဆိုပါတယ်။

"ငယ်စဉ်ကတည်းက ရိုးသားအေးဆေးစွာနဲ့ မိဘ၊ ညီအစ်ကို၊ ဦးလေးများရဲ့ ဆုံးမသွန်သင်မှုတွေနဲ့ စာအုပ်စာပေဖတ်ရှုမှုအပြင် အေးချမ်းတဲ့ပတ်ဝန်းကျင်မှာ နေထိုင်ကြီးပြင်းခဲ့ရတဲ့အတွက် အခုလို ကောင်းမွန်တဲ့စိတ်ဓာတ်ကောင်းများရရှိခဲ့တာ" လို့ ကိုသန်းထိုက်ကျော်က ဆိုပါတယ်၊

"ကိုယ်ချင်းစာစိတ်ထားရမယ်၊ သူများပစ္စည်းကို လွယ်လွယ်ရလည်း မယူရဘူးလို့ မိဘတွေက ငယ်ငယ်ကတည်းကနေ အခုချိန်ထိ ဆုံးမနေတုန်းပါ" လို့ သူကဆိုပါတယ်။

အစ်ကို ဝမ်းကွဲတော်စပ်သူရဲ့ မကြာခဏဆုံးမလေ့ရှိတဲ့ " ကိုယ်ပြောတဲ့ စကားကြောင့် သူတစ်ပါးထိခိုက်မလား၊ ကိုယ်လုပ်တဲ့အလုပ်ကြောင့် သူတစ်ပါးနစ်နာမလားဆိုပြီး လုပ်သင့် မလုပ်သင့် ချင့်ချိန်ပြီးလုပ် "ဆိုတဲ့ စကားကို ယနေ့အချိန်ထိ စွဲမြဲနာခံနေဆဲပင် ဖြစ်တယ်လို့လည်း ကိုသန်းထိုက်ကျော်က ဆိုပါတယ်။

မြန်မာ့လူ့ဘောင်အဖွဲ့အစည်းမှာ ကိုယ်ကျင့်သီလနဲ့ပတ်သက်ပြီး အံ့ဩဖွယ်ရာ၊ လေးစားဖွယ်ရာ၊ အတုယူ ဂုဏ်ယူဖွယ်ရာဖြစ်တဲ့ ကိုသန်းထိုက်ကျော်တစ်ယောက် နိုင်ငံတော်အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်ရဲ့ စက်တင်ဘာလအတွက် ချီးကျူးဂုဏ်ပြုထိုက်သူအဖြစ် ရွေးချယ်ချီးကျူးဂုဏ်ပြုတာ ခံခဲ့ရပြီဖြစ်ပါတယ်။

"တီဗွီမှာ ကျွန်တော့်ကို နိုင်ငံတော်အတိုင်ပင်ခံက ချီးကျူးဂုဏ်ပြုတဲ့အကြောင်း ကြေညာတဲ့သတင်းကြည့်ရင်း ကျွန်တော်တို့မိသားစုအတွက် အဲဒီညက ပျော်စရာအလွန်ကောင်းတဲ့ညဖြစ်သွားတယ်၊ အံ့သြလွန်းလို့ ကျွန်တော် ယုံတောင်မယုံနိုင်ဘူး" လို့ ကိုသန်းထိုက်ကျော်က ပြောပါတယ်။

အနာဂတ်မှာ မိမိမျိုးဆက်သမီးငယ်လေးအား အကျင့်စာရိတ္တကောင်းမွန်ပြီး ထူးချွန်ထက်မြက်တဲ့ ကလေးတစ်ဦးဖြစ်စေဖို့ ရည်မှန်းထားပြီး အေးချမ်းစွာဘဝကို ဖြတ်သန်းနေဦးမယ့် ကိုသန်းထိုက်ကျော်က မိတ်ဆွေအငှားယာဉ်မောင်းသမားများအတွက်လည်း "ကိုယ်ချင်းစာစိတ်နဲ့ ရိုးသားမှုဟာ အလုပ်အကိုင်တွေကို အဆင်ပြေစေပါတယ်၊ ကျွန်တော်တို့ တက္ကစီယာဉ်မောင်းသမားတွေက လူပေါင်းစုံနဲ့ ဆက်ဆံရတဲ့အတွက် ပိုလို့တောင်ရိုးသားဖို့လိုပါတယ် "လို့ စကားလက်ဆောင်ပါးလိုက်ပါသေးတယ်။




ကိုသန်းထိုက်ကျော်



ခရီးသည်ကျန်ရစ်ခဲ့သော ရတနာပစ္စည်းများ

---

## မန္တလေးတိုင်းဒေသကြီး တရားလွှတ်တော်တရားသူကြီး အချုပ်ခန်းများစစ်ဆေး

**နေပြည်တော် အောက်တိုဘာ ၉**

မန္တလေးတိုင်းဒေသကြီး တရားလွှတ်တော် တရားသူကြီး ဒေါ်တင်နွယ်ဝင်းသည် အောက်တိုဘာ ၉ ရက် နံနက် ၉ နာရီက နေပြည်တော် ဇမ္ဗူသီရိမြို့နယ် အမှတ်(၁) မြို့မရဲစခန်းသို့ရောက်ရှိကာ ရဲစခန်း အချုပ်ခန်းနှင့် တရားခံများအား အသေးစိတ်ကြည့်ရှုစစ်ဆေးခဲ့သည်။ **(ယာပုံ)**

တိုင်းဒေသကြီးတရားလွှတ်တော် တရားသူကြီး ဒေါ်တင်နွယ်ဝင်းနှင့်အတူ ဒက္ခိဏခရိုင် တရားသူကြီး ဦးမြဒွေးကျော်၊ ဇမ္ဗူသီရိမြို့နယ် တရားသူကြီး ဦးဝင်းဦးတို့အဖွဲ့အား ဇမ္ဗူသီရိ မြို့နယ်ရဲတပ်ဖွဲ့မှူး ရဲမှူးဆန်းအောင်၊ အမှတ်(၁) မြို့မရဲစခန်းမှူး ဒုရဲမှူးမြင့်ဌေးတို့က ရဲစခန်း အချုပ်ခန်းနှင့် တရားခံများထားရှိပုံတို့ကို ရှင်းလင်းတင်ပြခဲ့ကြောင်း သိရသည်။

**မင်းမင်းလတ်(ရှုပဗေဒ)**



---

## ဝန်ကြီးချုပ်၏ဂုဏ်ပြုခံရသူအား ထပ်ဆင့်ဂုဏ်ပြု

**ရန်ကုန် အောက်တိုဘာ ၉**

ရန်ကုန်တိုင်းဒေသကြီးအတွင်း တရားဥပဒေစိုးမိုးရေးနှင့် မှုခင်းဖြစ်ပွားမှုများ လျော့နည်းစေရေးအတွက် ဆောင်ရွက်ခဲ့သော စီမံချက်တွင် မြန်မာနိုင်ငံ ရဲတပ်ဖွဲ့ဝင်များနှင့်အတူ တက်ကြွစွာ ပူးပေါင်းဆောင်ရွက်ခဲ့၍ တိုင်းဒေသကြီးဝန်ကြီးချုပ်၏ ဂုဏ်ပြုချီးမြှင့်ခြင်းခံရသည့် စမ်းချောင်းမြို့နယ် သီရိခေမာရပ်ကွက် အုပ်ချုပ်ရေးမှူး ဦးဇော်မြင့်လွင်အား ရပ်မိရပ်ဖများနှင့် ရပ်ကွက်ပြည်သူများက ထပ်ဆင့်ဂုဏ်ပြုပွဲကို အောက်တိုဘာ ၈ ရက်က ယင်းရပ်ကွက် ဗဟိုလမ်းရှိ တိုက်ကြီးဓမ္မာရုံ၌ ပြုလုပ်သည်။

အခမ်းအနားတွင် စမ်းချောင်းမြို့နယ် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန ဒုတိယအုပ်ချုပ်ရေးမှူး ဦးလှရွှေ၊ ရပ်မိရပ်ဖ ဦးဇော်လွင်ထွန်းနှင့် မြို့နယ်ရဲတပ်ဖွဲ့ ဒုတိယရဲမှူး သိန်းဝင်းတို့က ဂုဏ်ပြုစကားများ ပြောကြားကြသည်။

ထို့နောက် ရပ်မိရပ်ဖ ဦးတင်စိုးနှင့် ဦးအောင်သိန်းတို့က ဂုဏ်ပြုလက်ဆောင်များပေးခဲ့ပြီး ရပ်ကွက်အုပ်ချုပ်ရေးမှူး ဦးဇော်မြင့်လွင်က ကျေးဇူးတင်စကား ပြောကြားခဲ့သည်။

**ကိုကြီးတင်**

■ *ရှေ့ဖုံးမှ*

မြန်မာနိုင်ငံရဲတပ်ဖွဲ့ရဲချုပ်က လက်ရှိအခြေအနေအထိ သိရှိသမျှကို ရှင်းလင်းပြောကြားသွားမည်ဖြစ်ကြောင်း၊ သတင်းမီဒီယာများမေးမြန်းသည့် မေးခွန်းများကို ရဲချုပ်နှင့် သက်ဆိုင်ရာဌာနများမှ တာဝန်ရှိသူများက သိရှိသမျှ ဖြေကြားသွားမည်ဖြစ်ပါကြောင်း၊ မသိရှိရသေးသည့် အကြောင်းအရာအချို့နှင့် စပ်လျဉ်း၍လည်း သိရှိသည့်အချိန်တွင် ထုတ်ပြန်သွားမည်ဖြစ်ပြီး မေးမြန်းမှုများရှိလာပါက ဖြေကြားပေးသွားမည်ဖြစ်ပါကြောင်း ပြောကြားသည်။

မြန်မာနိုင်ငံရဲတပ်ဖွဲ့ရဲချုပ် ရဲချုပ် ဇော်ဝင်းက ရခိုင်ပြည်နယ်၊ မောင်တောခရိုင် အမှတ်(၁)နယ်ခြားစောင့် ရဲကွပ်ကဲမှုနယ်မြေအတွင်း ကျီးကန်းပြင်၊ ကိုးတန်ကောက်၊ ငါးခူရနယ်မြေစခန်းများတွင် အကြမ်းဖက်စီးနင်း တိုက်ခိုက်ခဲ့သည့်ဖြစ်စဉ်များအား ရှင်းလင်းတင်ပြသွားမည်ဖြစ်ပါကြောင်း၊ ပထမဦးစွာ ကျီးကန်းပြင်ဌာနချုပ်အား အကြမ်းဖက်စီးနင်း တိုက်ခိုက်ခံရသည့်ဖြစ်စဉ်အား ရှင်းလင်းတင်ပြသွားမည်ဖြစ်ပါကြောင်း၊

**ကျီးကန်းပြင်ဌာနချုပ်**
**အကြမ်းဖက်စီးနင်းတိုက်ခိုက်ခံရမှု**

၂၀၁၆ ခုနှစ်၊ အောက်တိုဘာ ၉ ရက် နံနက် ၁ နာရီခွဲခန့်တွင် မောင်တောမြို့နယ် ကျီးကန်းပြင်ကွပ်ကဲမှုဌာနချုပ်ဝင်း၊ ထွက် ဂိတ်(၁)ကင်းရုံအနီးသို့ အကြမ်းဖက်စီးနင်းတိုက်ခိုက်သူ ၁၀ ဦးခန့်မှ ချဉ်းကပ်ခဲ့ပြီး ပထမဦးစွာ ဂိတ်တာဝန်ကျ တပ်ဖွဲ့ဝင်တစ်ဦးအား ဓားဖြင့်စတင်ဝင်ရောက် ခုတ်ခဲ့သဖြင့် ကင်းရုံအတွင်းရှိ ရဲတပ်ဖွဲ့ဝင်ခြောက်ဦးက သေနတ်ဖြင့် ပြန်လည်ပစ်ခတ်ခဲ့ရာ ဌာနချုပ်ဝင်းရှေ့ ကားလမ်းမပေါ်တွင်ရှိသော အကြမ်းဖက်စီးနင်းတိုက်ခိုက်သူ ၁၀ ဦးခန့်မှာ ဆုတ်ခွာထွက်ပြေးသွားခဲ့ပါကြောင်း၊ အကြမ်းဖက်စီးနင်းတိုက်ခိုက်သူထံမှ လုပ်သေနတ်ပစ္စတိုတစ်လက်၊ ယင်းကျည်နှစ်တောင့်၊ ကျည်အိမ်တစ်ခုတို့ သိမ်းဆည်းရမိခဲ့ပါကြောင်း။

ဒုတိယနယ်ခြားစောင့်ရဲကွပ်ကဲမှုအဖွဲ့မှူးသည် ဖြစ်စဉ်ဖြစ်ပွားမှုအား သိရှိရသည်နှင့်တစ်ပြိုင်နက် ဖြစ်စဉ်နေရာသို့ စစ်ဆေးပြီးနောက် ပြန်လည်ထွက်ခွာစဉ် ဗဟိုကင်းဘက်မှ ၁ နာရီ မိနစ် ၅၀ ခန့်တွင် လက်နက်ငယ်သံများကြားသဖြင့် ဗဟိုကင်းလုံခြုံရေးအဖွဲ့နှင့် သွားရောက်ပူးပေါင်းကာ တပ်လှန့်အချက်ပေး သံချောင်းခေါက်၍ ဗဟိုကင်းအဖွဲ့နှင့်အတူ နေရာယူတိုက်ခိုက်ခဲ့ပါကြောင်း၊ အကြမ်းဖက်စီးနင်းတိုက်ခိုက်သူ ၉၀ ခန့်နှင့် မိမိတပ်ဖွဲ့ဝင်များသည် ၁ နာရီခန့်အကြာ အပြန်အလှန်တိုက်ခိုက်ခဲ့ပြီး ၎င်းတို့အဖွဲ့၏ အင်အား၊ မြေအနေအထား၊ သာလွန်ပစ်အားများကြောင့် ဗဟိုကင်းဝဲဘက်ဘေးတောင်ကုန်းသို့ ပြောင်းရွှေ့နေရာယူပြီး ပြန်လည်ပစ်ခတ်တိုက်ခိုက်ခဲ့ပါကြောင်း၊ ၎င်းနောက် အကြမ်းဖက်စီးနင်းတိုက်ခိုက်သူများသည် နံနက် ၄ နာရီ ခန့်တွင် ဆုတ်ခွာသွားခဲ့ပါကြောင်း။

ဖြစ်စဉ်ဖြစ်ပွားပြီးနောက် ပတ်ဝန်းကျင်လုံခြုံရေးကာကင်းများအား လိုက်လံရှင်းလင်းစစ်ဆေးခဲ့ရာ ဗဟိုကင်းအနောက်ဘက်ကုန်း အမှတ်(၄)တွင် ထားရှိသည့် ကာကင်းအဖွဲ့မှ တပ်ဖွဲ့ဝင်ငါးဦးအား သတ်ဖြတ်ခဲ့ပြီး တပ်ဖွဲ့ဝင်များ၏ လက်နက်များကို ယူဆောင်သွားခဲ့သည်ကို တွေ့ရှိရပါကြောင်း။

အထက်ပါဖြစ်စဉ်တွင် တပ်ဖွဲ့ဝင်ခြောက်ဦးကျဆုံး၊ နှစ်ဦးဒဏ်ရာရရှိ၍ လက်နက်မျိုးစုံ ၆၂ လက်နှင့် ကျည်မျိုးစုံ ၁၀၁၃၀ တောင့်၊ လုံ့စွပ်တစ်လက်၊ ကျည်အိမ် ၂၇ ခု ဆုံးရှုံးသွားခဲ့ပါကြောင်း၊

**ကိုးတန်ကောက်ကင်းစခန်း အကြမ်းဖက်စီးနင်း တိုက်ခိုက်ခံရမှု**

အောက်တိုဘာ ၉ ရက် နံနက် ၃ နာရီခွဲခန့်တွင် ရသေ့တောင်မြို့နယ် ကိုးတန်ကောက်ကင်းစခန်းအား အကြမ်းဖက်စီးနင်းတိုက်ခိုက်သူ အင်အား ၃၀ ခန့်က ကင်းစခန်းအနောက်ဘက် ခြံစည်းရိုးအားကျော်၍ ရုတ်တရက် ဝင်ရောက်လုံးထွေးကာ ဓား၊ လှံများဖြင့် ထိုးခုတ် တိုက်ခိုက်ခဲ့ပါကြောင်း၊ မိမိတပ်ဖွဲ့ဝင် ၁၀ ဦးက ပြန်လည် ပစ်ခတ်တိုက်ခိုက်ခဲ့မှုကြောင့် အကြမ်းဖက် စီးနင်းတိုက်ခိုက်သူတစ်ဦးအသေရမိ၍ အရှင်နှစ်ဦးဖမ်းဆီးရမိခဲ့ပြီး နံနက် ၃ နာရီ ၄၅ မိနစ်ခန့်တွင် အကြမ်းဖက်စီးနင်း တိုက်ခိုက်သူများ ဆုတ်ခွာသွားခဲ့ပါကြောင်း၊ မိမိဘက်မှတပ်ဖွဲ့ဝင်တစ်ဦးကျဆုံး၍ တပ်ဖွဲ့ဝင်နှစ်ဦး ဒဏ်ရာရရှိခဲ့ပြီး လက်နက်နှစ်လက် ဆုံးရှုံးခဲ့ပါကြောင်း။

**ငါးခူရနယ်မြေရုံး အကြမ်းဖက်စီးနင်းတိုက်ခိုက်ခံရမှု**

အကြမ်းဖက်စီးနင်းတိုက်ခိုက်သူများက ကျီးကန်းပြင်ဌာနချုပ်သို့ အကြမ်းဖက် စီးနင်းတိုက်ခိုက်ခံရမှုကြောင့် မောင်တောမြို့နယ် ငါးခူရနယ်မြေရုံးမှ နယ်မြေမှူးသည် အောက်တိုဘာ ၉ ရက် နံနက် ၃ နာရီခွဲခန့်တွင် တပ်ကူသွားရောက်ခဲ့ပါကြောင်း၊ နယ်မြေမှူး ကျီးကန်းပြင်ဌာနချုပ်သို့ရောက်ရှိချိန် နံနက် ၄ နာရီခွဲခန့်တွင် ငါးခူရနယ်မြေရုံးသို့ အကြမ်းဖက်စီးနင်းတိုက်ခိုက်သူ ၅၀ ခန့်မှ ဓား၊ လှံ၊ ဂျင်ဂလိများဖြင့် ဝင်ရောက်တိုက်ခိုက်ခဲ့ရာ မိမိဘက်မှ ပြန်လည်တိုက်ခိုက်မှုကြောင့် နံနက် ၅ နာရီ ၄၅ မိနစ်ခန့်တွင် အကြမ်းဖက်စီးနင်းတိုက်ခိုက်သူများ ပြန်လည်ဆုတ်ခွာသွားခဲ့ရပါကြောင်း။

ဖြစ်စဉ်တွင် အကြမ်းဖက်စီးနင်းတိုက်ခိုက်သူခုနစ်ဦး၏ အလောင်း ရရှိခဲ့ပြီး မိမိဘက်မှ တပ်ဖွဲ့ဝင် နှစ်ဦး ကျဆုံးကာ တပ်ဖွဲ့ဝင် တစ်ဦးပျောက်ဆုံး၍ တစ်ဦး(မစိုးရိမ်ရ) ဒဏ်ရာရရှိခဲ့ပါကြောင်း။

ဖြစ်စဉ်ဖြစ်ပွားပြီးနောက် တပ်မတော်စစ်ကြောင်းများ၊ နယ်ခြားစောင့်ရဲတပ်ဖွဲ့က ပူးပေါင်းဖြန့်ခွဲ၍ အကြမ်းဖက်စီးနင်းတိုက်ခိုက်သူများ ဆုတ်ခွာရာနောက်သို့ လိုက်လံရှင်းလင်းခြင်း၊ ပိတ်ဆို့ရှာဖွေရှင်းလင်းခြင်းများ ဆောင်ရွက်ရာ လက်နက်မျိုးစုံ ၁၃ လက်အား ဆုတ်ခွာရာ လမ်းကြောင်းများတွင် ပြန်လည် သိမ်းဆည်းရရှိခဲ့ပါ ကြောင်း။

ယခု ဖြစ်စဉ်တစ်ခုလုံးဖြင့် ကြည့်မယ်ဆိုရင် တပ်ဖွဲ့ဝင်အရာရှိတစ်ဦး၊ အခြားအဆင့် ရှစ်ဦး စုစုပေါင်းကိုးဦး ကျဆုံး၍ တပ်ဖွဲ့ဝင်အရာရှိ တစ်ဦး၊ အခြားအဆင့် လေးဦး စုစုပေါင်း ငါးဦး ဒဏ်ရာရပြီး တစ်ဦး ပျောက်ဆုံးလျက်ရှိပါ ကြောင်း။

လက်နက်မျိုးစုံ ၅၁ လက်၊ ကျည်မျိုးစုံ အတောင့် ၁၀၁၄၀၊ လုံ့စွပ်တစ်ခု၊ ကျည်အိမ် ၂၈ ခု ပျောက်ဆုံးခဲ့ပြီး ဝင်ရောက် စီးနင်း တိုက်ခိုက်သူ ရှစ်ဦး၏ အလောင်း ရရှိကာ နှစ်ဦးအရှင် ဖမ်းဆီးရမိခဲ့ပါကြောင်း၊ လုပ်သေနတ်ပစ္စတိုတစ်လက်၊ ယင်းကျည်နှစ်တောင့်၊ ကျည်အိမ်တစ်ခု သိမ်းဆည်းရမိခဲ့ပါကြောင်း။

ဖြစ်စဉ်နှင့်ပတ်သက်၍ပါ ဆုံးသွားသည့် လက်နက်ခဲယမ်းများ ပြန်လည်ရရှိရေး၊ ပြစ်မှုကျူးလွန်သူများအား ဖမ်းဆီးရမိအရေးယူနိုင်ရေး၊ နယ်မြေဒေသတည်ငြိမ်အေးချမ်းရေးနှင့် လုံခြုံရေးအတွက် တပ်အင်အားများ ဖြည့်တင်းပြီး နယ်မြေခံ တပ်မတော် စစ်ကြောင်းများနှင့်ပူးပေါင်း၍ နယ်မြေပိတ်ဆို့ ရှင်းလင်းရေးနှင့် လုံခြုံရေးကိစ္စရပ်များအား အရှိန်အဟုန်မြှင့် ဆောင်ရွက်လျက်ရှိကြောင်း ရှင်းလင်းတင်ပြသည်။

ထို့နောက် သတင်းထောက်များ၏ မေးမြန်းချက်များကို ပြည်ထောင်စုဝန်ကြီး ဒေါက်တာဖေမြင့်၊ ဒုတိယဝန်ကြီး ဦးကျော်တင်၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့ ရဲချုပ် ရဲချုပ် ဇော်ဝင်း၊ အလုပ်သမား၊ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန အမြဲတမ်းအတွင်းဝန် ဦးမြင့်ကြိုင်၊ သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန သာသနာတော် ထွန်းကားပြန့်ပွားရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးမိုးဇော်ရွှေနှင့် တာဝန်ရှိသူတို့က ဖြေကြားကြသည်။

**အတည်ပြုထုတ်ပြန်နိုင်ရေး ဆောင်ရွက်မည်**

ယခုကဲ့သို့ စခန်းများအား တစ်ချိန်တည်း တစ်ပြိုင်တည်း တိုက်ခိုက်ခံရမှုဖြစ်စဉ်တွင် အကြမ်းဖက် စီးနင်းတိုက်ခိုက်သူများသည် မည်သည့်အဖွဲ့အစည်းက ဆောင်ရွက်သည်ကို သိလိုကြောင်းနှင့် မည်သို့ဆက်လက်ဆောင်ရွက်နေသလဲ မေးခွန်းနှင့်စပ်လျဉ်း၍ မြန်မာနိုင်ငံရဲတပ်ဖွဲ့ရဲချုပ်က အကြမ်းဖက်စီးနင်းတိုက်ခိုက်သူ နှစ်ယောက်ကို ဖမ်းဆီးမိထားကြောင်း၊ စစ်မေးချက်များအပေါ်မူတည်ပြီး လိုအပ်သည့်အချိန်တွင် မည်သည့်အဖွဲ့က ဆောင်ရွက်သည်ကို အတည်ပြုထုတ်ပြန်နိုင်ရေး ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း။

*စာမျက်နှာ ၅ ကော်လံ ၁ သို့*



ရခိုင်ပြည်နယ် မောင်တောနှင့် ရသေ့တောင်မြို့နယ်တို့တွင် ဖြစ်ပွားခဲ့သည့် ဖြစ်စဉ်များနှင့်ပတ်သက်သည့် သတင်းစာရှင်းလင်းပွဲ ကျင်းပစဉ်




**အကြမ်းဖက်စီးနင်းတိုက်ခိုက်ခံရမှုကြောင့် မိမိဘက်မှ ဆုံးရှုံးမှု စာရင်း**

| စဉ် | အကြောင်းအရာ | တပ်ဖွဲ့ဝင် | | | လက်နက် (လက်) | ခဲယမ်း (တောင့်) | စကားပြောစက် (လုံး) |
|---|---|---|---|---|---|---|---|
| | | ရှိ | ခြား | ပေါင်း | | | |
| ၁ | ကျဆုံး | ၁ | ၈ | ၉ | - | - | - |
| ၂ | ဒဏ်ရာရရှိ | ၁ | ၃ | ၄ | - | - | - |
| ၃ | ပျောက်ဆုံး | - | ၁ | ၁ | - | - | - |
| ၄ | လက်နက် ဆုံးရှုံး | - | - | - | ၆၄ | ၁၀၁၄၀ | ၂ |
| ၅ | လက်နက် ပြန်လည်တွေ့ရှိ | - | - | - | ၁၃ | | |

**ရှင်းလင်းချက်။** လက်နက်မျိုးစုံ (၆၄)လက် ပါဆုံးခဲ့ပြီး (၁၃) လက်ပြန်လည်တွေ့ရှိခဲ့သဖြင့် (၅၁)လက် ဆုံးရှုံးပါသည်။

**အကြမ်းဖက် စီးနင်းတိုက်ခိုက်သူများထံမှ သိမ်းဆည်းရမိမှုစာရင်း**

| စဉ် | အကြောင်းအရာ | လူ | လက်နက် (လက်) | ကျည်အိမ် (ခု) | ခဲယမ်း (တောင့်) | မှတ်ချက် |
|---|---|---|---|---|---|---|
| ၁ | အသေရမိ | ၈ | | | | |
| ၂ | အရှင်ဖမ်းဆီးရမိ | ၂ | | | | |
| ၃ | လုပ်သေနတ် ပစ္စတို | | ၁ | ၁ | ၂ | |

*စာမျက်နှာ ၄ မှ*

ဖြစ်စဉ်အပေါ်မူတည်ပြီး လုံခြုံရေးနှင့်ပတ်သက်၍ စိုးရိမ်ပူပန်စရာများမရှိစေရန် တပ်မတော်နှင့် နယ်ခြားစောင့်ရဲတပ်ဖွဲ့ဝင်များ ပူးပေါင်းဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း၊ ရဟတ်ယာဉ်များဖြင့် တပ်များရွှေ့ပြောင်းပြီး ဆုတ်ခွာသွားနိုင်သည့်နေရာများကို ပိတ်ဆို့ရန် လိုက်လံရှင်းလင်းမှုများနှင့်အတူ လုံခြုံရေးများ ပိုမိုတိုးမြှင့်နိုင်ရေး စီစဉ်ဆောင်ရွက်လျက်ရှိပါကြောင်း ဖြေကြားသည်။

**စုံစမ်းစစ်ဆေးမှုများ ပြုလုပ်နေ**

တစ်ဖက်နိုင်ငံ အစိုးရနှင့်မည်သို့ ဆက်လက်ဆောင်ရွက်သွားမည်ကို သိလိုကြောင်းမေးခွန်း နှင့်စပ်လျဉ်း၍ နိုင်ငံခြားရေးဝန်ကြီး ဌာန ဒုတိယဝန်ကြီး ဦးကျော်တင်က မြန်မာနိုင်ငံရဲတပ်ဖွဲ့အနေဖြင့် တရား ဥပဒေနှင့်အညီ စုံစမ်းစစ်ဆေးမှုများ ပြုလုပ်နေပါကြောင်း၊ ပြည်သူ များ၊ ကာကွယ်ရေးဝန်ကြီးဌာနနှင့် ပူးပေါင်းပြီး နှိမ်နင်းမှု၊ စုံစမ်းမှုများ ဆောင်ရွက်နေပြီး အချက်အလက်များ အခြေခံခိုင်မာမှု ရှိ မရှိနှင့် အကြောင်းအချက်များ ခိုင်လုံမှုရှိ မည်ဆိုပါက ဘင်္ဂလားဒေ့ရှ်သံအမတ်ကြီးကို ခေါ်ယူပြီး ဆွေးနွေးပြောကြားရန်နှင့် ပါဝင်ပတ်သက်မှုမရှိပါကလည်း နယ်စပ်ဒေသတွင် အကြမ်းဖက်မှုများ ပေါ်ပေါက်နေခြင်းအား ၎င်းတို့၏ ကူညီပူးပေါင်းဆောင်ရွက်မှုများ လိုအပ်သည်ဆိုပါက ၎င်းတို့အားဖိတ်ကြား၍ လိုအပ်သည့် အကူအညီတောင်းခံနိုင်ရေး ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း၊ ယခုအချိန်တွင် လိုအပ်သည့် အခြေခံအချက်အလက်အကြောင်းအရင်းများ ခိုင်လုံအောင် စောင့်ဆိုင်းနေပါကြောင်း၊ မကြာမီတွင် ယခုကိစ္စနှင့်ပတ်သက်၍ ထိတွေ့ဆောင်ရွက်သွားရန်ရှိပါကြောင်း ဖြေကြားသည်။

**အနေအထားအမှန်များ သိရှိအောင်**

ရခိုင်ပြည်နယ်အတွင်းရှိ နှစ်ဖက်လူ့အဖွဲ့အစည်းများအကြား ပဋိပက္ခများ ဆက်လက်မဖြစ်ပွားအောင် အစိုးရအနေဖြင့် မည်သို့ဆောင်ရွက်နေသည်ကို သိလိုကြောင်းမေးခွန်းနှင့် စပ်လျဉ်း၍ ပြည်ထောင်စုဝန်ကြီး ဒေါက်တာ ဇော်မြင့်က ယနေ့ သတင်းစာရှင်းလင်းပွဲကို မြန်မြန်ဆန်ဆန် ကျင်းပရခြင်းသည် အမှန်တကယ်ဖြစ်ပျက်နေသည့် အနေအထားအမှန်များကို အများပြည်သူများသိရှိအောင်၊ မတူညီသော လူ့အဖွဲ့အစည်း အစုအဖွဲ့များကို အခြေအနေမှန်များသိရှိအောင် ရှင်းလင်းတင်ပြရခြင်းဖြစ်ပါကြောင်း၊ ကောလာဟလများကြောင့် ပဋိပက္ခများ ကြီးထွားလာသည့်အနေအထားများ မဖြစ်အောင် ထိန်းသိမ်းဆောင်ရွက်နိုင်မည်ဟု ယူဆပါကြောင်း၊ တိုင်းပြည် တည်ငြိမ်အေးချမ်းရေးသည် အင်မတန် အရေးကြီးပါကြောင်း၊ တည်ငြိမ်အေးချမ်းရေးသည် တိုင်းပြည်အတွက် အရေးကြီးသည့် အခြေခံအဆောက်အအုံ တစ်ခုဖြစ်ပါကြောင်း၊ အခြေခံအဆောက်အအုံခိုင်မာရန်၊ တည်ငြိမ်အေးချမ်းရန် ဆောင်ရွက်သည့်နေရာတွင် ပြည်သူအားလုံးက တည်တည်ငြိမ်ငြိမ်နှင့် ဝိုင်းဝန်းပူးပေါင်းကူညီပေးမည်ဟု မျှော်လင့်ပါကြောင်း ဖြေကြားသည်။

**လုံခြုံရေးအစီအမံများ ဆောင်ရွက်ရန်ရှိ**

ယခုကဲ့သို့နေရာမျိုးတွင် မည်သည့်အတွက်ကြောင့် လုံခြုံရေးနည်းပါးစွာ ချထားသလဲဆိုသည့် မေးခွန်းနှင့်စပ်လျဉ်း၍ မြန်မာနိုင်ငံရဲတပ်ဖွဲ့ရဲချုပ်က လုံခြုံရေးအင်အားကို ပြန်ကြည့်လျှင် တိုင်းဒေသကြီးနှင့် ပြည်နယ်များအားလုံးတွင် ရှိသည့်အင်အားနှင့် နှိုင်းယှဉ်ပါက ရခိုင်ပြည်နယ်တွင် အင်အားအများဆုံးရှိစေရန် ဆောင်ရွက်ပေးထားပါကြောင်း၊ ရခိုင်ပြည်နယ်အား အထူးအလေးထားပြီး ဆောင်ရွက်ပေးထားခြင်းဖြစ်ပါကြောင်း၊ စစ်ရေးအရကြည့်မည်ဆိုပါက လုံလောက်သည့်အင်အားရှိရန်လိုသည်ကို တွေ့ရပါကြောင်း၊ အရေးကြီးနေရာသတ်မှတ်ပြီး အများဆုံးအင်အားဖြည့်ပေးထားသည့် ပြည်နယ်တစ်ခုလည်း ဖြစ်ပါကြောင်း၊ ကာကွယ်ရေးဝန်ကြီးဌာနနှင့် ပြည်ထဲရေးဝန်ကြီးဌာနပေါင်းစပ်၍ ပိုမိုကောင်းမွန်သည့် လုံခြုံရေးအစီအမံများ ဆောင်ရွက်သွားရန် ရှိပါကြောင်း၊ ရဟတ်ယာဉ်များ အသုံးပြု၍ တပ်ပြောင်းရွှေ့မှုများနှင့်အတူ လုံခြုံရေးတိုးမြှင့်ဆောင်ရွက်နေပါကြောင်း ဖြေကြားသည်။

**တပ်မတော်စစ်ကြောင်း စစ်ဆင်ရေးနယ်မြေ၌အခြေပြု**

နယ်စပ် အဝင်၊ အထွက် အရေးကြီးသည့် နေရာများ၌ တပ်လုံခြုံရေး အနီးကပ်ချထားခြင်း ရှိ၊ မရှိ မေးခွန်းနှင့် စပ်လျဉ်း၍ မြန်မာနိုင်ငံရဲတပ်ဖွဲ့ရဲချုပ်က ဧရိယာခွဲခြားမှုအရ စစ်ဆင်ရေးနယ်မြေနှင့် လုံခြုံရေးနှင့် တရားဥပဒေစိုးမိုးရေး နယ်မြေဟူ၍ ခွဲခြားထားပါကြောင်း၊ တပ်မတော်စစ်ကြောင်းများအနေဖြင့် စစ်ဆင်ရေးနယ်မြေ၌သာ အခြေပြုကြပါကြောင်း၊ လုံခြုံရေးနှင့် တရားဥပဒေစိုးမိုးရေးနယ်မြေများတွင် တပ်မတော်မှ ပုံမှန်အခြေပြုထားခြင်း မရှိပါကြောင်း ဖြေကြားသည်။

**ပုဒ်မ ၁၄၄ မောင်တောခရိုင်ထုတ်ပြန်**

မောင်တောနယ်မြေအပါအဝင် အခြားနယ်မြေများတွင် ပုဒ်မ ၁၄၄ ထုတ်ပြန်ထားမှုနှင့် စပ်လျဉ်း၍ အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနမှ ညွှန်ကြားရေးမှူး ဦးရဲနိုင်က ပုဒ်မ ၁၄၄ ကို မောင်တောခရိုင်တစ်ခုလုံး ထုတ်ပြန်ထားပါကြောင်း၊ ဘူးသီးတောင်မြို့နယ်၊ မောင်တောမြို့နယ်နှင့် ခရိုင်ဧရိယာတစ်ခုလုံး ပါဝင်ကြောင်း ဖြေကြားသည်။

**သတင်းရယူမှု အားနည်းသည်ဟု သုံးသပ်**

သတင်းရယူမှု အားနည်းသည်ဆိုသည့် ကိစ္စရပ်နှင့် စပ်လျဉ်း၍ မြန်မာနိုင်ငံရဲတပ်ဖွဲ့ရဲချုပ်က နယ်မြေ ရဲတပ်ဖွဲ့ဝင်များ၏ သတင်းရယူမှုများရှိပါကြောင်း၊ လူမှုအဖွဲ့အစည်းများနှင့် ပူးပေါင်း၍လည်း သတင်းရယူလျက်ရှိပါကြောင်း၊ သတင်းတပ်ဖွဲ့၏ သတင်းရယူမှုများလည်း ရှိပါကြောင်း၊ သို့သော် ယခုကိစ္စရပ်တွင် သတင်းရယူမှုအပိုင်း၌ အတည်ပြု၍ရသည့် သတင်းဖြစ်ရန် မပြုလုပ်နိုင်သည့်အတွက် သတင်းရယူမှု အားနည်းသည်ဟု သုံးသပ်ရမည်ဖြစ်ကြောင်း ဖြေကြားသည်။

**လူဝင်မှုကြီးကြပ်ရေးလုပ်ငန်းများ ဆောင်ရွက်လျက်ရှိ**

ရခိုင်ပြည်နယ်တွင် လူဝင် လူထွက်များကို မည်သို့ ဆောင်ရွက်နေသလဲ မေးခွန်းနှင့် စပ်လျဉ်း၍ အမြဲတမ်းအတွင်းဝန် ဦးမြင့်ကြိုင်က ရခိုင်ပြည်နယ် နယ်စပ်ဒေသတွင် လူဝင်မှုကြီးကြပ်ရေး အမှတ်(၄) ဌာနခွဲကို ထားရှိပါကြောင်း၊ ယင်းဌာနခွဲတွင် ဝန်ထမ်းအင်အား ၂၅၂ ဦးရှိပါကြောင်း၊ လက်ရှိတိုက်ပွဲဖြစ်ပွားခဲ့သည့်နေရာတွင် လူဝင်မှုကြီးကြပ်ရေးဝန်ထမ်း ၃၀ ရှိပါကြောင်း၊ ကျန်နေရာများတွင် နယ်မြေရုံး ၁၁ ခုနှင့် စခန်း ၂၆ ခု အင်အား ဖြန့်ခွဲပြီး လူဝင်မှုကြီးကြပ်ရေးလုပ်ငန်းများ ကို ဆောင်ရွက်လျက်ရှိပါကြောင်း။

**တင်းတင်းကျပ်ကျပ် ဆောင်ရွက်မည်**

ယခုဖြစ်စဉ်ကို သုံးသပ်ပါက ယခုတိုက်ခိုက်သူများမှာ အလစ်အငိုက်ဆောင်ရွက်ပြီး လူမမြင်သည့်နေရာ၊ လူမတွေ့နိုင်သည့်အချိန်တွင် ဝင်ရောက်လာသည်ဟု ယူဆပါကြောင်း၊ လူဝင်လူထွက်ကိစ္စရပ်များကိုလည်း လူဝင်မှုကြီးကြပ်ရေးဝန်ထမ်းများအနေဖြင့် နယ်စပ်ဒေသမှာရှိသည့် ရဲတပ်ဖွဲ့ဝင်များနှင့်လည်းပူးပေါင်းပြီး ပိုမိုတင်းတင်းကျပ်ကျပ် ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း ဖြေကြားသည်။

**အကြမ်းဖက်သဘောသဘာဝမှာ ဆက်နွယ်မှုများရှိ**

ယခုတိုက်ခိုက်မှု၏ ရည်ရွယ်ချက်မှာ မည်သို့ ဖြစ်နိုင်သလဲ၊ တိုက်ခိုက်သူများမှာ ရွာများထဲ၌ ကိုယ်ရောင်ဖျောက်နေနိုင်သည့်အတွက် လိုက်လံရှာဖွေသည့်အခါတွင် ဒေသခံများနှင့် ပဋိပက္ခမဖြစ်အောင် မည်သို့ဆောင်ရွက်သွားမလဲဆိုသည့် မေးခွန်းနှင့် စပ်လျဉ်း၍ မြန်မာနိုင်ငံရဲတပ်ဖွဲ့ ရဲချုပ်က ယခုဖြစ်စဉ်၏ ဖြစ်နိုင်ခြေများမှာ အမျိုးမျိုးရှိနိုင်ပါကြောင်း၊ လတ်တလော စက်တင်ဘာလက မောင်တောဒေသတွင် စိတ်ကြွဆေးပြားသိန်း ၆၀ ခန့် ဖမ်းဆီးရမိခဲ့ပါကြောင်း၊ မိမိတို့တာဝန်ထမ်းဆောင်သည့်ကာလတွင် မောင်တောဒေသ၌ အများဆုံး ဖမ်းမိခြင်းဖြစ်ပါကြောင်း၊ အကြမ်းဖက်၏ သဘောသဘာဝမှာ ဆက်နွယ်မှုများ အများကြီးရှိနိုင်ပါကြောင်း၊ စီးပွားရေးနှင့်လည်း ဆက်နွယ်နိုင်ပါကြောင်း၊ ယင်းကိစ္စနှင့် စပ်လျဉ်းပြီး နစ်နာသူများကလည်း ဆောင်ရွက်နိုင်သည်ဟု စဉ်းစားစရာရှိပါကြောင်း၊ ကျူးလွန်သူများကို ရအောင်ဖမ်းဆီးသွားမည်ဖြစ်ကြောင်း၊ ယင်းနောက် တရားဥပဒေနှင့်အညီ ရင်ဆိုင်ခိုင်းမည်ဖြစ်ကြောင်း၊ ယင်းသို့ ဆောင်ရွက်နိုင်ရန် မြန်မာနိုင်ငံရဲတပ်ဖွဲ့သာမက အုပ်ချုပ်ရေးအဖွဲ့အစည်းများ၊ နှစ်ဖက်အဖွဲ့အစည်းများမှ ခေါင်းဆောင်များ၊ ဘာသာရေးခေါင်းဆောင်များ အားလုံးပေါင်းစပ်ပြီး ဥပဒေနှင့်အညီ ရင်ဆိုင်လာအောင် ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း ဖြေကြားသည်။

**တရားဥပဒေနှင့်အညီ တုံ့ပြန်ရန်လို**

အဆိုပါမေးခွန်းနှင့်စပ်လျဉ်း၍ ဒုတိယဝန်ကြီး ဦးကျော်တင်က အစိုးရသစ်အနေဖြင့် ရခိုင်ပြည်နယ်ရှိ အုပ်စုနှစ်စုအကြား တင်းမာမှုများလျော့နည်းပြီး နားလည်မှု၊ ယုံကြည်မှုများ တစ်စတစ်စ ဖြစ်ပေါ်စေရန်ရှိစေရန် ကြိုးပမ်းဆောင်ရွက်မှုများ ပြုလုပ်လျက်ရှိပါကြောင်း၊ ယခု ဖြစ်စဉ်အချိန်ကို သုံးသပ်ပါက ကုလသမဂ္ဂ အထွေထွေညီလာခံတွင် လူ့အခွင့်အရေးကိစ္စရပ်များ စဉ်းစားသည့် တတိယကော်မတီ အစည်းအဝေး စတင်ခါစအချိန်နှင့် တိုက်ဆိုင်နေကြောင်း၊ မိမိတို့နိုင်ငံအား အမေရိကန်ပြည်ထောင်စုမှ နောက်ဆုံးကျန်နေသည့် ကန့်သတ်ပိတ်ဆို့မှုများ လျှော့ချပေးခဲ့ကြောင်း၊ တတိယကော်မတီတွင်လည်း လူ့အခွင့်အရေးနှင့်ပတ်သက်၍ EU ကလည်း အဆိုမူကြမ်း တင်သွင်းခြင်းမလုပ်တော့ဘူးဟူ၍ ကြေညာထားတာရှိကြောင်း၊ ယခုလို အနေအထားမျိုးတွင် နိုင်ငံတကာမှ ယခင်ကအာရုံစိုက်နေသည့် ရခိုင်ပြည်နယ်နှင့်ပတ်သက်၍ ဒီကိစ္စအရေးကို မြှင့်တင်နေသည့် သူများကလည်း နိုင်ငံတကာ အာရုံစိုက်မှုရအောင် ယခုကိစ္စမျိုးကို လုပ်လာခြင်းမျိုးဖြစ်ကောင်းဖြစ်နိုင်ကြောင်း၊ ဖြစ်ချင်မှလည်း ဖြစ်နိုင်ကြောင်း၊ ယခုကဲ့သို့ အနေအထားမျိုးတွင် ပြဿနာအား ပြည်သူလူထု၏တုံ့ပြန်မှု၊ တခြား ပြန်လည်တုံ့ပြန်မှု၊ အစိုးရ၏ ဆောင်ရွက်တုံ့ပြန်မှုများသည် တရားဥပဒေနှင့်အညီ တုံ့ပြန်ရန်လိုကြောင်း၊ ယင်းကိစ္စနှင့် စပ်လျဉ်းပြီး ပြည်သူများအနေဖြင့် အကြမ်းဖက်မှုမျိုးဖြင့် တုံ့ပြန်လိုက်ပါက နိုင်ငံတကာမှ အာရုံစိုက်လာပြီး မိမိတို့အပြစ် ဖြစ်သွားနိုင်ပါကြောင်း။

**ရခိုင်ကိစ္စကို အာရုံစိုက်**

ယခုကိစ္စမျိုးသည် အထူးဂရုပြုရန် လိုအပ်ပါကြောင်း ယခုကိစ္စမှာ နိုင်ငံတကာအခြေအနေနှင့် ကုလသမဂ္ဂ၌ လူ့အခွင့်အရေးအစီရင်ခံစာ တင်သွင်းနေသည့် အချိန်မျိုးတွင် ရခိုင်ကိစ္စကို အာရုံစိုက်ခြင်းမျိုး ဖြစ်ကောင်းဖြစ်လာစေရန် ဆောင်ရွက်ခြင်းမျိုးလည်း ဖြစ်နိုင်သည်ဟု သုံးသပ်မိပါကြောင်း၊ တရားဥပဒေနှင့်အညီ တုံ့ပြန်ကြရန်လိုအပ်ကြောင်း ပြောကြားသည်။

ယခုဖြစ်စဉ်နှင့်စပ်လျဉ်း၍ အစိုးရအနေဖြင့် နိုင်ငံတကာကို မည်သို့ ပြန်လည်ဖြေရှင်းဆောင်ရွက်မလဲမေးခွန်းနှင့် သံတမန်ဆက်ဆံရေးအရ မည်သို့ဆောင်ရွက်နေ သလဲမေးခွန်းတို့အား နိုင်ငံခြားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးကျော်တင်က ဖြေကြားရာတွင် ယခုကိစ္စနှင့် စပ်လျဉ်းပြီး တရားဥပဒေနှင့်အညီ ဆောင်ရွက်သွားရန် လေးလေးနက်နက် မှာကြားလိုပါကြောင်း၊ ယခုကိစ္စမှာ စုံစမ်းစစ်ဆေးမှုများ ရုပ်လုံးပေါ်လာပါက အသိပေးပြောကြားမှုများ ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း၊ လူ့အခွင့်အရေး တတိယကော်မတီဆိုတာ ရှိပါကြောင်း၊ မြန်မာနိုင်ငံ၏ လူ့အခွင့်အရေး အစီရင်ခံစာ တင်သွင်းရန်ရှိပါကြောင်း၊ အောက်တိုဘာလထဲတွင် ကျင်းပမည့် ကုလသမဂ္ဂတွင် မိန့်ခွန်းပြောကြားရာတွင် ယခုကိစ္စမျိုးကို ထည့်သွင်းပြောကြားသွားမည် ဖြစ်ပါကြောင်း၊

**ဘင်္ဂလားဒေ့ရှ်သံရုံးနှင့် ထိတွေ့ဆက်ဆံ**

ယခုဖြစ်စဉ်နှင့်စပ်လျဉ်းပြီး ဘင်္ဂလားဒေ့ရှ်သံရုံးနှင့် ထိတွေ့ဆက်ဆံပြီး လိုအပ်လျှင် အကူအညီရရန်၊ တိုင်ပင်ဆွေးနွေးညှိနှိုင်းဆက်သွယ်ရန် လမ်းညွှန်မှုရရှိထားပြီးဖြစ်ပါကြောင်း ဖြေကြားသည်။ **(သတင်းစဉ်)**

# ကမ္ဘောဇဘဏ်လီမိတက်၏ ဒုတိယမြောက် နိုင်ငံတကာဘဏ်ကိုယ်စားလှယ်ရုံးကို စင်ကာပူနိုင်ငံတွင် စတင်ဖွင့်

**နေပြည်တော် အောက်တိုဘာ ၉**

ကမ္ဘောဇဘဏ်လီမိတက်၏ စင်ကာပူနိုင်ငံ နိုင်ငံတကာဘဏ်ကိုယ်စားလှယ်ရုံး ဖွင့်ပွဲအခမ်းအနားကို စင်ကာပူနိုင်ငံ The Fullerton Singapore Hotel တွင် အောက်တိုဘာ ၆ ရက် ညနေပိုင်းက ကျင်းပရာအခမ်းအနားသို့ စင်ကာပူနိုင်ငံဆိုင်ရာ မြန်မာသံအမတ်ကြီး ဦးဒွေးအောင်၊ စင်ကာပူငွေကြေးအာဏာပိုင်အဖွဲ့ (Monetary Authority of Singapore -MAS)မှ တာဝန်ရှိသူများ၊ ကမ္ဘောဇဘဏ်လီမိတက်ဥက္ကဋ္ဌ ဦးအောင်ကိုဝင်း၊ မြန်မာနိုင်ငံကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များ အသင်းချုပ်ဥက္ကဋ္ဌ ဦးဝင်းအောင်၊ စင်ကာပူနိုင်ငံ ဘဏ်များအသင်း (Association of Banks in Singapore - ABS) အထွေထွေအတွင်းရေးမှူး Ms.Ong-Ang Ai Boon ကမ္ဘောဇဘဏ် အမှုဆောင်ဒါရိုက်တာများဖြစ်ကြသော ဒေါ်နန်းလိုင်းခမ်းနှင့် ဒေါ်နန်းခမ်းနောင့်၊ ကမ္ဘောဇဘဏ်လီမိတက်မှ ထိပ်တန်းအရာရှိကြီးများ စင်ကာပူနိုင်ငံရှိဘဏ်များ၊ နိုင်ငံတကာဘဏ်များနှင့် စီးပွားရေးအဖွဲ့အစည်းများမှ အကြီးအကဲများနှင့် ဧည့်သည်တော်များ တက်ရောက်ချီးမြှင့်ခဲ့ကြသည်။




ကမ္ဘောဇဘဏ်လီမိတက်၏ ဒုတိယမြောက် နိုင်ငံတကာဘဏ်ကိုယ်စားလှယ်ရုံးကို စင်ကာပူနိုင်ငံတွင် ဖွင့်လှစ်စဉ်

ရှေးဦးစွာ ကမ္ဘောဇဘဏ်လီမိတက် အမှုဆောင်ဒါရိုက်တာ ဒေါ်နန်းခမ်းနောင့်က အမှာစကားပြောကြားပြီး စင်ကာပူနိုင်ငံဆိုင်ရာ မြန်မာသံအမတ်ကြီး ဦးဒွေးအောင်၊ စင်ကာပူနိုင်ငံဘဏ်များအသင်း အထွေထွေအတွင်းရေးမှူးနှင့် မြန်မာနိုင်ငံကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များ အသင်းချုပ်ဥက္ကဋ္ဌ ဦးဝင်းအောင်တို့က ဂုဏ်ပြုအမှာစကားများ အသီးသီးပြောကြားကြပြီး ဂုဏ်ပြုညစာဖြင့် တည်ခင်းဧည့်ခံသည်။

"အခုဖွင့်လှစ်တဲ့ နိုင်ငံတကာဘဏ်ကိုယ်စားလှယ်ရုံးက ကျွန်တော်တို့ ကမ္ဘောဇဘဏ်ရဲ့ နိုင်ငံခြားတိုင်းပြည်တွေမှာ ဒုတိယမြောက်ဖွင့်လှစ်တဲ့ နိုင်ငံတကာဘဏ် ကိုယ်စားလှယ်ရုံးပါ။ မြန်မာနိုင်ငံမှာ နိုင်ငံတကာရင်းနှီးမြှုပ်နှံမှုတွေ ပိုမိုဝင်ရောက်လာဖို့ ရည်ရွယ်ထားပါတယ်။ ဒါ့အပြင် အခုလို ဖွင့်လှစ်နိုင်တဲ့အတွက် စင်ကာပူနဲ့ နိုင်ငံတကာက ဘဏ်တွေ၊ စီးပွားရေးအဖွဲ့အစည်းတွေနဲ့ ပိုမိုနီးကပ်စွာ ပူးပေါင်းဆောင်ရွက်နိုင်မယ်လို့ ယုံကြည်ပါတယ်။ ကမ္ဘောဇဘဏ်အနေနဲ့ နိုင်ငံတော်ရဲ့ စီးပွားရေးဖွံ့ဖြိုးတိုးတက်ရေးအတွက် အုတ်တစ်ချပ်၊ သဲတစ်ပွင့်အဖြစ် ပါဝင်ပံ့ပိုးဆောင်ရွက်ခွင့်ရတဲ့အတွက်လည်း အတိုင်းထက်အလွန် အထူးဂုဏ်ယူဝမ်းမြောက်မိပါတယ်"ဟု ကမ္ဘောဇကုမ္ပဏီများအုပ်စု အကြီးတန်းအုပ်ချုပ်မှု ဒါရိုက်တာ ဦးညိုမြင့်က ပြောကြားသည်။

ကမ္ဘောဇဘဏ်သည် ဘဏ်ခွဲပေါင်း ၄၂၀ ကျော်၊ ဝန်ထမ်းပေါင်း ၁၇၀၀၀ ကျော်ဖြင့် ခေတ်မီဘဏ်လုပ်ငန်းဝန်ဆောင်မှုများကို ဆောင်ရွက်လျက်ရှိပြီး IT နည်းပညာပိုင်းဆိုင်ရာ ရင်းနှီးမြှုပ်နှံမှုများ တိုးမြှင့်ဆောင်ရွက်ခြင်း၊ New Product များ တိုးချဲ့ဆောင်ရွက်ခြင်း၊ နိုင်ငံတကာဘဏ်များနှင့် ကျယ်ပြန့်စွာ ချိတ်ဆက်ဆောင်ရွက်ခြင်းတို့ကို အရှိန်အဟုန်ဖြင့် လုပ်ဆောင်လျက်ရှိနေသကဲ့သို့ နိုင်ငံတော်အခွန်ဘဏ္ဍာ တာဝန်များကိုလည်း ပထမနေရာမှ လေးနှစ်ဆက်ဝင်ငွေခွန်အများဆုံး ထမ်းဆောင်ထားပြီး နှစ်အလိုက် ကြိုတင်ခွန်များကိုလည်း ပေးဆောင်ထားကြောင်း၊ ကမ္ဘောဇအနာဂတ်အလင်းတန်း မြန်မာဖောင်ဒေးရှင်း (BFM) အနေဖြင့် ၂၀၀၇ ခုနှစ်မှ ယနေ့အထိ ကျန်းမာရေး၊ ပညာရေး၊ လူမှုရေး၊ ဖွံ့ဖြိုးတိုးတက်ရေးနှင့် နိုင်ငံတော်အတွင်း ကျရောက်သောသဘာဝဘေးအန္တရာယ်များ ကာကွယ်တားဆီးရေး၊ ကယ်ဆယ်ရေးနှင့် ပြန်လည်ထူထောင်ရေးဆိုင်ရာ လုပ်ငန်းများအတွက် အမေရိကန်ဒေါ်လာ ၁၀၉ သန်းကျော် လျာထားကြောင်း သိရသည်။

ယခုကဲ့သို့ စင်ကာပူနိုင်ငံတွင် နိုင်ငံတကာဘဏ်ကိုယ်စားလှယ်ရုံး ဖွင့်လှစ်နိုင်ရန်အတွက် ကမ္ဘောဇဘဏ်သည် စင်ကာပူနိုင်ငံ ငွေကြေးအာဏာပိုင်အဖွဲ့ (MAS) နှင့် ပူးပေါင်းဆောင်ရွက်ခဲ့ပြီး ၂၀၁၆ ခုနှစ် ဇွန် ၁၅ ရက်တွင် တရားဝင်ဖွင့်လှစ်ခွင့် လိုင်စင်ရရှိခဲ့ခြင်းဖြစ်သည်။ ယခုကဲ့သို့ ဖွင့်လှစ်နိုင်ခြင်းမှာ ကမ္ဘောဇဘဏ်လီမိတက်၏ ငွေကြေးနှင့် လုပ်ငန်းတောင့်တင်းခိုင်မာမှု၊ ဘဏ်လုပ်ငန်းဆိုင်ရာ စွမ်းဆောင်ရည်သာလွန်အောင်မြင်မှု၊ နိုင်ငံတကာစံချိန်စံညွှန်းများနှင့် ကိုက်ညီမှု၊ နိုင်ငံတကာဘဏ်များနှင့် ချိတ်ဆက်၍ နိုင်ငံခြားဘဏ်လုပ်ငန်းဆိုင်ရာ ဝန်ဆောင်မှုများ အောင်မြင်စွာတိုးတက်ဆောင်ရွက်နိုင်မှု၊ ယုံကြည်စိတ်ချရမှု၊ စီမံအုပ်ချုပ်မှုကောင်းမွန်မှုနှင့် Corporate Governance ပြည့်စုံမှု စသည်တို့ကြောင့်ဖြစ်ကြောင်း သိရှိရသည်။ ထို့အပြင် ကမ္ဘောဇဘဏ်၏ တတိယမြောက် နိုင်ငံတကာဘဏ် ကိုယ်စားလှယ်ရုံးကို မလေးရှားနိုင်ငံတွင် ဖွင့်လှစ်ရန် စက်တင်ဘာ ၂၇ ရက်က မလေးရှားနိုင်ငံဗဟိုဘဏ်၏ ခွင့်ပြုချက်ရရှိထားပြီး ဖြစ်ကြောင်း သိရသည်။

**သဲနိုင်ဦး (မြန်မာစာ)**

# လျှပ်တစ်ပြက် ပိုးလမ်းမ ဒိုင်ယာရီ

## သပြေ

***ယမန်နေ့မှအဆက်***

**တရုတ်-ယူရေးရှား ကုန်စည်ပြပွဲ**

ပိုးလမ်းမကြီးတစ်လျှောက်ရှိနိုင်ငံများ အတူတကွ ဖွံ့ဖြိုးတိုးတက်ရေး၊ မျှဝေခံစားရေးအတွက် အခွင့်အလမ်းနှင့် အနာဂတ် (Mutual Discussion, Joint Development and Sharing Silk Road :Opportunities and Future) ခေါင်းစဉ်ဖြင့် ကျင်းပသော ပဉ္စမအကြိမ် တရုတ်-ယူရေးရှားကုန်စည်ပြပွဲ (The 5th China - Eurasia Expo) ဖွင့်ပွဲအခမ်းအနားကို စက်တင်ဘာလ ၂၀ ရက်နေ့ နံနက်ပိုင်း တွင် အုရုံမူချီမြို့ရှိ အပြည်ပြည်ဆိုင်ရာ ကွန်ဗင်းရှင်းစင်တာ တွင် ကျင်းပသည်။

ကုန်စည်ပြပွဲကို စက်တင်ဘာလ ၂၂ ရက်နေ့မှ ၂၅ ရက်နေ့အထိ ဆက်လက်ကျင်းပခဲ့ပြီး နိုင်ငံပေါင်း ၅၇ နိုင်ငံမှ ကုမ္ပဏီ ပေါင်း ၂၁၉၂ တို့မှ ရင်းနှီးမြှုပ်နှံမှုနှင့် ပူးပေါင်းဆောင်ရွက်မှုလုပ်ငန်း၊ ချည်မျှင်နှင့် အထည်လုပ်ငန်း၊ စိုက်ပျိုးရေး၊ စပျစ်ဝိုင်နှင့် စားသောက်ကုန်လုပ်ငန်း၊ လူသုံးကုန်နှင့် အိမ်ဆောင်ပစ္စည်းထုတ်လုပ်မှုလုပ်ငန်း၊ ကျောက်မျက်ရတနာလုပ်ငန်း၊ စက်ပစ္စည်းနှင့် မော်တော်ကားထုတ်လုပ်မှုလုပ်ငန်း၊ စီမံခန့်ခွဲမှုနှင့် ဝန်ဆောင်မှုလုပ်ငန်း စသည်တို့မှ ထွက်ကုန်ပစ္စည်းများကို ခင်းကျင်းပြသရောင်းချခဲ့ခြင်းဖြစ်ပါသည်။

တရုတ်-ယူရေးရှား ကုန်စည်ပြပွဲများကို ၂၀၁၂ ခုနှစ်မှ စတင်၍နှစ်စဉ်ကျင်းပခဲ့ရာ ၂၀၁၅ ခုနှစ်တွင်ပြုလုပ်ခဲ့သောပြပွဲ၌ တရုတ်နိုင်ငံမှ ကုမ္ပဏီများနှင့် နိုင်ငံတကာမှ ကုန်စည်ပြပွဲ တက်ရောက်သူများကြား အမေရိကန်ဒေါ်လာ ခြောက်ဘီလီယံကျော်တန်ဖိုးရှိ ကုန်သွယ်ရေးဆိုင်ရာစာချုပ်များ ချုပ်ဆိုနိုင်ခဲ့ပြီး ယခုကျင်းပခဲ့သည့် ကုန်စည်ပြပွဲတွင်လည်း နိုင်ငံတကာမှ ကုန်သည် ၃၅၀၀ ခန့် တက်ရောက်ခဲ့ကြရာ အလားတူ စာချုပ်များ ချုပ်ဆိုနိုင်ခဲ့ကြောင်း သိရသည်။

**ရှေးဟောင်းယဉ်ကျေးမှု သုတေသနပြတိုက်**

စက်တင်ဘာလ ၂၀ ရက်နေ့ နံနက်ပိုင်းတွင် အုရုံမူချီမြို့၌ ထင်ရှားကျော်ကြားပြီး လေ့လာသူများစွာဖြင့် စည်ကားလျက်ရှိသည့် ရှင်းကျန့်ရှေးဟောင်းယဉ်ကျေးမှု အမွေအနှစ်သုတေသနပြတိုက်သို့ သွားရောက်ခဲ့ကြသည်။ ပြတိုက်ကြီးကို ၁၉၅၉ ခုနှစ်ကတည်းက နွေဦးကာလတွင် တည်ဆောက်ခဲ့ပြီး ရှင်းကျန့် - ဝီဂါဒေသသမိုင်းအမွေအနှစ်နှင့်ပတ်သက်သော ပစ္စည်းများနှင့် ရိုးရာအသုံးအဆောင်ပစ္စည်းများကိုအခြေခံခွဲခြားပြီး အဓိကအပိုင်းနှစ်ခုဖြင့် ပြသထားသည်။ ရှေးဟောင်းယဉ်ကျေးမှုအမွေအနှစ် ပစ္စည်းအမျိုးအမည် ၃၂၀၀ ခန့် ခင်းကျင်းပြသထားရှိရာ ယင်းအနက် အမျိုးအမည် ၂၈၈ ခုမှာ ရှားပါးပြီး တန်ဖိုးမဖြတ်နိုင်သည့် ရှေးဟောင်းယဉ်ကျေးမှု အမွေအနှစ်များဖြစ်ကြောင်းသိရသည်။ ၎င်းတို့မှာ ရှေးဟောင်း ပိုးလမ်းမကြီးနှင့် ဒေသဆိုင်ရာ ရိုးရာယဉ်ကျေးမှုများဖြစ်ရာ ယဉ်ကျေးမှုကြွယ်ဝခြင်း၏ ဂုဏ်ဒြပ်နှင့် သုတေသနမှတ်တမ်းတို့အတွက် ခိုင်မာသည့်အထောက်အထားများဖြစ်ကြောင်းလည်း သိရသည်။

ရှေးဟောင်းသမိုင်းပြတိုက်သို့ ဝင်ရောက်ခဲ့ချိန်တွင် လုံခြုံရေးတင်းကျပ်စွာ စစ်ဆေးမှုများ ပြုလုပ်ခဲ့သဖြင့် ကြန့်ကြာမှုရှိခဲ့သော်လည်း ပြန်လည်ထွက်ခွာချိန်တွင်မူ စစ်ဆေးမှုမရှိတော့၍ မြန်ဆန်ခဲ့သည်။ ပြတိုက်ရှေ့၌ အပေါ့စား သံချပ်ကာကင်းလှည့်ယာဉ်နှစ်စီးဖြင့် လုံခြုံရေးအသင့်လုပ်ထားမှုကို တွေ့မြင်ခဲ့ရသည်။ အုရုံမူချီမြို့တွင်းရှိ ထင်ရှားကျော်ကြားသည့် အဆောက်အအုံများနှင့် လူစည်ကားရာ နေရာများတွင်လည်း အလားတူရှာဖွေစစ်ဆေးခြင်းများ ပြုလုပ်သကဲ့သို့ ယင်းနေရာများနှင့်အနီးတစ်ဝိုက်တွင်လည်း လုံခြုံရေးအတွက် ကင်းလှည့်ယာဉ်နှင့် မီးသတ်ယာဉ်များအသင့်ထားရှိပြီး ကြိုတင်အင်အားပြခြင်း၊ လိုအပ်ပါက အချိန်မီထိန်းသိမ်းနိုင်ရန် ပြင်ဆင်ထားခြင်းများလည်း တွေ့မြင်သိရှိခဲ့ရသည်။

**သဘာဝဂေဟဥယျာဉ်**

ထို့နောက် အုရုံမူချီမြို့အတွင်းရှိ ရီးမားရှေးဟောင်းသဘာဝဂေဟဥယျာဉ် (YEMA Ancient Ecological Park) သို့သွားရောက်လေ့လာခဲ့သည်။ သဘာဝဥယျာဉ်အတွင်း ရှင်းကျန့်ဒေသနှင့် ပတ်ဝန်းကျင်ဒေသများရှိ သစ်မာပင်မျိုးစိတ်များ၊ ကျောက်ဖြစ်ရုပ်ကြွင်းနှင့် တွင်းထွက်သဘာဝသယံဇာတများကို ပြသထားသည်။ ယင်းအနက် သံတိုင်များစိုက်ထူပြီး သတ္တုမျိုးစုံပါဝင်သော ကျောက်တုံးကြီးများကို မြှင့်တင်၍ ခင်းကျင်းပြသထားမှုမှာလည်း အမြင်တစ်မျိုးဆန်းသစ်စေသည်။

**ဖက်ဂနာမြင်း**

ထို့နောက် ရှေးဟောင်းမြင်းမျိုးစိတ်များ၊ မျိုးကောင်းမျိုးသန့်မြင်းများနှင့် ပြိုင်ပွဲဝင်မြင်းများနှင့် သက်ဆိုင်သော ဓာတ်ပုံ၊ ပန်းချီ၊ ပန်းပုပြခန်းကိုလည်း သီးခြားလေ့လာခဲ့ရသည်။ ဆက်လက်၍မျိုးကောင်းမျိုးသန့် မြင်းများနှင့် ပြိုင်ပွဲဝင်မြင်းများ စနစ်တကျ မွေးမြူထားသည့် မြင်းမွေးမြူရေးနှင့် လေ့ကျင့်ရေးစခန်း (The Stable M-Akhal - teke Horse Palace) ကိုလေ့လာခဲ့ကြသည်။



အုရုံမူချီမြို့ရှိ ရှေးဟောင်းယဉ်ကျေးမှု သုတေသနပြတိုက်တွင် တိုင်းရင်းသား မျိုးနွယ်စုများ၏ ယဉ်ကျေးမှုဓလေ့ ထုံးစံများ ပုံသွင်းပြသထားမှုကို တွေ့ရစဉ်



အုရုံမူချီမြို့ရှိ ရီးမားရှေးဟောင်းသဘာဝဂေဟဥယျာဉ်အတွင်း သစ်မာမျိုးစိတ်များနှင့် ကျောက်ဖြစ်ရုပ်ကြွင်းများ ပြသထားမှုကို တွေ့ရစဉ်

အဆိုပါ မြင်းမွေးမြူရေးစခန်းတွင် ဖက်ဂနာအမျိုးအစား မြင်းကောင်ရေ ၂၀၀ ကျော်ရှိပြီး ယင်းမြင်းများမှာ တာ့ခ်မင်နစ္စတန်နိုင်ငံ အာ့ခဲလ်ဒေသ ဇာတိဖြစ်သည်။ ယင်းမြင်းများ၏ ချွေးမှာသွေးရောင်သမ်းကာ ပြိုင်ပွဲဝင်စွမ်းရည် ကောင်းမွန်ခြင်းကြောင့် တရုတ်လူမျိုးများအပါအဝင် ကမ္ဘာတစ်ဝန်းမှ မျိုးကောင်းမျိုးသန့်မြင်း ကြိုက်နှစ်သက်သူများအကြားတွင် အလွန်ရေပန်းစားသည်။

သမိုင်းမှတ်တမ်းများအရ ဟန်မင်းဆက်မှ ဧကရာဇ် ဝူဒီသည်တာ့ခ်မင်နစ္စတန်နိုင်ငံ၌ ခမ်းနားထည်ဝါပြီး သွေးရောင်သမ်းသော ချွေးထွက်သည့် မြင်းများရှိကြောင်း သတင်းအရ ထောင်ချီသောမြင်းတပ်များဖြင့် ကီလိုမီတာ ၄၀၀၀ ရှိ တာ့ခ်မင်နစ္စတန်နိုင်ငံသို့စေလွှတ်၍ ရယူနိုင်ရန် စီမံခဲ့သော်လည်း မရရှိခဲ့ဘဲ ပြန်လည်ဆုတ်ခွာခဲ့ရကြောင်း၊ သုံးနှစ်ခန့် အကြာတွင် လီကွမ်လီဦးဆောင်သော စစ်သည်တစ်သိန်းဖြင့် ထပ်မံစေလွှတ်ပြီး ယင်းမြင်းမျိုးများရရှိရေး ကြိုးပမ်းခဲ့သော်လည်းအကြောင်းအမျိုးမျိုးကြောင့် ၎င်း၏အိပ်မက်ကို အကောင်အထည်မဖော်နိုင်ခဲ့ကြောင်း သိရသည်။

တာ့ခ်မင်နစ္စတန်နိုင်ငံတွင် ထိုမြင်းများကို နိုင်ငံ့ရတနာအဖြစ် မှတ်ယူကြပြီး ဇာဘုရင်နှင့် စစ်ဗိုလ်ချုပ်ကြီး ဇူကော့ဗ်တို့၏ စီးတော်မြင်းများအဖြစ် အသုံးပြုခဲ့ကြသည်။ ယခုအခါ ကမ္ဘာတစ်ဝန်းတွင် ယင်းမြင်းကောင်ရေ ၂၀၀၀ ကျော်သာရှိသဖြင့် ယင်းမြင်းမျိုးကို သမ္မတ၏အမိန့်ဖြင့်သာ ပြည်ပသို့တင်ပို့ရောင်းချခွင့်ရှိကြောင်း၊ တာ့ခ်မင်နစ္စတန်နိုင်ငံတွင် သမ္မတ နီရာဇော့ဗ် တာဝန်ယူစဉ်တရုတ်နိုင်ငံသမ္မတ ကျန်ဇီမင်းနှင့် သမ္မတ ဟူကျင်တောင်တို့အတွက် ဖက်ဂနာမြင်းတစ်ကောင်စီကို လက်ဆောင်အဖြစ် ပေးအပ်ခဲ့ကြောင်းလည်း သိရသည်။

ယင်းမြင်းအမျိုးအစားကို ပြည်ပမှ ထပ်မံတင်သွင်းမှု မပြုလုပ်စေရန် ၁၉၉၉ ခုနှစ်မှစ၍ ငွေကြေးမြောက်မြားစွာ အသုံးပြုဆောင်ရွက်ထားခြင်းဖြစ်ကြောင်း၊ ယခုအခါ ပြည်ပသို့တင်ပို့နိုင်သည့် အခြေအနေသို့ ရောက်ရှိနေပြီဖြစ်ကြောင်း၊ ဖက်ဂနာမြင်းရုပ်သင်္ကေတသည် တရုတ်နိုင်ငံရှိ ခရီးသွားလုပ်ငန်း၏ ထင်ရှားသည့် အမှတ်တံဆိပ်တစ်ခုဖြစ်လာခဲ့ကြောင်းလည်း သိလိုက်ရသည်။

ထို့ပြင် ဥယျာဉ်အတွင်းရှိ ရီးမားပန်းချီပြခန်း (YEMA Art Gallery)၌ရှင်းကျန့်ဒေသ အလှအပနှင့် ယဉ်ကျေးမှုဓလေ့များကို ဖော်ကျူးထားသည့် ရိုးရာ၊ ခေတ်ပြိုင်နှင့် မော်ဒန်ပန်းချီကားများကို သီးခြားစီခင်းကျင်းပြသထားသည်။

**ရှင်းကျန့်ရုပ်သံလွှင့်ဌာန**

ညနေပိုင်းတွင် ရှင်းကျန့်ရုပ်သံလွှင့်ဌာနသို့သွားရောက်လေ့လာခဲ့ကြသည်။ ယင်းပရိဝုဏ်အတွင်း ရှင်းကျန့်-ဝီဂါကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသအတွင်း ထုတ်လွှင့်သည့် ရုပ်သံလိုင်းများအတွက် ရုပ်သံအစီအစဉ်များအား ဘာသာပြန်ဆိုခြင်း၊ အသံထပ်ခြင်းလုပ်ငန်းများဆောင်ရွက်သည့် Dubbing ဌာန၊ ဒေသတွင်း ရေဒီယိုအစီအစဉ်များကို ထုတ်လွှင့်သည့် ရှင်းကျန့် အသံလွှင့်ဌာန (XJBS)၊ ရုပ်မြင်သံကြား အစီအစဉ်များ ရိုက်ကူးထုတ်လွှင့်သည့် ရှင်းကျန့်ရုပ်မြင်သံကြားဌာန (XJT) တို့ကို အဆောက်အအုံသီးခြားစီဖြင့် တည်ဆောက်ထားသည်။

အဆိုပါ အဆောက်အအုံများနှင့် စက်ပစ္စည်းကိရိယာများကို တရုတ်နိုင်ငံ ဗဟိုအစိုးရက ရင်းနှီးမြှုပ်နှံထားခြင်းဖြစ်ပြီး ပြည်နယ်အစိုးရပြန်ကြားရေးဌာန၏ ကြီးကြပ်မှုဖြင့် လုပ်ငန်းဆောင်ရွက်လျက်ရှိကြောင်းသိရသည်။ Dubbing ဌာနတွင် ဒေသတွင်းထုတ်လွှင့်သည့် ရုပ်သံလိုင်း ခြောက်လိုင်းအတွက် ရုပ်သံအစီအစဉ်များ၊ ရုပ်သံဇာတ်လမ်းတွဲများကို တရုတ်၊ ဝီဂါ၊ ကာဇက်၊ တူရကီ၊ ရုရှား စသည့် ဒေသတွင်း ဘာသာစကားအသီးသီးသို့ ဘာသာပြန်ဆိုခြင်းနှင့် အသံထပ်ခြင်းများ ဆောင်ရွက်လျက်ရှိကြောင်း၊ ဘာသာပြန်ဆိုခြင်းကို အဆောက်အအုံ ဒုတိယထပ်ရှိ ရုံးခန်း များတွင် ဘာသာစကားအစီအစဉ်အလိုက် အသီးသီး ဆောင်ရွက်နေမှု၊ ပထမထပ်ရှိ စတူဒီယို ခန်းခြောက်ခုတွင် အသံထပ်ခြင်း၊ အသံသရုပ်ဆောင်ခြင်းပြုလုပ်နေမှုများကို တွေ့မြင်ခဲ့ရသည်။

ရှင်းကျန့်အသံလွှင့်လုပ်ငန်းတွင် ရေဒီယိုအစီအစဉ် ခြောက်ခုကို ဒေသတွင်းအသုံးပြုသည့် ဘာသာစကားအသီးသီးဖြင့် လှိုင်းတို၊ လှိုင်းလတ်၊ FM လွှင့်စက်များအသုံးပြုပြီး ထုတ်လွှင့်လျက်ရှိသည်။

ရုပ်မြင်သံကြားဌာန ရိုက်ကူးရေး စတူဒီယို၌ တရုတ်-ယူရေးရှား ရုပ်ရှင်ပွဲတော်အတွက် ဖျော်ဖြေရေးအစီအစဉ် ရိုက်ကူးလျက်ရှိရာ တရုတ်နိုင်ငံမှ အဆိုတော်များအပြင် ယူရေးရှားဒေသတွင်းမှ နာမည်ကျော် အဆိုတော်များနှင့် လူငယ်ပရိသတ်များဖြင့် စည်ကားလျက်ရှိသည်။

**အစ္စလာမ်ဘာသာရေးကျောင်း**

ထို့နောက် အုရုံမူချီ အစ္စလာမ်ဘာသာရေးကျောင်းသို့ သွားရောက်လေ့လာခဲ့ကြသည်။ ထိုဘာသာရေးကျောင်းကို ရှင်းကျန့်-ဝီဂါကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ တိုင်းရင်းသားရေးရာကော်မရှင်၏ လမ်းညွှန်ကြီးကြပ်မှုဖြင့် ၁၉၈၇ ခုနှစ် ဖေဖော်ဝါရီလတွင် စတင်တည်ထောင်ခဲ့ခြင်းဖြစ်သည်။ ယခုအခါ ကျောင်းသားဦးရေ ၁၈၀ တက်ရောက်သင်ကြားလျက်ရှိပြီး ၂၀၂၀ ခုနှစ်တွင် ကျောင်းသားဦးရေ ၁၀၀၀ အထိ လက်ခံသင်ကြားပေးနိုင်ရန် ရည်မှန်းဆောင်ရွက်လျက်ရှိကြောင်းနှင့် သင်တန်းကျောင်း၏ရည်ရွယ်ချက်မှာ နိုင်ငံရေးအရောင်အသွေးကင်းသည့် မျိုးချစ်စိတ်နှင့် နိုင်ငံချစ်စိတ်ရှိသော၊ ဘာသာရေးကို ချစ်ခင်မြတ်နိုးစိတ်ရှိသော နိုင်ငံ့သားကောင်းများ မွေးထုတ်ပေးရန်ဖြစ်ကြောင်း သိရသည်။

*စာမျက်နှာ ၇ သို့*

# (၁၄၂)နှစ်မြောက် ကမ္ဘာ့စာပို့တိုက်နေ့ အခမ်းအနားကျင်းပ




**နေပြည်တော် အောက်တိုဘာ ၉**

၂၀၁၆ ခုနှစ် အောက်တိုဘာ ၉ ရက်တွင် ကျရောက်သော (၁၄၂)နှစ်မြောက် ကမ္ဘာ့စာပို့တိုက်နေ့ အခမ်းအနားနှင့် (၄၅)ကြိမ်မြောက် နိုင်ငံတကာလူငယ်များပေးစာရေးပြိုင်ပွဲ (ပြည်တွင်းအဆင့်)ကို နေပြည်တော်ရှိ ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး အစည်းအဝေးခန်းမ၌ ယနေ့မွန်းလွဲပိုင်းကကျင်းပရာ ပြည်ထောင်စုဝန်ကြီး ဦးသန့်စင်မောင်က မြန်မာနိုင်ငံသည် ၁၉၄၉ ခုနှစ် အောက်တိုဘာလက အဖွဲ့ဝင်နိုင်ငံဖြစ်ခဲ့ပြီး ယခု ကမ္ဘာ့စာပို့တိုက်သမဂ္ဂဌာနချုပ် (UPU) တွင် အဖွဲ့ဝင်နိုင်ငံ ၁၉၂ နိုင်ငံက စာပို့လုပ်ငန်းများကို ဝန်ထမ်းဦးရေ ငါးသန်းဖြင့် ဆောင်ရွက်နေကြောင်းနှင့် မြန်မာနိုင်ငံစာပို့တိုက်များ တိုးတက်စေရန် အဖွင့်အမှာစကားပြောကြားခဲ့သည်။

အခမ်းအနားသို့ ဆက်သွယ်ရေး ညွှန်ကြားမှုဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးစိုးသိန်းက နှုတ်ခွန်းဆက်စကားပြောကြားပြီး ညွှန်ကြားရေးမှူး ဦးသန်းထွန်းအောင်က ဆွစ်ဇာလန်နိုင်ငံ အခြေစိုက် ကမ္ဘာ့စာပို့တိုက်သမဂ္ဂဌာနချုပ် (UPU) ၏ ညွှန်ကြားရေးမှူးချုပ်ထံမှ ပေးပို့သော ကမ္ဘာ့စာပို့တိုက်နေ့ သဝဏ်လွှာကို ဖတ်ကြားသည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီး ဦးသန့်စင်မောင်က (၄၅)ကြိမ်မြောက် နိုင်ငံတကာပေးစာရေးပြိုင်ပွဲ (ပြည်တွင်းအဆင့်) ဆုရရှိသည့် အထက(၂)၊ စစ်တွေမှ မောင်ကောင်းထက်စိုးအား ဆုပေးအပ်ခဲ့ပြီး အမြဲတမ်းအတွင်းဝန် ဦးခင်မောင်သက်၊ ဦးဆောင်ညွှန်ကြားရေးမှူးနှင့် ညွှန်ကြားရေးမှူးချုပ်တို့က ပြည်နယ်နှင့် တိုင်းဒေသကြီးအလိုက် စွမ်းဆောင်ရည်အကောင်းဆုံးရရှိသော စာတိုက်ရုံးများမှ တာဝန်ရှိသူများအား ဂုဏ်ပြုလွှာများ ပေးအပ်ချီးမြှင့်သည်။

(၄၅)ကြိမ်မြောက် နိုင်ငံတကာပေးစာရေးပြိုင်ပွဲ (ပြည်တွင်းအဆင့် အင်္ဂလိပ်စာဖြင့် စာလုံးတစ်ထောင်အောက်) ကို ၂၀၁၅ ခုနှစ် အောက်တိုဘာက အခြေခံပညာကျောင်းများသို့ အကြောင်းကြားဖိတ်ခေါ်ခဲ့ရာ ကျောင်းသား၊ ကျောင်းသူများ ၁၆၀၁ ဦးပါဝင်ရေးသားယှဉ်ပြိုင်ကြသည်။ ယခုနှစ် ဆုရရှိသည့် မောင်ကောင်းထက်စိုး၏ ပေးစာကို နိုင်ငံတကာအဆင့် ရွေးချယ်နိုင်ရန် ဆက်လက်ပေးပို့သွားမည်ဟု သိရသည်။ **(သတင်းစဉ်)**

# တိုင်းဒေသကြီးနှင့် ပြည်နယ်အလိုက် မိုးရွာသွန်းမည့်အခြေအနေ

**နေပြည်တော် အောက်တိုဘာ ၉**

မိုးလေဝသနှင့် ဇလဗေဒညွှန်ကြားမှုဦးစီးဌာနထုတ်ပြန်ချက်အရ အောက်တိုဘာ ၁၀ ရက်တွင် ကချင်ပြည်နယ်၊ ကရင်ပြည်နယ်၊ စစ်ကိုင်းတိုင်းဒေသကြီးအထက်ပိုင်း၊ မွန်ပြည်နယ်၊ရောဝတီတိုင်းဒေသကြီးတို့၌ နေရာစိပ်စိပ်၊ ချင်းပြည်နယ်၊ စစ်ကိုင်းတိုင်းဒေသကြီးအောက်ပိုင်း၊ မန္တလေးတိုင်းဒေသကြီး၊ ရန်ကုန်တိုင်းဒေသကြီး၊ ရခိုင်ပြည်နယ်နှင့် ရှမ်းပြည်နယ်မြောက်ပိုင်းတို့၌ နေရာကျဲကျဲ၊ ကယားပြည်နယ်၊ ပဲခူးတိုင်းဒေသကြီး၊မကွေးတိုင်းဒေသကြီး၊ ရှမ်းပြည်နယ်တောင်ပိုင်းနှင့် အရှေ့ပိုင်းတို့၌ နေရာကွက်ကျားမိုးထစ်ချုန်းရွာနိုင်ပါသည်။တနင်္သာရီတိုင်းဒေသကြီး၌ နေရာအနှံ့အပြားမိုးထစ်ချုန်းရွာပြီး နေရာကွက်၍ မိုးကြီးနိုင်သည်။ ရွာရန်ရွာနှုန်း ၈၀ ဖြစ်သည်။

**(မိုး/ဇလ)**

# ဦးဝင်းထိန် ရေးသားသည့် ဗိုလ်ကြီးအုန်းကျော်မြင့် နိုင်ငံတော်လုပ်ကြံမှုသမိုင်းဖြစ်ရပ်သုံးသပ်မှုစာအုပ် စာနယ်ဇင်းမိတ်ဆက်

**သတင်းနှင့် ဓာတ်ပုံ-ဇော်ကြီး(ပဏီတ)**




**ရန်ကုန် အောက်တိုဘာ ၉**

ဦးဝင်းထိန် ရေးသားသည့် ကျွန်တော်ရေးချင်သည့်အကြောင်း၊ ကျွန်တော်ပြောပြချင်သည့်အကြောင်း ဗိုလ်ကြီးအုန်းကျော်မြင့် နိုင်ငံတော်လုပ်ကြံမှုသမိုင်းဖြစ်ရပ် သုံးသပ်မှုစာအုပ် စာနယ်ဇင်းမိတ်ဆက်ပွဲကို ယနေ့နံနက်ပိုင်းက ရန်ကုန်မြို့ ဗဟန်းမြို့နယ်ရှိ တော်ဝင်နှင်းဆီခန်းမ၌ ကျင်းပသည်။

အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်နာယက သူရဦးတင်ဦးက အဖွင့်အမှာစကားပြောကြားရာတွင် "ဦးဝင်းထိန် ရေးသားထားတဲ့ ဒီစာအုပ်ထဲမှာ တိုင်းပြည်အတွက် သင်ခန်းစာယူနိုင်အောင် အတွေ့အကြုံတွေကို ရေးသားထားတာပါ။ စနစ်တစ်ခုကြောင့် ကံတရားရဲ့အပြောင်းအလဲမြန်ဆန်မှုနဲ့ သံဝေဂ ရစရာတွေ၊ စနစ်တစ်ခုရဲ့အောက်မှာ စာရေးသူကိုယ်တိုင် ကြုံတွေ့ဖြတ်သန်းခဲ့တဲ့ အတွေ့အကြုံတွေကို တိုင်းပြည်အတွက် မှတ်တမ်းအနေနဲ့ အမှန်အတိုင်း ရေးသားထားတာ တွေ့ရပါတယ်။ ဘယ်သူ့ကိုမှ ထိခိုက်စေချင်တာ မဟုတ်ပါဘူး" ဟု ပြောကြားသည်။ **(အောက်ပုံ)**

ထို့နောက် စာရေးသူ ဦးဝင်းထိန်နှင့်ပတ်သက်၍ စာရေးဆရာကြီး ဦးမိုးသူ (ခ) ဘကြီးမိုးနှင့် စာရေးဆရာဒါရိုက်တာ ကိုသူရ(ခ) ဦးဇာဂနာတို့က မုဒိတာစကားပြောကြားကြပြီး စာရေးသူနှင့် လုပ်ဖော်ကိုင်ဖက်ဖြစ်သူ ဗိုလ်မှူးကြီးဟောင်း ဦးမြင့်သိန်းက စာအုပ်ပါ အကြောင်းအရာများနှင့်ပတ်သက်၍ မိတ်ဆက်စကား ပြောကြားသည်။ ယင်းနောက် စာရေးသူ၏သမီးဖြစ်သူ မချစ်စုဝင်းထိန်နှင့် စာရေးသူ၏ညီဖြစ်သူ ဦးထွန်းထိန်တို့က ကျေးဇူးတင်စကားပြောကြားကြသည်။

စာရေးသူက သမိုင်းတွင်ဖြစ်ပျက်ခဲ့သည်များကို အမှန်အတိုင်း သိရှိစေလိုသည့်ရည်ရွယ်ချက်ဖြင့် အဆိုပါစာအုပ်ကို ရေးသားထုတ်ဝေခဲ့ခြင်းဖြစ်ပြီး စာအုပ်၏နိဒါန်းစာမျက်နှာတွင် "၁၉၇၆ ခုနှစ်နဲ့ ၁၉၇၇ ခုနှစ်တွေအတွင်းမှာ ပြည်တွင်းမှာ သာမက ပြည်ပတွေမှာပါ စိတ်ဝင်စားမှုရှိအောင် ဖြစ်ပွားခဲ့တဲ့ အမှုကြီးတစ်ခုရှိခဲ့ပါတယ်။ အဲဒါကတော့ တပ်မတော် အရာရှိငယ်တစ်စုက နိုင်ငံတော်ခေါင်းဆောင်လူကြီးတွေကို လုပ်ကြံပြီး အာဏာသိမ်းဖို့ ကြံတဲ့အမှုဖြစ်ပါတယ်။ အစီအစဉ်ဟာ အင်မတန်ကြီးမားတဲ့ အစီအစဉ်တစ်ခုဖြစ်တယ်။ အဲဒီလိုစီစဉ်တဲ့အတွက်ကြောင့် ဗိုလ်ကြီး အုန်းကျော်မြင့်နဲ့တကွ အရာရှိကြီးတချို့ထောင်ဒဏ်အပြစ်ပေးခံရတယ်။ ဗိုလ်ကြီး အုန်းကျော်မြင့်တို့ဖြစ်ပျက်ခဲ့တဲ့ကိစ္စက အဲဒီအချိန်က တပ်မတော်အတွင်းမှာသော်လည်းကောင်း၊ တိုင်းပြည်အတွင်းမှာသော် လည်းကောင်း ကြီးမားတဲ့ ကိစ္စကြီးပါ။ ဒီလိုကြီးမားတဲ့ ဖြစ်စဉ်ကြီးကို ကျွန်တော့်လို သိမီခဲ့တဲ့ လူတွေက အထိုက်အလျောက် မှတ်တမ်းရေးသင့်တယ်ဆိုပြီး အသိဝင်လာလို့ အခုလို မှတ်တမ်းတင်ရတာပါ" ဟု ရေးသားဖော်ပြထားသည်။

**(သတင်းစဉ်)**




*စာမျက်နှာ ၆ မှ*

ထိုကျောင်းတွင် ရှင်းကျန့်ဒေသတစ်ဝိုက်မှ တက္ကသိုလ်ဝင်တန်းအောင်မြင်ပြီးသူ ကျောင်းသားများကို လက်ခံပြီး ဘာသာရေးဆိုင်ရာ ၇၀ ရာခိုင်နှုန်း၊ ယဉ်ကျေးမှုဆိုင်ရာ ၃၀ ရာခိုင်နှုန်းစီခွဲခြား၍ သင်ရိုးညွှန်းတမ်းရေးဆွဲသင်ကြားလျက်ရှိကြောင်း၊ ယဉ်ကျေးမှုဆိုင်ရာ ၃၀ ရာခိုင်နှုန်းတွင် မျိုးချစ်စိတ်ဓာတ်၊ ဆိုရှယ်လစ်စနစ် နိုင်ငံရေးမူဝါဒ၊ နိုင်ငံရေးသိပ္ပံ၊ နိုင်ငံတကာရေးရာ၊ တရုတ်စာပေ၊ ပထဝီနှင့် သိပ္ပံဘာသာရပ်များကို သင်ကြားပေးလျက်ရှိကြောင်း၊ တရုတ်၊ ဝီဂါနှင့် အာရဗီဘာသာစကားများ သင်ကြားပေးလျက်ရှိပြီး စာပေ၊ ကဗျာနှင့် အစ္စလာမ်ယဉ်ကျေးမှုကိုလည်း သင်ကြားပို့ချပေးလျက်ရှိကြောင်း၊ ၎င်းတွင် ငါးနှစ်သင်တန်းတက်ရောက်ပြီးပါက ဘာသာရေးဆိုင်ရာ ဘွဲ့အပ်နှင်းပြီး အချို့ဘွဲ့ရကျောင်းသားများမှာ ၎င်းတို့၏ ဒေသအသီးသီး၌ ဆရာများအဖြစ် ပြန်လည်သင်ကြားပို့ချပေးလျက်ရှိကြောင်း၊ ကျောင်းသား ၄၂ ဦးကို အီဂျစ်နိုင်ငံနှင့် အခြားပြည်ပနိုင်ငံများသို့ ထပ်မံပညာသင်ကြားရန် စေလွှတ်ထားရှိကြောင်း၊ သင်တန်းကျောင်းသည် တရုတ်နိုင်ငံ အစ္စလာမ်ဘာသာရေး အသိုက်အဝန်းတွင်အဖွဲ့ဝင်ဖြစ်သကဲ့သို့ မက္ကာသို့ ဘုရားဖူးသွားမည့် ဒေသတွင်းမှ ပုဂ္ဂိုလ်များကိုလည်း လိုအပ်သည့်သင်ကြားမှုများ ပြုလုပ်ပေးလျက်ရှိကြောင်း၊ တရုတ်နိုင်ငံအတွင်း အစ္စလာမ်ဘာသာ၏ အခန်းကဏ္ဍကို နိုင်ငံအတွင်းထုတ်ပြန်ထားသည့် ဥပဒေ၊ စည်းမျဉ်း စည်းကမ်းများနှင့်အညီ လိုက်နာဖော်ဆောင်မည့် နိုင်ငံသားကောင်းများ မွေးထုတ်ပေးနိုင်ရန် ဆောင်ရွက်လျက်ရှိကြောင်း ကျောင်းအုပ်ကြီးက ရှင်းလင်းပြောကြားသည်

မတူကွဲပြားသည့် လူမျိုးနှင့် ဘာသာခြားများပဋိပက္ခဖြစ်ပွားခဲ့ဖူးသည့် အုရုံမူချီမြို့၌ ထိုကဲ့သို့ ဘာသာရေးအပြင် ခေတ်မီအသိပညာသင်ကြားပေးသည့် ဘာသာရေးကျောင်းများ၏အခန်းကဏ္ဍသည်လည်း လွန်စွာ အရေးပါလျက်ရှိကြောင်း သုံးသပ်ရရှိသည်။

**ရှင်းကျန့်နက်ဝက်ဘ်**

ရှင်းကျန့်နက်ဝက်ဘ် (Xingjing Net) ကိုလည်း သွားရောက်လေ့လာခဲ့ကြသည်။ ယင်းဌာနကို တရုတ်ဗဟိုအစိုးရ၏ ခွင့်ပြုချက်ဖြင့် ရှင်းကျန့်-ဝီဂါကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသအစိုးရက ကြီးကြပ်ကာ ရှင်းကျန့်-ဝီဂါကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ၏ မီဒီယာသစ် (New Media)အဖြစ် ဝန်ဆောင်မှုလုပ်ငန်းများ ဆောင်ရွက်နေခြင်းဖြစ်သည်။ ၎င်းဌာန၏ ဝက်ဘ်ဆိုက် www.ts.cn တွင် တရုတ်၊ အင်္ဂလိပ်၊ ရုရှား၊ ကာဇက်၊ တူရကီ၊ ဝီဂါ ဘာသာစကားခြောက်မျိုးဖြင့် နေ့စဉ်သတင်းနှင့် အစီအစဉ်များကို တင်ဆက်ပေးလျက်ရှိကြောင်း သိရသည်။

၂၀၀၄ ခုနှစ်မှစတင်၍ ဝက်ဘ်ဆိုက်နှင့် မာလ်တီမီဒီယာလုပ်ငန်းများဖြင့် ဝန်ဆောင်မှုပေးခဲ့ခြင်းဖြစ်ပြီး ရုပ်သံစတူဒီယိုမှတစ်ဆင့် သတင်းနှင့် အင်တာဗျူး အစီအစဉ်များကိုလည်း ရိုက်ကူး၍ အင်တာနက် ရုပ်မြင်သံကြားအစီအစဉ်ဖြင့် ဝန်ဆောင်မှုပေးလျက်ရှိသည်။ ယင်းဌာနသည် ရှင်းကျန့်ဒေသ၏ တစ်ခုတည်းသော အင်တာနက် ရုပ်သံဌာနအဖြစ်ရပ်တည်ဆောင်ရွက်လျက်ရှိသည်။

**အပြန်ခရီးနှင့် ဆန္ဒမွန်**

စက်တင်ဘာလ ၂၁ ရက် နံနက်ပိုင်းတွင် အုရုံမူချီမြို့တော်မှ လေကြောင်းခရီးဖြင့် တရုတ်နိုင်ငံ၏မြို့တော် ပေကျင်းမြို့သို့ ထွက်ခွာခဲ့ပါသည်။ ပျံသန်းချိန် ၅ နာရီခန့် ကြာမြင့်သည့် ခရီးစဉ်ဖြင့် စီးနင်းလိုက်ပါရင်း လေ့လာခွင့်ရခဲ့သည့် သမိုင်းဝင်ပိုးလမ်းမကြီးနှင့် ၂၁ ရာစု ပိုးလမ်းမအစီအစဉ်တွင် အဓိကအချက်အချာနယ်မြေအဖြစ် ဆက်လက်ပါဝင်ရပ်တည်မည့် "ရှင်းကျန့် - ဝီဂါ ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ"အကြောင်းကို ပြန်လည်တွေးတောသုံးသပ်မိသည်။

ရှင်းကျန့် - ဝီဂါ ဒေသအတွင်း မတူကွဲပြားသည့် လူမျိုးပေါင်းစုံသည် မတူညီသော ဘာသာစကား၊ ကွဲပြားခြားနားသော ယုံကြည်ကိုးကွယ်မှုနှင့် ဓလေ့စရိုက်မျိုးစုံတို့ဖြင့် နှစ်ပေါင်းထောင်ချီကတည်းက အတူတကွ ယှဉ်တွဲနေထိုင်ခဲ့ကြပြီး အဆင့်အတန်းမြင့်မားသည့် "လူနေမှုအသိုက်အဝန်းနှင့် ယဉ်ကျေးမှုဂုဏ်ဒြပ်" ဖော်ဆောင်နိုင်မှုအပေါ် နှစ်သက်အားကျမိသည်။

ထို့အတူ ရှင်းကျန့် - ဝီဂါ ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသသည် တရုတ်နိုင်ငံ၊ အနောက်မြောက်ပိုင်း၌ ပထဝီဝင်အနေအထားအရ ထူးခြားသောဒေသဖြစ်သကဲ့သို့ ရှေးဟောင်းပိုးလမ်းမကြီးတွင် အရေးပါခဲ့မှုနှင့် အနာဂတ်ပိုးလမ်းမအစီအစဉ်တွင် အချက်အချာကျမှုတို့အပေါ် မူတည်ပြီး "၂၁ ရာစုပိုးလမ်းမ မဟာဗျူဟာစီမံကိန်း"၏ ခါးပတ်လမ်းကြောင်းနှင့် ခြေလှမ်းသစ် (Belt and Road Initiative)ကို အမြော်အမြင်ကြီးစွာဖြင့် ကျယ်ပြန့်စွာ အကောင်အထည်ဖော်ဆောင်ရွက်နေမှုကိုလည်း ဆင်ခြင်သုံးသပ်မိရင်း အနာဂတ်ကို မျှော်တွေးကြည့်မိသည်။ ကျွန်တော်တို့ စီးနင်းလိုက်ပါလာသော အဲချိုင်းနားလေယာဉ်သည် ပေကျင်းမြို့မှ ရန်ကုန်မြို့သို့ ၄ နာရီကြာ ခရီးစဉ်အဖြစ် ဆက်လက်ထွက်ခွာခဲ့ရာ ညပိုင်းတွင် အမိမြန်မာနိုင်ငံ၏ ရန်ကုန်လေဆိပ်သို့ ဆင်းသက်ခဲ့ပါသည်။ စက်တင်ဘာလ ၁၅ ရက်နေ့မှ ၂၁ ရက်နေ့အထိ လေ့လာခဲ့သည့် ပိုးလမ်းမဖြတ်သန်းရာ အချက်အချာဒေသအကြောင်း မှတ်တမ်းပြုရေးသားမှုမှ စာဖတ်ပရိသတ်များအနေဖြင့် သင်ခန်းစာဖော်ထုတ်ပြီး နည်းလမ်းတစ်ခုခုကို ရှာဖွေစေလိုပါသည်။ အကြောင်းမူ အမိနိုင်ငံတော်ကြီး အမြန်ဖွံ့ဖြိုးတိုးတက်စေလိုခြင်းကြောင့်ပင် ----- ။ ။

# အငြိမ်းစားဥပဒေအရာရှိများ တွေ့ဆုံပွဲနှင့် သက်ကြီးဆရာများအား ဂါရဝပြုပွဲကျင်းပ

**နေပြည်တော် အောက်တိုဘာ ၉**

ပြည်ထောင်စုရှေ့နေချုပ်ရုံးနှင့် ဥပဒေရုံးအဆင့်ဆင့်တွင် တာဝန်ထမ်းဆောင်ခဲ့ကြသည့် အငြိမ်းစားဥပဒေအရာရှိများတွေ့ဆုံပွဲ၊ အငြိမ်းစားသက်ကြီး ဥပဒေအရာရှိများအား ဂါရဝပြုပွဲနှင့် တက္ကသိုလ်ဝင်တန်းတွင် ထူးချွန်စွာအောင်မြင်ခဲ့သည့် အငြိမ်းစားဥပဒေအရာရှိများ၏ သားသမီးများအား ပညာရည်ချွန်ဆုပေးပွဲအခမ်းအနားကို ယနေ့ နံနက် ၁၀ နာရီတွင် ရန်ကုန်မြို့ ဗဟန်းမြို့နယ် တော်ဝင်နှင်းဆီခန်းမ၌ ကျင်းပသည်။

အစီအစဉ်အရ အငြိမ်းစားသက်ကြီးဥပဒေအရာရှိ ၂၇ ဦးအား ဂါရဝပြုကန်တော့ကြရာ အငြိမ်းစားပြည်ထောင်စုရှေ့နေချုပ် ဦးအေးမောင်က ကျေးဇူးတင်စကားပြောကြားသည်။ ထို့နောက် ၂၀၁၅-၂၀၁၆ တက္ကသိုလ်ဝင်တန်းတွင် ထူးချွန်စွာအောင်မြင်ခဲ့ကြသည့် အငြိမ်းစားဥပဒေအရာရှိများ၏ သားသမီး နှင့် မြေးများအား ပညာရည်ထူးချွန်ဆုများပေးအပ်ခဲ့သည်။ **(သတင်းစဉ်)**

# ၂၀၁၆ အတွက် ဘက်စုံထူးချွန်သူများ ဂျပန်နိုင်ငံသို့ထွက်ခွာ

**ရန်ကုန် အောက်တိုဘာ ၉**

မြန်မာ-ဂျပန်အသင်း၏ ပညာရည်ထူးချွန်ဆု (ဂျပန်နိုင်ငံ လေ့လာရေးအစီအစဉ် ၂၀၁၆) အတွက် ရွေးချယ်ခြင်းခံရသည့် ဘက်စုံထူးချွန်ကျောင်းသား ကျောင်းသူ ၁၆ ဦး ပါရှိသည့် လေ့လာရေး ကိုယ်စားလှယ်အဖွဲ့အား မြန်မာ-ဂျပန်အသင်း၏အတွင်းရေးမှူး ဒေါက်တာဌေးလွင်က အဖွဲ့ခေါင်းဆောင်အဖြစ် ဦးဆောင်ပြီး အောက်တိုဘာ ၈ ရက် ည ၉ နာရီ ၄၅ မိနစ်တွင် ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်မှ ဂျပန်နိုင်ငံ တိုကျိုမြို့သို့ ထွက်ခွာခဲ့ရာ မြန်မာ-ဂျပန်အသင်းဥက္ကဋ္ဌ ဦးစောလှမင်းနှင့်အသင်းမှ ဗဟိုအလုပ်အမှုဆောင်များ၊ ထူးချွန်ကျောင်းသား၊ ကျောင်းသူများ၏ မိဘ၊ ဆွေမျိုးများက ရန်ကုန် အပြည်ပြည်ဆိုင်ရာလေဆိပ်တွင် လိုက်ပါ ပို့ဆောင်နှုတ်ဆက်ကြသည်။

ဂျပန်နိုင်ငံလေ့လာရေးခရီးစဉ်မှာ အောက်တိုဘာ ၈ ရက်မှ ၁၆ ရက်အထိ ခုနစ်ညအိပ် ရှစ်ရက်ခရီးစဉ်ဖြစ်ပြီး တိုကျိုမြို့တွင် ပထမသုံးညနှင့် ဂျပန်အရှေ့မြောက်ပိုင်း ဆင်းဒိုင် လေးညတွင် ဂျပန်ကျောင်းသူများ မိသားစုများနေအိမ်၌ သွားရောက်နေထိုင်ခြင်းအစီအစဉ်များ ပါရှိသည်။ မြို့တော် တိုကျို ပထမ သုံးည ခရီးစဉ်အတွင်း Tokyo Sky Tree Odaiba Beach' Tokyo Disncy Land တိုကျို နိုင်ငံခြားဘာသာ တက္ကသိုလ်နှင့် ဂျပန်ပါလီမန်အဆောက်အအုံ၊ Mitsui Co,Ltd ဌာနချုပ်ရုံးတို့အား သွားရောက်လေ့လာကြမည်ဖြစ်ပြီး တိုကျိုမြို့ မြန်မာသံရုံး မြန်မာသံအမတ်ကြီး၏ ကြိုဆိုဂုဏ်ပြုပွဲ၊ ဂျပန်-မြန်မာအသင်း (JMA) ဥက္ကဋ္ဌ၏ ကြိုဆိုဂုဏ်ပြုညစာစားပွဲနှင့် Mitsui Co,Ltd ကြိုဆိုဂုဏ်ပြုညစာစားပွဲများကိုလည်း တက်ရောက်ကြမည်ဖြစ်သည်။

ထူးချွန်ကျောင်းသားများ လေ့လာရေးကိုယ်စားလှယ်အဖွဲ့သည် အောက်တိုဘာ ၁၂ ရက် နံနက်တွင် တိုကျိုမှ ဆင်းဒိုင်မြို့သို့ ကျည်ဆန်အမြန်ရထားဖြင့် လိုက်ပါပြီး ဆင်းဒိုင်တွင် လေးရက်နေထိုင်ကာ Home Stay အစီအစဉ်များ၊ Students Exchange အစီအစဉ်များဆောင်ရွက်ကြမည်ဖြစ်သည်။

လေ့လာရေး ကိုယ်စားလှယ်အဖွဲ့သည် အောက်တိုဘာ ၁၆ ရက်တွင် ဆင်းဒိုင်၊ တိုကျို(နာရီတာ)မှတစ်ဆင့် ရန်ကုန်အပြည်ပြည်ဆိုင်ရာ လေဆိပ်သို့ ပြန်လည်ရောက်ရှိမည်ဖြစ်ကြောင်း သိရသည်။

**(သတင်းစဉ်)**



❍ *ကျောဖုံးမှ*

အဆိုပါ မြန်မာ-ဗီယက်နမ် ဖက်စပ်ကုမ္ပဏီအနေဖြင့် လောလောဆယ် မြန်မာ့ သင်္ဘောကျင်းလုပ်ငန်း ဆင်မလိုက်တွင် သင်္ဘောများတည်ဆောက်လျက်ရှိပြီး စုစုပေါင်း သင်္ဘော ၁၀ စင်းတည်ဆောက်နေကြောင်း သိရသည်။ ယင်းသင်္ဘောကျင်းမှ တန်ချိန် ၃၀၀၀ မှ စပြီး တန်ချိန် ၅၀၀၀၊ တန်ချိန် ၇၀၀၀ အစရှိသဖြင့် သင်္ဘောကြီးများ တည်ဆောက်ပေးသွားရန် စီစဉ်လျက်ရှိသည့်အပြင် ပြည်တွင်းပုဂ္ဂလိက တစ်ဦးချင်းပိုင် ငါးဖမ်းသင်္ဘောများ၊ ဆီတင်သင်္ဘောများ၊ တွန်းသင်္ဘောများတည်ဆောက်ပေးလျက်ရှိကြောင်း၊ ယင်းသင်္ဘောကျင်းတွင် မြန်မာအင်ဂျင်နီယာ ၆၀ နှင့် ဝန်ထမ်းအင်အား ၅၀၀ ခန့် အလုပ်လုပ်ကိုင်လျက်ရှိကြောင်း သိရသည်။ ဗီယက်နမ်နိုင်ငံသည် သင်္ဘောတည်ဆောက်ရေးတွင် ကမ္ဘာ့ထိပ်တန်းနိုင်ငံ တစ်နိုင်ငံဖြစ်ပြီး မြန်မာနိုင်ငံတွင် အရည်အသွေးမီသင်္ဘောများ ဆောက်လုပ်ပေးမည့်အပြင် သင်္ဘောတည်ဆောက်ရေး နည်းပညာများလည်း ဖွံ့ဖြိုးတိုးတက်လာမည်ဖြစ်ကြောင်း သိရသည်။




# ဆားမလောက်အရက်ချက်စက်ရုံအား ဒေသခံများ မလိုလားပါက အပြီးတိုင်ပိတ်သိမ်းရန် ပြည်ထောင်စုအစိုးရနှင့်ညှိနှိုင်းစီစဉ်မည်

**ညောင်တုန်း အောက်တိုဘာ ၉**

ညောင်တုန်းမြို့နယ် ဆားမလောက်ကျေးရွာ ပန်းလှိုင်မြစ်ကမ်းဘေး ရန်ကုန်-ပုသိမ် ဆားမလောက်လမ်းဆုံအနီးရှိ ကျားမင်းကြီးအရက်ချက် စက်ရုံသည်ဥပဒေနှင့်အညီ နိုင်ငံတော်သို့ ကျသင့်အခွန်ငွေများ မှန်မှန်ကန်ကန် အပြည့်အဝပေးဆောင်ခြင်းမရှိကြောင်း၊ နိုင်ငံတော်သို့ တစ်နေ့ဂါလန် ၆၀၀၀ နှုန်းဖြင့်သာ ပေးဆောင်နေကြောင်း၊ စက်ရုံမှစာရင်းစာအုပ်အရ ၁၂ နာရီ တစ်ဂျူတီလျှင် ဂါလန် ၉၀၀၀ အထိ ချက်လုပ်နေပြီး တစ်နေ့ဂါလန် ၁၈၀၀၀ ထုတ်လုပ်နေသောစက်ရုံဖြစ်ကြောင်း၊ ၉၆/၉၇ ဒီဂရီပြင်းအားဖြင့် အရက်အဆီချက် စက်ရုံဖြစ်ကြောင်း၊ ညောင်တုန်းမြို့နယ် မဲဆန္ဒနယ်(၁) မှ တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ် ဒေါ်နီနီမိုးက ဒုတိယအကြိမ် ဧရာဝတီတိုင်းဒေသကြီး လွှတ်တော် ဒုတိယပုံမှန်အစည်းအဝေး အဋ္ဌမနေ့တွင် လွှတ်တော်သို့ ကြယ်ပွင့်ပြမေးခွန်းမေးမြန်းရာတွင် ထည့်သွင်းပြောကြားသွားသည်။

စက်ရုံမှာ ပန်းလှိုင်မြစ်ကမ်းဘေးတွင် တည်ဆောက်ထားခြင်း၊ အနီးတွင် မူလတန်းကျောင်း၊ ဘုန်းကြီးကျောင်းများနှင့် ကပ်လျက်ရှိခြင်း၊ ကိုက် ၅၀၀ အတွင်း ရဲစခန်း၊ တောင်သူလယ်သမားဆေးရုံများပါတည်ရှိနေခြင်းများကြောင့် တည်ဆဲဥပဒေများနှင့် မညီညွတ်ကြောင်း၊ စက်ရုံမှပန်းလှိုင်မြစ်အတွင်းသို့ စွန့်ပစ်သည့်ရေဆိုးများကြောင့် ပန်းလှိုင်မြစ်အတွင်းရှိ ရေသယံဇာတများပျက်စီးသည့်အပြင် ပန်းလှိုင်မြစ်ရေကိုသာ သောက်သုံးနေကြရသည့် ကျေးရွာများမှ ဒေသခံပြည်သူများမှာ အဆုတ်ရောဂါ၊ သွေးအားနည်းရောဂါ၊ ကိုယ်ဝန်ဆောင်များ ကိုယ်ဝန်ဆောင်အဆိပ်တက်ခြင်း၊ သားလျှောသားပျက်ခြင်းပါ ကြုံတွေ့နေရကြောင်း၊ နိုင်ငံတော်သို့ ကျသင့်အခွန်ငွေများ မှန်မှန်ကန်ကန် ပေးသွင်းခြင်းမပြုဘဲ လည်ပတ်နေပြီး သဘာဝပတ်ဝန်းကျင်နှင့် ပြည်သူ့ကျန်းမာရေးကို ဆိုးဆိုးရွားရွား ထိခိုက်စေသည့် အဆိုပါစက်ရုံအား ဖယ်ရှားပိတ်သိမ်းပေးရန် ရှိ၊ မရှိ တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ်ဒေါ်နီနီမိုးက ထည့်သွင်းမေးမြန်းသွားသည်။

ညောင်တုန်းမြို့နယ် ဆားမလောက်ကျေးရွာမှ ပြည်သူတို့၏ တိုင်းကြားမှုကြောင့် တိုင်းဒေသကြီးဝန်ကြီးချုပ်၏ ညွှန်ကြားချက်အရ တိုင်းဒေသကြီးစစ်ဆေးရေးအဖွဲ့နှင့် လွှတ်တော်ကိုယ်စားလှယ်များကလည်းကောင်း၊ မအူပင်ခရိုင် စစ်ဆေးရေးအဖွဲ့ကလည်းကောင်း စစ်ဆေးခဲ့ပြီး တိုင်းဒေသကြီးအစိုးရအဖွဲ့က စက်တင်ဘာ ၂၆ ရက်စွဲဖြင့် ဆားမလောက်အရက်ချက်စက်ရုံကို ခေတ္တပိတ်သိမ်းလိုက်ကြောင်း သိရသည်။ ဆက်လက်စောင့်ကြည့်စစ်ဆေးမှုများပြုလုပ်ပြီး ဒေသခံများက အမှန်တကယ်မလိုလားပါက စက်ရုံကို အပြီးတိုင်ပိတ်သိမ်းနိုင်ရန် ပြည်ထောင်စုအစိုးရနှင့် ပူးပေါင်းဆောင်ရွက်သွားမည်ဖြစ်ကြောင်း သိရှိရသည်။ ယခုအခါ စက်ရုံမှ တာဝန်ရှိသူများက စက်ရုံဝန်ထမ်းများအား ၎င်းတို့၏ အခြားစက်ရုံများသို့ ပြောင်းရွှေ့လိုသူများအား ပြောင်းရွှေ့ပေးလျက်ရှိပြီး အလုပ်ရပ်နားသူများအား နစ်နာကြေးများပေးလျက်ရှိကြောင်း သိရသည်။

**နေလင်း(ညောင်တုန်း)**

◆ *ကျောဖုံးမှ*

ဒုတိယအချီတွင် တူးတူးက ခြေကန်ချက်နှင့်အတူ ဘယ်၊ ညာ တွဲလုံးများ တွဲသုံးခဲ့သောကြောင့် ဗာနီယွန်(ထိုင်း) အထိနာခဲ့ကာ အနားတောင်းခဲ့သည်။ ယင်းနောက် တတိယအချီ ဆက်လက် ယှဉ်ပြိုင်ထိုးသတ်ရာ ပြိုင်ဖက်ကို အလေးမပေးဟန်ဖြင့် ဗာနီယွန် ယှဉ်ပြိုင်ထိုးသတ်ရင်းက တတိယအချီ ၁ မိနစ် ၁၉ စက္ကန့် တွင် မခိုင်မြဲ ယိုင်လဲဟန်ပြနေသည့် ဗာနီယွန်ကို တူးတူးက ညာဒူး တိုက်ချက်နှင့်အတူ ပင့်၊ ထောက် လက်သီးများ အပြိုင်သုံးကာ ပွဲသိမ်းအနိုင်ယူခဲ့သည်။

လက်ရှိချန်ပီယံ ထွန်းထွန်းမင်းနှင့် ဒေ့ဗ်လက်ဒပ် (ကနေဒါ) တို့ပွဲတွင် ပရိသတ်မျှော်လင့်ချက်ကို ထွန်းထွန်းမင်း မဖြည့်ပေးနိုင်ခဲ့ဟု ဆိုရမည်ဖြစ်သည်။ ခြေ၊ လက်တံရှည်ရှည် ပညာသားပါပါနှင့် ရိုးရာလက်ဝှေ့ကို ယှဉ်ပြိုင်ထိုးသတ်ခဲ့သည့် ဒေ့ဗ်လက်ဒပ်က ပထမအချီစကတည်းက ထွန်းထွန်းမင်း အဝင်ကိုကောင်တာဖြင့် တုံ့ပြန်ခဲ့သောကြောင့် ထွန်းထွန်းမင်း အကြိမ်ကြိမ် ပြိုလဲခဲ့ရသည်။

ကျားရိုင်းတစ်ကောင်လို ပါဝါပြင်းထန်လှသည့် ထွန်းထွန်းမင်း ပွဲစဉ်တစ်လျှောက်လုံး ဒေ့ဗ်လက်ဒပ်ကို ဖိအားမပေးနိုင်ခဲ့ပေ။ ဒေ့ဗ်လက်ဒက် ညို့ကွင်းထဲပင် ငါးချီပြည့်သည်အထိ အကြိမ်ကြိမ်ကျော့ကွင်းမိကာ မာန်ဟုန်တင်း ယှဉ်ပြိုင် ထိုးသတ်ခဲ့ရသည်။ ယင်းသို့ပင်ဖြစ်လင့်ကစား ရိုးရာလက်ဝှေ့ကို ယခင်က တူးတူးနှင့် တစ်ကြိမ်သာ ယှဉ်ပြိုင်ထိုးသတ်ခဲ့ဖူးသော ဒေ့ဗ်လက်ဒပ်မှာ ငါးချီပြည့်သည်အထိ အပြုံးမပျက် ထွန်းထွန်းမင်း ခြေကန်ချက်များကိုပင် အန်တုကာ ပင့်၊ ထောက်၊ ဖြောင့်လက်သီး ဘယ်၊ ညာတွဲလုံးများကို ဆွဲသုံးကာ ယှဉ်ပြိုင်ထိုးသတ်သွားသည်မှာ မြန်မာ့ရိုးရာလက်ဝှေ့သမားများ အတုယူ စရာပင်ဖြစ်ခဲ့သည်။

ရိုးရာလက်ဝှေ့ နှင့် ထိတွေ့မှုနည်းသော်လည်း မာဂုဏ်မြင့်ကာ သတ်လုံးသတ်ကွက် ပညာစုံလှသည်ဟုပင် ပြောစမှတ်ဖြစ်လောက်အောင် ယှဉ်ပြိုင်ထိုးသတ်သွားသည်မှာ ရိုးရာလက်ဝှေ့ချစ် ပရိသတ်များပင် မှင်သက်သွားမိခဲ့သည်ကို မြင်တွေ့ခဲ့ရသည်။ ပြောရလျှင် တူးတူးကို အစီးသရေဖြင့် ထိုးသတ်ခဲ့မှုအပေါ် လက်ရှိချန်ပီယံ ထွန်းထွန်းမင်းအနေဖြင့် ပြန်လည်ကြွေးဆပ်နိုင်မည်ဟု ရိုးရာလက်ဝှေ့ချစ် ပရိသတ်များ မျှော်လင့်ထားသော်လည်း ဒုတိယအကြိမ် မကျေနပ်ချက်များဖြင့် အိမ်ပြန်ခဲ့ရသည်ကိုပင် တွေ့မြင်ခဲ့ရသည်။

အခြားပြည်တွင်းပွဲစဉ်များဖြစ်သည့် ရဲမာန်ဟိန်း(မုဒုံ) နှင့် မင်းနိုင်ထွန်း (ယူနိုက်တက်)၊ ရွှေရာမာဉ်(Mandalay ၁၈၈၆) နှင့် သားအသဲတစ်ပွင့် (ဗမာ့သွေး)၊ စိုးလင်းဦး (ဒို့ရိုးရာ)နှင့် သပြေညို (ဘိလပ်မြေစက်ရုံ)တို့ပွဲများတွင် အရှုံးအနိုင်မပေါ်ဘဲ သရေကျခဲ့ကာ ရဲသွေးနီ(တောင်ကလေး)နှင့် မိုက်ရိုင်း (ရွှေဖူး)တို့ပွဲတွင် ရဲသွေးနီကတတိယအချီ ၂ မိနစ် ၂၆ စက္ကန့်တွင် အလဲထိုးဖြင့်လည်းကောင်း၊ ဖိုးလပြည့်(ရွှေဖူး) နှင့် စောမင်းအောင်(တောင်ကလေး)တို့ပွဲတွင် တတိယအချီ ၂မိနစ် ၂၂ စက္ကန့်၌ ဖိုးလပြည့်က အလဲထိုးဖြင့် လည်းကောင်း၊ ဖျံသွေး (ရွှေမိုးထိငြိမ်းချမ်းရေး)နှင့် ဂေါ်မူဒို (သတ္တိ)တို့ပွဲတွင် ဖျံသွေးက တတိယအချီ ၁ မိနစ် ၁၉ စက္ကန့်မှာပင် အလဲထိုးဖြင့် ပွဲသိမ်း အနိုင်ယူခဲ့သည်။ ယနေ့ ယှဉ်ပြိုင်ထိုးသတ်ခဲ့သော တွဲဆိုင်းများတွင် ယခင်က ထည့်သွင်းထားသော ဖိုးကေ (မန္တလေး)နှင့် သွေးသစ်အောင်(ဘီးလင်း)တို့ပွဲ၌ ဖိုးကေက သတ်မှတ်ဝိတ် ကျော်လွန်နေသဖြင့် ရိုးရာလက်ဝှေ့အဖွဲ့ချုပ်က ပေးထိုးခွင့်မပြုခဲ့ကြောင်း သိရသည်။

ယနေ့ GTG ၏ တတိယအကြိမ်မြောက် ကျင်းပသည့် ရိုးရာလက်ဝှေ့စိန်ခေါ်ပွဲတွင် MMA လက်ဝှေ့ကျော် ကချင်ပြည်နယ်ဖွား အောင်လအန်ဆန်နှင့်အဖွဲ့ လာရောက်ကြည့်ရှုအားပေးခဲ့သည်။ အောင်လအန်ဆန်က “ကျွန်တော် ရိုးရာလက်ဝှေ့ကို ပထမဆုံးအကြိမ် လာရောက်ကြည့်ရှုအားပေးဖြစ်ခဲ့တာပါ။ အရင်ကတော့ TV နဲ့ ဗီဒီယိုခွေထဲမှာပဲ ကြည့်ဖြစ်ခဲ့တာ။ ကျွန်တော်တို့ MMA နဲ့ သိပ်ကွာခြားမှု မရှိပါဘူး။ ရိုးရာလက်ဝှေ့မှာက ဂျူဂျစ်စုနဲ့ နပန်းပဲ မပါတာပါ။ နည်းဥပဒေလေးတော့ နည်းနည်းကွာတာပေါ့။ မြန်မာ့ရိုးရာလက်ဝှေ့သမားတွေ အားရစရာကောင်းပါတယ်။ မာဂုဏ်ရှိကြတယ်”ဟု ရိုးရာလက်ဝှေ့နှင့်ပတ်သက်၍ ပြောကြားခဲ့သည်။

အဆိုပါ သုံးနိုင်ငံရိုးရာလက်ဝှေ့စိန်ခေါ်ပွဲကြီးတွင် ရိုးရာလက်ဝှေ့ချစ်ပရိသတ်များ ရုံပြည့်ရုံလျှံလာရောက် ကြည့်ရှုအားပေးခဲ့ပြီး ပွဲစီစဉ်ကျင်းပသည့် GTG ကလည်း ၎င်းတို့ ထုတ်ဖော်ကြေညာထားသည့်အတိုင်း ယှဉ်ပြိုင်ထိုးသတ်သည့် တွဲဆိုင်းများထဲမှ အနိုင်ရသူများကို ထိုးကြေးအပြင် အပိုဆောင်းဆုကြေးငွေများပါ ချီးမြှင့်ခဲ့သည်ကို တွေ့ရသည်။




**တူးတူး (မြန်မာ) ၏ ဘယ်ဖြောင့် လက်သီး ဗာနီယွန် (ထိုင်း)၏ မျက်နှာကို ထိမိစဉ်**

**ကမ္ဘာ့စိတ်ကျန်းမာရေးနေ့အထိမ်းအမှတ်ဆောင်းပါး**

# ကနဦးစိတ်ကျန်းမာရေးစောင့်ရှောက်ဖို့ လူတိုင်းပါဝင်ဆောင်ရွက်စို့

ပါမောက္ခဒေါက်တာခင်မောင်ကြီး
(စိတ်ကျန်းမာ / မှူးယစ်)

နှစ်စဉ် အောက်တိုဘာလ ၁၀ ရက်နေ့ကို "ကမ္ဘာ့ စိတ်ကျန်းမာရေးနေ့" အဖြစ်သတ်မှတ်၍ အထိမ်းအမှတ်နေ့များ ကျင်းပလာခဲ့သည်မှာ ၁၉၉၂- ခုနှစ်ကပင်ဖြစ်ပါသည်။ ကမ္ဘာ့ကျန်းမာရေးအဖွဲ့၏ ပူးပေါင်းထောက်ခံမှုဖြင့် နိုင်ငံတကာစိတ်ကျန်းမာရေးဆိုင်ရာအဖွဲ့များ ဖက်ဒရေးရှင်းမှ ဦးဆောင်ဆော်ဩမှုဖြင့် ကျင်းပခြင်းဖြစ်ပါသည်။ ယခုနှစ် ၂၀၁၆-ခုနှစ်၏ ကမ္ဘာ့စိတ်ကျန်းမာရေးနေ့ဆောင်ပုဒ်မှာ အင်္ဂလိပ်ဘာသာဖြင့် Mental Health and Psychological First Aid for All ဖြစ်ပြီး 'ကနဦးစိတ်ကျန်းမာရေးစောင့်ရှောက်ဖို့ လူတိုင်းပါဝင်ဆောင်ရွက်စို့' ဟု မြန်မာမှုပြုထားပါသည်။

**စိတ်ကျန်းမာခြင်းဆိုတာဘာလဲ**

စိတ်ကျန်းမာခြင်းဆိုသည်မှာ စိတ်ရောဂါလက္ခဏာများမရှိခြင်းသာမက

၁။ မိမိကိုယ်မိမိ ရှုမြင်သုံးသပ်ရာတွင် အထင်မသေးသကဲ့သို့ အထင်လည်းမကြီးဘဲ ပကတိအခြေအနေကို နှလုံးသွင်းလက်ခံနိုင်ခြင်း၊
၂။ မိမိ၏မှားကွက်၊ ဟာကွက်များကို လက်ခံနိုင်စွမ်းရှိခြင်း၊
၃။ နေ့စဉ်ကြုံတွေ့နေရသော ကိစ္စအဝဝကို လုံလောက်သောဝီရိယ၊ စေတနာနှင့် အေးဆေးစွာရင်ဆိုင်နိုင်စွမ်းရှိခြင်း၊
၄။ ယေဘုယျအားဖြင့် သူတစ်ပါးအပေါ်တွင် ယုံကြည်နိုင်ခြင်း၊ မေတ္တာထားနိုင်ခြင်းနှင့် လိုက်လျောညီထွေဆက်ဆံနိုင်ခြင်း၊
၅။ ကိုယ်ပိုင်ဆုံးဖြတ်ချက်ချနိုင်စွမ်းရှိ၍ ပေးအပ်သောတာဝန်များကို လက်ခံဆောင်ရွက်နိုင်စွမ်းရှိခြင်း စသည်တို့နှင့်ပြည့်စုံနေသော အခြေအနေကို ဆိုလိုပါသည်။

အလွန်တရာ ထိတ်လန့်စရာ စိတ်ချောက်ချားဖွယ်ရာဘေးအန္တရာယ်အဖြစ်အပျက်များဖြစ်ပွားပါက ပါဝင်ထိခိုက်ခံရသူများကို ကူညီပြုစုမှုပေးလိုသည်မှာ လူတို့၏သဘာဝပင်ဖြစ်ပါသည်။ ဤသို့ စိတ်ပိုင်းဆိုင်ရာ ပြင်းထန်စွာဖိစီးထိခိုက်ခံရသူများကို လူသားဆန်စွာဖြင့် လက်တွေ့ကျကျ ကူညီပံ့ပိုးဆောင်ရွက်ခြင်း အမှုပြုခြင်းသည် စိတ်ပိုင်းဆိုင်ရာ ပြုစုစောင့်ရှောက်မှုဖြစ်ပါသည်။ ထို့ပြင် စိတ်ပိုင်းဆိုင်ရာ ကူညီပံ့ပိုးမှုပြုခြင်းသည် ကြီးမားသော စိတ်ဖိစီးမှုဒဏ်ခံနေရသူများအတွက် ၎င်းတို့၏ အခြေခံလိုအပ်ချက်များကို ဖြည့်ဆည်းပေးရာရောက်ပေသည်။ ထိုလိုအပ်ချက်များ ဂရုပြုပြီးဖြည့်ဆည်းစောင့်ရှောက်မှုပြုရာတွင် ၎င်းတို့မျှော်မှန်းသောလိုအပ်ချက်များ၊ အင်အားများနှင့် ၎င်းတို့၏ယဉ်ကျေးမှုနှင့် ဂုဏ်သိက္ခာအတွင်း ဂရုစိုက်ဆောင်ရွက်ရန်လည်း လိုအပ်ပေသည်။ သို့မှသာ ကနဦးစိတ်ကျန်းမာရေး ကူညီစောင့်ရှောက်မှုမည်ပေမည်။

ဘေးအန္တရာယ်ဆိုရာမှာ သဘာဝဘေးအန္တရာယ်များဖြစ်သည့် လေပြင်းမုန်တိုင်းကျခြင်း၊ မိုးပြင်းထန်စွာရွာ၍ ရေကြီးခြင်း၊ မြေပြိုခြင်း၊ ငလျင်လှုပ်ခြင်း၊ တောမီးလောင်ခြင်းတို့ပါဝင်ပါသည်။ လူကြောင့်ဖြစ်သော ဘေးအန္တရာယ်များမှာ စစ်မက်ဖြစ်ပွားခြင်း၊ အကြမ်းဖက်မှု တိုက်ခိုက်မှုဖြစ်ပွားခြင်း၊ ပြန်ပေးဆွဲခြင်း၊ အဓိကရုဏ်းဖြစ်ပွားခြင်း၊ မီးရှို့ခြင်းတို့ ဖြစ်ပေသည်။

ဘေးအန္တရာယ်နှင့်ကြုံတွေ့ရသည့်အခါ လူအများစုမှာ မိမိ၏ ရှိရင်းစိတ်စွမ်းအားများဖြင့် တွေ့ကြုံရသော စိတ်ဒုက္ခများကို ကြံ့ကြံ့ခံနိုင်စွမ်းရှိကြပါသည်။ ဤသို့ရင်ဆိုင် နိုင်ရန်အချိန်မှာ အချိန်အနည်းငယ်မျှသာလိုသော်လည်း အချို့မှာ အချိန်အတိုင်းအတာတစ်ခုထိ လိုအပ်ပါသည်။ ဤသို့အန္တရာယ်ကြီးများကြောင့် စိတ်ဖိစီးမှုများပြားသည့်သူများတွင် စိတ်ပိုင်းဆိုင်ရာ အားပေးစောင့်ရှောက်မှုရှိပါက စိတ်ဒုက္ခကို လျင်မြန်စွာ ဖြေဖျောက်နိုင်စွမ်းရှိပါသည်။ အနည်းငယ် (၁-၂%) မျှသောသူများသည်သာ စနစ်တကျဆေးဝါးကုသရန် လိုအပ်သူများဖြစ်လာနိုင်ပါသည်။ သို့ဖြစ်၍ စိတ်ဖိစီးမှုများပြားသူများကို စိတ်ဝေဒနာရှင်များ ဖြစ်မလာစေရန် စိတ်ပိုင်းဆိုင်ရာ ကာကွယ်ပြုစုစောင့်ရှောက်မှုပေးရာတွင် ကျန်းမာရေးဝန်ထမ်းများနှင့်သာ မလုံလောက်ဘဲ စေတနာ့ဝန်ထမ်း လူမှုရေးစောင့်ရှောက်သူများ အများအပြား လိုအပ်ပါသည်။ စေတနာ့ဝန်ထမ်း လူမှုရေးစောင့်ရှောက်မှုပေးနိုင်သည့်သူများမှာ ရပ်ရွာရှိအငြိမ်းစား ကျောင်းဆရာ / ဆရာမများ၊ အငြိမ်းစား ကျန်းမာရေးဝန်ထမ်းများ၊ လူမှုရေးအသင်းအဖွဲ့ဝင်များ၊ မီးသတ်ကြက်ခြေနီအဖွဲ့များ၊ ဘာသာရေးအဖွဲ့အစည်းဝင်များအပြင် ရပ်ရွာအကျိုးသည်ပိုးလိုသည့် စေတနာ့ဝန်ထမ်း ရပ်သူရွာသားများ မည်သူမဆို ဖြစ်နိုင်ပါသည်။

**ဘေးအန္တရာယ်ကြုံတွေ့ပြီး စိတ်ဖိစီးမှုလွန်ကဲသည့်လက္ခဏာများ**

(၂၄)နာရီအတွင်း ဖြစ်ပေါ်နိုင်သောလက္ခဏာများမှာ
- စိတ်တင်းကျပ်ခြင်း၊ စိုးရိမ်စိတ်လွန်ကဲခြင်း၊ အလွန်အမင်းထိတ်လန့်ခြင်း၊
- စကားမေးမရဘဲငေးငိုင်နေခြင်း၊
- မိမိကြုံတွေ့ခဲ့ရသည့်အဖြစ်အပျက်အား လက်မခံနိုင်၊ မယုံကြည်နိုင်ခြင်း၊
- ဂနာမငြိမ်ဖြစ်ခြင်း၊ စိတ်ရှုပ်ထွေးခြင်း၊
- ငိုကြွေးခြင်း၊
- လူအများနှင့်ရောနှောမနေတော့ဘဲ တသီးတခြားနေခြင်း၊

**စိတ်ဖိစီးမှုများပြားသူများကို စိတ်ဝေဒနာရှင်များ ဖြစ်မလာစေရန် စိတ်ပိုင်းဆိုင်ရာ ကာကွယ်ပြုစုစောင့်ရှောက်မှုပေးရာတွင် ကျန်းမာရေးဝန်ထမ်းများနှင့်သာ မလုံလောက်ဘဲ စေတနာ့ဝန်ထမ်း လူမှုရေးစောင့်ရှောက်သူများ အများအပြား လိုအပ်ပါသည်**

- မိသားစုတစ်စုအတွင်း မိမိတစ်ယောက်တည်း ရှင်သန်လွတ်မြောက်ခဲ့ရခြင်းအပေါ် အပြစ်မကင်းသလို ခံစားရခြင်း၊
- (အချို့သောရှင်သန်ကျန်ရစ်သူ / ပျက်စီးဆုံးရှုံးမှုနည်းပါးသူများအနေနှင့် စိတ်ပေါ့ပါးပျော်ရွှင်သလို ခံစားရခြင်း) တို့ဖြစ်ပါသည်။

ဖော်ပြပါ တုံ့ပြန်ခံစားမှု၊ ပြောင်းလဲမှုများသည်သဘာဝဘေးအန္တရာယ်ကြုံတွေ့ရသူများ အားလုံးနီးပါးတွင် ဖြစ်ပေါ်နိုင်သော ပုံမှန်သဘာဝစိတ်ခံစားချက်များ ဖြစ်ပါသည်။ များသောအားဖြင့် စိတ်ပိုင်းဆိုင်ရာကုသမှုများ မလိုအပ်ပါ။ အားပေးခြင်းပြုရန်သာ လိုပါသည်။

**ရက်သတ္တပတ်အနည်းငယ်အတွင်း ဖြစ်ပေါ်နိုင်သောလက္ခဏာများမှာ**
- အလွန်အမင်း ကြောက်လန့်ခြင်း၊
- ထိတ်ထိတ်ပျာပျာဖြစ်ခြင်း၊ စိတ်ပူပန်ခြင်း၊ ငိုကြွေးခြင်း၊
- မျှော်လင့်ချက်ကင်းမဲ့သလိုခံစားရခြင်း၊
- မိမိကြုံတွေ့ခဲ့ရသည့် အဖြစ်အပျက်များ အတွေးအာရုံအတွင်းသို့ ပြန်လည်ဝင်ရောက်လာတတ်ခြင်း၊
- ရှင်သန်လွတ်မြောက်ခဲ့ရခြင်းအပေါ် အပြစ်မကင်းသလိုခံစားရခြင်း၊
- အပြုသဘောဆောင်သော တုံ့ပြန်ခံစားမှုများ မျှော်လင့်ချက်ထားရှိခြင်း၊ ရှေ့ရေးအတွက် တွေးတောခြင်း၊ ကူညီကယ်ဆယ်ရေးလုပ်ငန်းများတွင် ဝင်ရောက်ဆောင်ရွက်ခြင်း၊
- လောကဓံသဘောအရ သဘာဝဘေးအန္တရာယ်များ ကျရောက်တတ်သည်ဆိုသော သဘောကို လက်ခံလာနိုင်ခြင်းတို့ဖြစ်ပါသည်။

**ဘေးအန္တရာယ်ကျရောက်သည့်အခါ စိတ်ကျန်းမာရေး (စိတ်ပိုင်းဆိုင်ရာ) နှင့် လူမှုရေးပိုင်းဆိုင်ရာ ပြုစုစောင့်ရှောက်ခြင်း**

လူမှုရေးဖြည့်ဆည်းစောင့်ရှောက်ခြင်း (Social Support) ဆိုသည်မှာ -
- စားဝတ်နေရေးစသည့် အခြေခံလိုအပ်ချက်များ ဖြည့်ဆည်းပေးခြင်း
- အသက်မွေးဝမ်းကျောင်းနိုင်ရန် ဖြည့်ဆည်းပေးခြင်း (လယ်ယာ၊ ကျွဲ၊ နွား၊ လှေ၊ ပိုက်၊ ပေါက်တူး၊ ပေါက်ပြားစသည်များ)
- စက်များ၊ လောင်စာဆီ၊ နည်းပညာ၊ ငွေကြေးစသည်များ ထောက်ပံ့ပေးမှု
- ပညာရေးလိုအပ်ချက်များ ဖြည့်ဆည်းပေးမှု ဖြစ်ပါသည်။

**စိတ်ကျန်းမာရေး (စိတ်ပိုင်းဆိုင်ရာ) ပြုစုစောင့်ရှောက်မှုပေးနိုင်သည့် နည်းလမ်းများ (Methods)**
- စိတ်ပိုင်းဆိုင်ရာစစ်ဆေးခြင်း (Psychological Assessment)
- စိတ်ပိုင်းဆိုင်ရာ ကနဦးပြုစုမှု (Psychological First Aid)
- စိတ်ခံစားချက်များကို ထုတ်ဖော်ပြောခြင်း (Ventilation)
- နှစ်သိမ့်ဆွေးနွေးမှုပေးခြင်း (Counselling)
- ကိုယ်ရောစိတ်ပါ ဖြေလျော့ခြင်းနည်းလမ်းများ (Relaxation)
- ဆေးဝါးများဖြင့်ကုသခြင်း (Medication) တို့ဖြစ်ပါသည်။

**စိတ်ကျန်းမာရေး စောင့်ရှောက်မှုပေးသူများ သိထားလိုက်နာသင့်သည့်အချက်များ**

တွေ့ဆုံဆွေးနွေးရာတွင် လုပ်ဆောင်ရန်အချက်များ
- ဖြတ်လတ်တက်ကြွစွာ ချဉ်းကပ်ဆောင်ရွက်ပါ။
- စိတ်ဝင်စားစွာ အာရုံစိုက်နားထောင်ပါ။
- သနားကရုဏာသက်ခြင်းထက် ကိုယ်ချင်းစာနာစိတ်ဖြင့် ခံစားနားလည်ပေးပါ။
- လူတစ်ဦးချင်း၏ ဂုဏ်သိက္ခာကိုတန်ဖိုးထားလေးစားပါ။
- ပြဿနာအခက်အခဲများနှင့်စပ်လျဉ်း၍ လူတစ်ဦးချင်းစီ၏ ကိုယ်ပိုင်အမြင်များကို အသိအမှတ်ပြုတန်ဖိုး ထားပါ။
- လူတစ်ဦးချင်းစီ၏ အတွင်းရေး၊ လျှို့ဝှက်အပ်သောကိစ္စများကိုအထူးသတိပြုပါ။
- စဉ်ဆက်မပြတ်အကူအညီပေးနေနိုင်ရန် စီစဉ်ဆောင်ရွက်ပါ။
- လိုအပ်ပါက တစ်ဆင့်လွှဲပြောင်းပေးပြီး ကုသမှုခံယူနိုင်ရန် စီစဉ်ဆောင်ရွက်ပေးပါ။

**ရှောင်ရှားရန်အချက်များ**
- အကူအညီအထောက်အပံ့များကိုအတင်းအကျပ်မဆောင်ရွက်ပါနှင့်။
- သူတို့၏ စိတ်ခံစားချက်များကိုထုတ်ဖော်ပြောဆိုနေချိန်တွင် ဟန့်ထားခြင်းမပြုပါနှင့်။
- သနားကရုဏာသက်လွန်းခြင်း။
- ဝေဖန်ထင်မြင်ချက်ပေးခြင်း မပြုလုပ်ပါနှင့်။
- ကောလာဟလများ မပေါ်ထွက်ပါစေနှင့်။
- စိတ်ရောဂါရှိနေသည်ဟု ရောဂါမသတ်မှတ်ပါနှင့်။

**သနားကရုဏာသက်ခြင်းထက် ကိုယ်ချင်းစာနာစိတ်ဖြင့် ခံစားနားလည်ပေးခြင်း**

ကိုယ်ချင်းစာစိတ်ဖြင့်ခံစားနားလည်ခြင်း ပြောဆိုဆက်ဆံသည့် ပုံစံဥပမာများမှာ
- "ခင်ဗျားဘယ်လိုခံစားခဲ့ရမယ်ဆိုတာကို ကျွန်တော်သဘောပေါက်နားလည်ပါတယ်"
- "ဒီလိုခံစားခဲ့ရတဲ့အတွက် ခင်ဗျားဒေါသထွက်နေတယ်ဆိုတာကိုကျွန်တော်သိပါတယ်"
- "အခုလိုအခြေအနေမျိုးမှာ ဘယ်သူမဆိုကြောက်လန့်သွားနိုင်တာပဲ"
- "အခုလိုအဖြစ်မျိုးနဲ့ ကြုံလိုက်ရတဲ့အတွက် ခင်ဗျားဘယ်လိုခံစားခဲ့ရမယ်ဆိုတာကို ကျွန်တော် သိပါတယ်"

**သနားကရုဏာသက်ခြင်း ပြောဆိုဆက်ဆံသည့် ပုံစံဥပမာများမှာ**
- " သနားစရာကောင်းလိုက်တာ၊ ဒီလိုဖြစ်တာ ခင်ဗျားအတော်ကံဆိုးတာပဲ "
- "ခင်ဗျားလိုပဲ...ကျွန်တော်ပါ...ဒေါသထွက်တယ်ဗျ...ကဲ...ကျွန်တော်တို့ ဒီကိစ္စကို အတူတူ ရှင်းကြရအောင်"
- " ဘာမှမကြောက်နဲ့ ဘာဖြစ်ဖြစ်ကျွန်တော်ရှိတယ်... ခင်ဗျားကိုကူညီမယ် "
- " ခင်ဗျားကျတော့မှ ဘာဖြစ်လို့ဒီလိုဖြစ်ရတာလဲ... စိတ်ချ၊ နောက်တစ်ခါ ဒါမျိုးလုံးဝမဖြစ်စေရဘူး"

**စိတ်ပိုင်းဆိုင်ရာ ကနဦးပြုစုမှု၏နည်းလမ်းမှာ**

အခြေခံကျန်းမာရေး စောင့်ရှောက်မှုပေးသူများအနေဖြင့် ပေးရလေ့ရှိသော စိတ်ပိုင်းဆိုင်ရာပံ့ပိုးမှုများမှာ များသောအားဖြင့် စိတ်ပိုင်းဆိုင်ရာကနဦးပြုစုမှု (Psychological First Aid) ပင် ဖြစ်ပါသည်။
- စိတ်ပိုင်းဆိုင်ရာခံစားချက်များရှိနေသူများကို စိစစ်ဖော်ထုတ်ပေးပါ။
- ထိုသို့ စိတ်ပိုင်းဆိုင်ရာခံစားနေရသူများနှင့် ယုံကြည်ရင်းနှီးမှုရအောင် တည်ဆောက်ပါ။
- သဘာဝဘေးအန္တရာယ်ခံစားခဲ့ရသူများအတွက် အဓိကကျသော အရေးပေါ်လိုအပ်ချက်များကို ကရုဏာထားပြီး ဖြည့်ဆည်းပေးပါ။
- လိုအပ်သော လူမှုရေးအထောက်အကူပေးမှုများ ရရှိလာစေရန် ကူညီပေးပါ (အတင်းအကျပ် မဆောင်ရွက်မိပါစေနှင့်)။
- ဘေးအန္တရာယ်ထပ်ဆင့်မကြုံတွေ့ရစေရန် တတ်နိုင်သရွေ့ ကာကွယ်မှုပေးပါ။
- သဘာဝဘေးအန္တရာယ်ခံစားခဲ့ရသူများ အားလုံးလိုလိုသည် စိတ်ဖိစီးမှုဒဏ်ကို ခံစားကြရတတ်ကြောင်း ရှင်းပြပါ။
- သဘာဝဘေးအန္တရာယ် ခံစားခဲ့ရသူများနှင့် တွေ့ဆုံပြီး သူတို့၏ အခက်အခဲပြဿနာများကို နားထောင်ပေးပါ။ စာနာထောက်ထားနားလည်ပေးပါ။ သေချာစွာ ကူညီပေးပါ (အတင်းအကျပ်မဆောင်ရွက်မိပါစေနှင့်)။
- စိတ်ဖိစီးမှုဒဏ်ခံစားချက်များ လျော့ပါး သက်သာလာသည်အထိ ကူညီဆောင်ရွက်ပေးပါ။

ဤသို့သော ကနဦးစိတ်ကျန်းမာရေး စောင့်ရှောက်မှုနည်းလမ်းများကို ပရဟိတလုပ်ငန်းများ လုပ်ကိုင်ဆောင်ရွက်နေသည့် လူများနှင့်အသင်းအဖွဲ့များအနေဖြင့် လေ့လာသင်ယူပြီး အရေးပေါ်အန္တရာယ်ကြုံလာပါက အချိန်စောင့်ဆိုင်းရန်မလိုဘဲ ဘေးဒဏ်ခံရသူများကို ကနဦးစိတ်ကျန်းမာမှု ပြုစုပေးနိုင်ကြမည်ဖြစ်ပါကြောင်း ရေးသားရပေသည်။



# ယီမင်မြို့တော်ဆာနားတွင် ဈာပနအခမ်းအနားတစ်ခု လေကြောင်းမှတိုက်ခိုက်ခံရ၍ လူ ၁၄၀ ကျော် သေဆုံး

**ဆာနား အောက်တိုဘာ ၉**

ယီမင်နိုင်ငံ မြို့တော်ဆာနားရှိ ဈာပနအခမ်းအနားတစ်ခုတွင် ရုတ်တရက်လေကြောင်းတိုက်ခိုက်ခံရပြီးနောက် လူ ၁၄၀ ကျော် သေဆုံးကာ ၅၀၀ကျော် ထိခိုက်ဒဏ်ရာရရှိခဲ့ကြောင်း ကုလသမဂ္ဂအကြီးတန်း အာဏာပိုင်များက ပြောကြားခဲ့သည်။

ကြောက်မက်တုန်လှုပ်ဖွယ်ရာကောင်းလွန်းလှသည့် အဆိုပါတိုက်ခိုက်မှုကို ယီမင်နိုင်ငံဆိုင်ရာ ကုလသမဂ္ဂလူသားချင်းစာနာထောက်ထားမှု ပူးပေါင်းဆောင်ရွက်မှုအဖွဲ့အာဏာပိုင် ဂျာမီမက်ဂိုးရစ်ကဝေဖန် ရှုတ်ချခဲ့သည်။

ဟူသီသူပုန်အဖွဲ့က ဆော်ဒီဦးဆောင်သည့် မဟာမိတ်များ၏လက်ချက်ဟု စွပ်စွဲထားပြီး ဆော်ဒီအာရေဗျက ထိုသို့ မဟုတ်ကြောင်း ငြင်းဆန်ထားသည်။ အမေရိကန်ကမူ မဟာမိတ်အဖွဲ့အပေါ် ကူညီထောက်ပံ့မှုများကို မကြာသေးမီက လျှော့ချခဲ့သည့်အတွက် ချက်ချင်းတုံ့ပြန်ခဲ့သည့် တိုက်ခိုက်မှုဟု ပြောဆိုခဲ့သည်။

ဆော်ဒီအာရေဗျနှင့်အမေရိကန်၏ လုံခြုံရေးပူးပေါင်းဆောင်ရွက်မှုမှာ အကြောင်းမဲ့သက်သက်ပူးပေါင်းခြင်း မဟုတ်ဟု အိမ်ဖြူတော်အမျိုးသားလုံခြုံရေးကောင်စီမှ ပြောဆိုခွင့်ရပုဂ္ဂိုလ် နက်ဒ်ပရိုက်စ်က ပြောကြားခဲ့သည်။

ဆော်ဒီဦးဆောင်သည့် မဟာမိတ်အဖွဲ့သည်နိုင်ငံတကာ အသိအမှတ်ပြုထားသည့် ယီမင်အစိုးရကို ကျောထောက်နောက်ခံပြုလျက်ရှိသည်။ ၂၀၁၄ခုနှစ်မှစတင်ကာ စစ်ပွဲအတွင်း ပြည်သူထောင်နှင့်ချီ၍ သေဆုံးခဲ့ရသည်။

**(ဘီဘီစီ)**

# ဘီလာရုစ်ရှိ ဈေးဝယ်စင်တာ၌ လွှစက်နှင့် ပုဆိန်ကိုင်တိုက်ခိုက်မှုဖြစ် ဈေးဝယ်သူအမျိုးသမီးတစ်ဦး သေဆုံး

**မင့်စ် အောက်တိုဘာ ၉**

ဘီလာရုစ်ရှိ ဈေးဝယ်စင်တာတစ်ခုတွင် လူငယ်တစ်ဦးက လွှစက်နှင့်ပုဆိန်ကိုင်ကာလိုက်လံတိုက်ခိုက်ခဲ့မှုကြောင့် အမျိုးသမီးတစ်ဦးသေဆုံးခဲ့ပြီး တစ်ဦးထိခိုက်ဒဏ်ရာရရှိခဲ့ကြောင်း သိရသည်။

မြို့တော်မင့်စ်ရှိ ဥရောပဈေးဝယ်စင်တာ၌ထိုသို့တိုက်ခိုက်မှုဖြစ်ပွားခဲ့ခြင်းဖြစ်ကြောင်း အာဏာပိုင်များက ပြောကြားခဲ့သည်။

စနေနေ့ ညနေပိုင်းက မျက်နှာဖုံးစွပ်ထားသူတစ်ဦးသည် ကြောက်လန့်နေသည့် ဈေးဝယ်သူများကို နောက်မှလိုက်လံကာတိုက်ခိုက်ခဲ့ကြောင်း မျက်မြင်သက်သေများက ပြောခဲ့သည်။

ထိုသို့ဖြစ်ပွားခဲ့ပြီးနောက်တွင် သံသယရှိသူအသက် ၁၈ နှစ်အရွယ် လူငယ်တစ်ဦးကို ရဲများက ဖမ်းဆီးထိန်းသိမ်းခဲ့သည်။ အဘယ်ကြောင့် ထိုသို့တိုက်ခိုက်မှုလုပ်ဆောင်ခဲ့ကြောင်း ရှင်းရှင်းလင်းလင်းမသိရသေးပေ။

ဈေးဝယ်စင်တာအတွင်း၌ ၎င်းက လွှစက်ကို စတင်ဆွဲထုတ်လိုက်ချိန်တွင် ဈေးဝယ်သူများက ကစားနည်းတစ်မျိုးကို ပြုလုပ်ခြင်းဟု ထင်ခဲ့ကြသည်ဟု ရဲအဖွဲ့ ပြောဆိုခွင့်ရှိသူ အလက်ဇန်းဒါးလာတော့ဗ်စကီက ရိုက်တာသို့ ပြောကြားခဲ့သည်။

ထိုသို့ဆွဲထုတ်ပြီးနောက်တွင် ၎င်းက အမျိုးသမီးတစ်ဦးကို လွှစက်ဖြင့် လိုက်ဖြတ်ကာတူဖြင့် ထုရိုက်ခဲ့သဖြင့် အမျိုးသမီးသေဆုံးသွားခဲ့သည်။ ၎င်းကအခြားသူများကိုလည်း လိုက်လံတိုက်ခိုက်ခဲ့ရာ တစ်ဦးထပ်မံထိခိုက်ဒဏ်ရာရရှိခဲ့သည်။ ဒဏ်ရာရသည့်အမျိုးသမီးအား ဒေသတွင်း ဆေးရုံတစ်ရုံသို့ ပို့ဆောင်ခဲ့ကြောင်း သိရသည်။


**(ဘီဘီစီ)**

# နယူးယောက်မြို့အနီးခရီးသည်တင်ရထားတစ်စင်းတွဲချော်

**နယူးယောက် အောက်တိုဘာ ၉**

အမေရိကန်နိုင်ငံ နယူးယောက်မြို့တော်အနီးတွင် ခရီးသည်တင်ရထားတစ်စင်း တွဲချော်ကာလူအများအပြား ထိခိုက်ဒဏ်ရာရရှိစေခဲ့ကြောင်း အမေရိကန်အာဏာပိုင်များက ပြောကြားခဲ့သည်။ နာစူးခရိုင် နယူးဟေဒီပတ်ခ်အနီးတွင် ဖြစ်ပွားခဲ့သည့် အဆိုပါရထားတွဲချော်မှုတွင် ထိခိုက်ဒဏ်ရာရရှိသူများမှာ အသက်အန္တရာယ်စိုးရိမ်ရဖွယ်မရှိဟု ယူဆရကြောင်း သိရသည်။ ရထားသံလမ်းချော်မှုသည် စနေနေ့ညဒေသစံတော်ချိန် ည၉နာရီတွင် နယူးယောက်ရှိ မန်ဟတ်တန်မဲဆန္ဒနယ်၏ အရှေ့ဘက်မှမိုင် ၂၀(၃၂ကီလိုမီတာအကွာ)တွင် လုပ်ငန်းသုံးရထားတစ်စင်းတွဲချော်ခဲ့ခြင်းဖြစ်ကြောင်း သတင်းဖော်ပြခဲ့သည်။ ပြီးခဲ့သည့်လကလည်း နယူးဂျာစီပြည်နယ်ရှိ မီးရထားဘူတာရုံတစ်ခုတွင် ရထားတစ်စင်း မတော်တဆဖြစ်ပွားခဲ့ပြီး အမျိုးသမီးတစ်ဦးသေဆုံးကာခရီးသည် ၁၈၀ ထိခိုက်ဒဏ်ရာရရှိခဲ့သည်။

**(ရိုက်တာ)**




# လိမ်ညာခေါ်ယူပစ်ခတ်၍ ကယ်လီဖိုးနီးယား၌ ရဲအရာရှိ နှစ်ဦးသေဆုံး




**ကယ်လီဖိုးနီးယား အောက်တိုဘာ ၉**

စနေနေ့က ကယ်လီဖိုးနီးယား တောင်ပိုင်းမြို့နယ်ဖြစ်သည့် ပမ်စပရင်းတွင် ရဲအရာရှိနှစ်ဦးကို မိသားစုတစ်စုက ပြဿနာဖြစ်သည်ဟု ဆိုကာ ခေါ်ယူခဲ့ပြီးနောက် အဆိုပါ နေရာသို့ အရောက်တွင် သေနတ်ဖြင့် ပစ်သတ်ခံလိုက်ရကြောင်း သိရသည်။

ညနေခင်းအချိန်တွင် ဖြစ်ပွားခဲ့သည့် အဆိုပါသေနတ်ပစ်ခတ်မှုတွင် နောက်ထပ်ရဲအရာရှိတစ်ဦးမှာ ထိခိုက်ဒဏ်ရာရရှိခဲ့သည်ဟု ရဲအရာရှိချုပ်ဘရိုင်ယန်ရီယက်စ်က သတင်းစာရှင်းလင်းပွဲ၌ ပြောကြားသည်။

တရားခံကို ရှာဖွေနိုင်ရန်အနီးအနားရှိလမ်းများကို ရဲအဖွဲ့က ပိတ်ဆို့ထားခဲ့သည်။

သေဆုံးသွားသော ရဲအရာရှိနှစ်ဦးမှာ ဒီဇင်ဘာလတွင် အငြိမ်းစားယူတော့မည့် ဂျိုစီဗီဂါ (အသက် ၃၅ နှစ်)နှင့် လုပ်သက်တစ်နှစ်ခွဲခန့်သာရှိသေးသည့် လက်စလေဇီရက်ဘ်နီ (၂၇ နှစ်)တို့ဖြစ်သည်။ လက်စလေသည် လေးလသားအရွယ် ကလေးငယ်၏ မိခင်ဖြစ်သည်။

**(ရိုက်တာ)**

# ဆီးရီးယားနှင့် အီရတ်ရှိ ထိန်းချုပ်နယ်မြေလေးပုံတစ်ပုံကျော်ကို အိုင်အက်စ်တို့ လက်လွှတ်ဆုံးရှုံး

**ဒမတ်စကတ် အောက်တိုဘာ ၉**

အိုင်အက်စ်အစွန်းရောက် စစ်သွေးကြွအဖွဲ့သည် ၎င်းတို့တစ်ချိန်က ထိန်းချုပ်ထားခဲ့သည့် ပိုက်နက်နယ်မြေများ၏ လေးပုံတစ်ပုံကို လက်လွှတ်ဆုံးရှုံးခဲ့ရပြီဖြစ်ကြောင်း အသစ်ထွက်ပေါ်လာသည့် အချက်အလက်များက ဖော်ပြနေသည်။

၂၀၁၅ ဇန်နဝါရီလက အဖွဲ့၏ ထိန်းချုပ်မှုသည် အမြင့်ဆုံးအနေအထားအထိ ရောက်ရှိခဲ့ပြီးနောက် ယခုအခါ ၂၈ ရာခိုင်နှုန်းလောက် လျော့ကျသွားခဲ့ပြီဖြစ်ကြောင်း လုံခြုံရေးနှင့် ကာကွယ်ရေးကျွမ်းကျင်မှုအဖွဲ့က ပြောကြားသည်။

ယခုနှစ်၏ ပထမကိုးလအတွင်း အိုင်အက်စ်အဖွဲ့၏ နယ်မြေပိုင်ဆိုင်မှုသည် ၇၈၀၀၀ စတုရန်းကီလိုမီတာမှ ၆၅၅၀၀ ကီလိုမီတာအထိ လျော့ကျသွားကာ ထိုဧရိယာ အကျယ်အဝန်းသည် သီရိလင်္ကာနိုင်ငံ၏ အရွယ်အစားပမာဏနှင့် တူညီသည်ဟု IHS အဖွဲ့က ပြောကြားခဲ့သည်။

အိုင်အက်စ်အဖွဲ့သည် ဇူလိုင်လမှ စတင်ကာ ထိန်းချုပ်နယ်မြေစတုရန်း ကီလိုမီတာ ၂၈၀၀ လက်လွှတ်ဆုံးရှုံးခဲ့ရကြောင်း သတင်းများတွင်ဖော်ပြထားသည်။

**(ဘီဘီစီ)**

# နိုဘယ်ဆုပေးအပ်မှုနှင့် ကွာဟလာသော ရူပဗေဒပညာရှင်တို့၏ အသက်အပိုင်းအခြား

## ကလျာမိုးမြင့်

**နိုဘယ်ဆုအကြောင်းပြောဆိုကြမယ်ဆိုရင် နိုဘယ်ဆုဆိုတာဟာ နာမည်ဂုဏ်သတင်းကောင်းတစ်ခု ဆိုတာထက် ပိုပါတယ်။ ၁၉၀၁ ခုနှစ်လောက်ကတည်းကစပြီး နိုင်ငံတကာက နိုဘယ်ဆုဆွတ်ခူးရရှိသူတွေဟာ ၁၈ ကာရက်ရှိတဲ့ ရွှေစင်ဆုတံဆိပ်နဲ့ ငွေသားဆု အမေရိကန်ဒေါ်လာတစ်သန်းကို ပိုင်ဆိုင်ရရှိခဲ့ကြပါတယ်။**




ဂျင်းပီရီ (စတားဘတ်တက္ကသိုလ်)
ဘားနတ်ဖာရင်ဂါ (ဂရိုနင်ဂျင်တက္ကသိုလ်)
ဂျေဖရာဆာ စတော့ဒတ် (အနောက်မြောက်ပိုင်းတက္ကသိုလ်)

ဆုကြေးငွေသတ်မှတ်မှုကို နောက်ကြောင်းလိုက်ကြည့်မယ်ဆိုရင် ဒီဆုကို ဖန်တီးခဲ့သူဖြစ်တဲ့ ဒိုင်းနမိုက်တီထွင်သူ ပညာရှင် အဲဖရက်ဒ် နိုဘယ်ဟာ ၁၉၉၅ ခုနှစ်မှာ ၎င်းရဲ့တီထွင်စွမ်းဆောင်ခဲ့မှုအတွက် ယနေ့ခေတ်တန်ဖိုးအရ အမေရိကန်ဒေါ်လာ ၁၉၇ ဒသမ ၄ သန်းနဲ့ညီမျှတဲ့ တန်ဖိုးအတိုင်း ဆုကြေးသတ်မှတ်ခဲ့တာ ဖြစ်ပါတယ်။ အဲဒီနောက်မှာတော့ နိုဘယ်ဆုရှင်တွေကို နှစ်စဉ်နှစ်တိုင်း ချီးမြှင့်ခဲ့ပါတယ်။

၂၀၁၆ခုနှစ်မှာတော့ နိုဘယ်ဆုရွေးချယ်ရေးဖောင်ဒေးရှင်းက နိုဘယ်ဆုတစ်ဆု ပေးအပ်တိုင်း ပျမ်းမျှဆွီဒင်ငွေကြေး ခရိုနာရှစ်သန်း သို့မဟုတ် အမေရိကန်ငွေကြေး ၉၂၃၇၉ ဒသမ ၂၀ ဒေါ်လာ ထည့်သွင်းသတ်မှတ်ဖို့ဆုံးဖြတ်လိုက်ပါတယ်။ နိုဘယ်ဆုရှင်နှစ်ဦးဟာဆိုရင် ၎င်းတို့ရဲ့ ဆုတံဆိပ်တွေကို အမေရိကန်ဒေါ်လာ ၇၆၅၀၀၂ နဲ့သော်လည်းကောင်း၊ အမေရိကန်ဒေါ်လာ ၄ ဒသမ ၇ သန်းနဲ့ သော်လည်းကောင်း လေလံစနစ်နဲ့ အသီးသီးရောင်းချခဲ့ပြီဖြစ်ပါတယ်။

နိုဘယ်ဆုရှင်တိုင်းဟာ ကိုယ်ပိုင်ဆုတံဆိပ်တစ်ခုစီ ရရှိကြမှာဖြစ်သော်ငြားလည်း အကယ်၍ ဆုတစ်ဆုတည်းကို လူအများရရှိတယ်ဆိုရင် ငွေသားချီးမြှင့်မှုဟာ ကွဲပြားသွားပါတယ်။ ဥပမာအားဖြင့် ၂၀၁၆ ခုနှစ်အတွက် နယ်ပယ်အလိုက် ရူပဗေဒနိုဘယ် ဆုရရှိသူသုံးဦးရှိခဲ့ပါတယ်။ ဝါရှင်တန်တက္ကသိုလ်က ဒေးဗစ်ဒေါက်လက်စ်၊ ပရင်စတန်တက္ကသိုလ်က ဒန်ကန်ဟာလ်ဒိန်းနဲ့ ဘရောင်းတက္ကသိုလ်က မိုက်ကယ် ကော်စတာလစ်တို့ဖြစ်ပါတယ်။

နယ်ပယ်အလိုက် မတူညီတဲ့လေ့လာမှုဖြစ်စဉ်အရ ဒေါက်လက်စ်ဟာဆုရဲ့ ထက်ဝက်ဖြစ်တဲ့ ကန်ဒေါ်လာ ၄၆၁၅၈၉ ဒသမ ၆၀ ကို လက်ခံရရှိမှာဖြစ်ပြီး ဟာလ်ဒိန်းနဲ့ ကော်စတာလစ်က ဆုရဲ့လေးပုံတစ်ပုံဖြစ်တဲ့ ကန်ဒေါ်လာ ၂၃၀၇၉၄ ဒသမ ၈၀ စီကို အသီးသီးရရှိပါမယ်။

၂၀၁၆ ခုနှစ်အတွက် ဓာတုဗေဒဆိုင်ရာနိုဘယ်ဆုကို ချီးမြှင့်ရာမှာလည်း နာနိုနည်းပညာပိုင်းဆိုင်ရာ စွမ်းဆောင်နိုင်မှုအတွက် ပညာရှင်သုံးဦး ဆုရရှိခဲ့ပါတယ်။ စတားဘတ် တက္ကသိုလ်က ဂျင်းပီရီ ဆောဗေ့ချ်၊ အနောက်မြောက်ပိုင်း တက္ကသိုလ်က ဂျေဖရာဆာ စတော့ဒတ်နဲ့ ဂရိုနင်ဂျင်းတက္ကသိုလ်က ဘားနတ်ဖာရင်ဂါတို့ဟာ ကန်ဒေါ်လာ ၃၀၇၇၂၆ ဒသမ ၄၀ စီ အသီးသီးရရှိကြမှာ ဖြစ်ပါတယ်။

ဆေးပညာဆိုင်ရာ နိုဘယ်ဆုကို တစ်ကိုယ်တော်ရရှိတဲ့ တိုကျိုနည်းပညာတက္ကသိုလ်က ယိုရှီနိုရီ အိုဆူမီကတော့ cell recycling ဖြစ်စဉ်ကိုကြိုးပမ်းအားထုတ်နိုင်ခဲ့တဲ့ စွမ်းဆောင်မှုအတွက် ဆုကိုတစ်ဦးတည်း အပြည့်အဝရရှိမှာဖြစ်ပါတယ်။ ဒီဆုနဲ့အလားတူစွာပဲ ယခုနှစ်အတွက် ငြိမ်းချမ်းရေးနိုဘယ်ဆုကို ကိုလံဘီယာသမ္မတ ဂျူအန်မန်နျူရယ် ဆန်တို့စ်က ရာစုနှစ်ထက်ဝက်ကျော်ကြာတဲ့အထိဖြစ်ပွားခဲ့တဲ့ ပြည်တွင်းစစ်ကို အဆုံးသတ်ဖို့ ကြိုးပမ်းအားထုတ်ခဲ့မှုအတွက် တစ်ဦးတည်းပိုင်ဆိုင် ရရှိခဲ့ပါတယ်။ ဒီဆုကို ၂၀၀၉ ခုနှစ်မှာ အမေရိကန်သမ္မတ ဘာ ားရက်အိုဘားမား ရရှိခဲ့ပြီး ဆုကြေးငွေတွေကို ပရဟိတအဖွဲ့သို့ ပေးအပ်လှူဒါန်းလိုက်ပါတယ်။

၂၀၁၆ ခုနှစ်အတွက် ရူပဗေဒ၊ ဓာတုဗေဒနဲ့ ဆေးပညာဆိုင်ရာ နိုဘယ်ဆုပေးအပ်ရာမှာ ဆုရရှိတဲ့အမျိုးသားတွေအားလုံးဆိုသလို အသက်အားဖြင့် ၆၅ နှစ်က အနည်းဆုံးဖြစ်ပြီး အများစုဟာအသက် ၇၂ နှစ်ကျော်တဲ့ ပုဂ္ဂိုလ်တွေချည်းဖြစ်နေတာကို တွေ့ရပါတယ်။ သို့သော်လည်း ၂၀ ရာစုနှစ်ရဲ့ ပထမထက်ဝက်လောက်ကို ပြန်ပြောင်းကြည့်မယ်ဆိုရင် ပျမ်းမျှနိုဘယ်ဆုရှင်တွေဟာ အသက် ၅၆ နှစ်လောက်သာ ရှိခဲ့ပါတယ်။ ယနေ့အခါမှာ အသက် ၆၀ ကျော် အမျိုးသားတစ်စုရရှိတဲ့ ရူပဗေဒဆိုင်ရာ နိုဘယ်ဆုကိုယခင်က အသက် ၄၇ နှစ်အရွယ်ရှိသူတွေ ရရှိခဲ့ဖူးပါတယ်။

ဒီကိစ္စရပ်နဲ့ပတ်သက်ပြီး ယုံမှားသံသယဖြစ်ဖွယ်ရှိလာတာကတော့ ယနေ့အခါမှာ သိပ္ပံဆိုင်ရာ ကြီးကျယ်တဲ့ရှာဖွေတွေ့ရှိ အောင်မြင်မှုတွေဟာ သက်ကြီးပိုင်းအရွယ်မှာမှ ဖြစ်တယ်ဆိုတဲ့နဲ့ သီအိုရီတွေအများအပြား ရှိနေလေသလားဆိုတဲ့အချက်ဖြစ်ပါတယ်။

နိုဘယ်ပြတိုက်ကို ထိန်းသိမ်းစောင့်ရှောက်တဲ့ အကြီးတန်းဝန်ထမ်းတစ်ဦးဖြစ်တဲ့ ဂ တ်စတပ် ကယ်လ်စထရန်းက လွန်ခဲ့တဲ့နှစ်တစ်ရာလောက်က ရူပဗေဒပညာရှင်တွေ အယောက်တစ်ထောင်လောက်ရှိခဲ့တယ်လို့ ဆိုပါတယ်။ ယခုအခါမှာတော့ တစ်ကမ္ဘာလုံးမှာ ခန့်မှန်းခြေ တစ်သန်းလောက်ရှိနေပါပြီ။ ဒါဟာလည်း အဓိကကျတဲ့အကြောင်း တစ်ခုပါ။ နိုဘယ်ဆုရရှိဖို့ စောင့်ဆိုင်းရတဲ့ အချိန်ကလည်းကြာမြင့်ပြီး သင့်အနေနဲ့ ရှာဖွေတွေ့ရှိ အောင်မြင်မှုရခဲ့တယ်ဆိုရင်တောင် ချက်ချင်းဆုချီးမြှင့်ခံရမှာ မဟုတ်ပါဘူး။

ယနေ့အချိန်ထိတိုင်အောင် သိပ္ပံပညာရှင်တွေဟာ ဘဝသက်တမ်းရဲ့ အစောပိုင်း အချိန်တွေမှာ ရှာဖွေစူးစမ်းမှုတွေလုပ်နေတာမှန်ပေမယ့် နောက်ထပ်လူထောင်ပေါင်းများစွာကလည်း ကိုယ်လိုပဲတူညီတဲ့ စူးစမ်းလေ့လာမှုမျိုးကို လုပ်နေကြတာပါ။

ဒါပေမယ့် မေးစရာရှိလာတာက လွန်ခဲ့သောနှစ်တစ်ရာခန့်ကထက် အခုအချိန်မှာ စာရေးဆရာတွေ၊ စီးပွားရေးပညာရှင်တွေနဲ့ ငြိမ်းချမ်းရေးအတွက် ကြိုးပမ်းနေကြသူတွေဟာ ထောင်နဲ့ချီပြီး များပြားလာပါတယ်။ ၎င်းတို့ရဲ့ အသက်အပိုင်းအခြားကလည်း အတော်လေး ခြားနားနေပါတယ်။ ဒါဆိုရင် ရူပဗေဒနိုဘယ်ဆုရှင်တွေဟာ ဘာကြောင့်ဆေးပညာ နိုဘယ်ဆုရှင်တွေထက်ပိုပြီး အသက်အရွယ် အိုမင်းနေကြတာလဲ။ မစ္စတာ ကယ်လ်စထရန်းက ရာစုနှစ်ရဲ့အစောပိုင်းလောက်တုန်းက ရူပဗေဒပညာရပ်ဟာ အလျင်အမြန်ဖွံ့ဖြိုးတိုးတက်နေတဲ့ နယ်ပယ်တစ်ရပ်ဖြစ်ခဲ့တယ်။ ရူပဗေဒပညာရှင်တွေဟာလည်း ငယ်ရွယ်ပြီးရှာဖွေတွေ့ရှိမှုတွေကို အလျင်အမြန် လုပ်ဆောင်ခဲ့ကြတယ်လို့ ဖွင့်ဟခဲ့ပါတယ်။

နိုဘယ်ဆုရွေးချယ်ရေးကော်မတီကလည်း ဒါကိုသိရှိနားလည်ခဲ့ကြတယ်။ ဒါဟာအဖွဲ့က အာရုံစိုက်တဲ့ကိစ္စရပ်တစ်ခုဖြစ်ပြီး ဆုပေးရွေးချယ်မှုဟာလည်း မြန်ဆန်ခဲ့တယ်လို့ ၎င်းကပြောပါတယ်။ ၁၉၃၀ ပြည့်နှစ်များအတွင်းမှာ ရူပဗေဒနိုဘယ်ဆုရရှိတဲ့ ဝါနာဟေဆန်ဘတ်နဲ့ ပေါလ်ဒိုင်ရက်ဆိုရင် အသက် ၃၁ နှစ်လောက်သာရှိခဲ့တယ်။ နှစ်ဦးစလုံးဟာ ကိုယ်စားပြုတုန်ခါမှုနဲ့ အချိုးကိုက်ညီတဲ့ စွမ်းအင်ပမာဏဆိုင်ရာ စက်မှုပညာကို စွမ်းဆောင်အောင်မြင်ခဲ့သူတွေ ဖြစ်ပါတယ်။ ငြိမ်းချမ်းရေးနိုဘယ် ဆုရှင်တွေဟာလည်း အသက်အရွယ်နဲ့အမျှ ကြိုးပမ်းအားထုတ်နေကြရတယ်။ ဆုချီးမြှင့်မှုဟာ ယခင်ကနဲ့ယခုတော်တော်လေးခြားနားသွားပါပြီ။ ငြိမ်းချမ်းရေးနိုဘယ်ဆုရွေးချယ်မှုကော်မတီဟာ ဒီထက်ပိုပြီး ခေတ်မီဆန်းသစ်ဖို့ လိုအပ်နေပါသေးတယ်။ ပြောရမယ်ဆိုရင် အင်ဒိုနီးရှားမှာ ဒီမိုကရေစီရရှိဖို့ ကြာမြင့်နေဦးမှာဖြစ်သလိုမျိုး ငြိမ်းချမ်းရေးဆောင်ရွက်မှုတွေ အပြီးသတ်အောင်မြင်မယ့်အချိန်ထိ ဘယ်သူကမှ ထိုင်ပြီးစောင့်ဆိုင်းနေနိုင်မှာ မဟုတ်ပါဘူး။

နောက်တစ်ချက်က လူသားချင်းစာနာထောက်ထားမှုဆိုင်ရာ ဆောင်ရွက်မှုနဲ့ သိပ္ပံပညာရပ်တွေမှာ ပြောင်းလဲမှုတွေရှိလာသော်ငြားလည်း နိုဘယ်ဆုရှင်တော်တော်များများဟာ အမျိုးသားအများစုဖြစ်နေပါတယ်။ ဒီထဲမှာမှ မာရီကျူရီကတော့ ၁၉၀၃ ခုနှစ်မှာ radiation protest ဖြစ်စဉ်နဲ့ ရူပဗေဒနိုဘယ်ဆုရရှိတဲ့ ပထမဆုံးသော အမျိုးသမီးနိုဘယ်ဆုရှင်ဖြစ်ခဲ့ဖူးပါတယ်။

**ကိုးကား-ဘီဘီစီ**

(၇.၁၀.၂၀၁၆)

**၂၀ ရာစုနှစ်ရဲ့ ပထမထက်ဝက်လောက်ကို ပြန်ပြောင်းကြည့်မယ်ဆိုရင် ပျမ်းမျှ နိုဘယ်ဆုရှင်တွေဟာ အသက် ၅၆ နှစ်လောက်သာရှိခဲ့ပါတယ်။ ယနေ့အခါမှာ အသက် ၆၀ ကျော် အမျိုးသားတစ်စုရရှိတဲ့ ရူပဗေဒဆိုင်ရာနိုဘယ်ဆုကို ယခင်က အသက် ၄၇ နှစ်အရွယ်ရှိသူတွေ ရရှိခဲ့ဖူး**




ဒေးဗစ်ဒေါက်လက်စ် (ဝါရှင်တန်တက္ကသိုလ်)
ဒန်ကန်ဟာလ်ဒိန်း (ပရင်စတန်တက္ကသိုလ်)
မိုက်ကယ်ကော်စတာလစ် (ဘရောင်းတက္ကသိုလ်)

# အာဖဂန်မြောက်ပိုင်းတွင် စစ်ရဟတ်ယာဉ်ပျက်ကျ ခုနစ်ဦးသေဆုံး

ကဘူးလ် အောက်တိုဘာ ၉

တနင်္ဂနွေနေ့က အာဖဂန်မြောက်ပိုင်းတွင် အာဖဂန်ရဟတ်ယာဉ်တစ်စင်းပျက်ကျခဲ့ရာ လေယာဉ်ပေါ်လိုက်ပါလာသူခုနစ်ဦးထက် မနည်း သေဆုံးခဲ့ကြောင်း သိရသည်။ မတော်တဆပျက်ကျမှုဖြစ်ကြောင်းအာဖဂန်ကာကွယ်ရေးဝန်ကြီးဌာနမှ အာဏာပိုင်များကပြောကြားခဲ့သည်။

ရုရှားနိုင်ငံလုပ် Mi-173 ရဟတ်ယာဉ်ပျက်ကျမှုတွင်လေယာဉ်အမှုထမ်းသုံးဦးနှင့်စစ်သား သုံးဦးသေဆုံးခဲ့ကြောင်း ကာကွယ်ရေးဝန်ကြီးဌာန ပြောရေးဆိုခွင့်ရှိသူ ဒေါလတ်ဝါဇီရီကပြောကြားခဲ့သည်။

အာဖဂန်စစ်ရဟတ်ယာဉ်သည် မြောက်ပိုင်းဘက်ဂလန်ပြည်နယ်တွင်နည်းပညာပိုင်းဆိုင်ရာ ချွတ်ယွင်းမှုတစ်ခုခုကြောင့်မတော်တဆပျက်ကျခဲ့ခြင်း ဖြစ်ကြောင်း ၎င်းက ရှင်းလင်းဖြေကြားခဲ့သည်။ စုံစမ်းစစ်ဆေးမှုများကို လုပ်ဆောင်နေဆဲဖြစ်ကြောင်းသိရသည်။

တာလီဘန်အဖွဲ့ ပြောဆိုခွင့်ရပုဂ္ဂိုလ် ဇာဘီဟူလာ မူဂျာဟစ်ကမူ အဆိုပါ ပျက်ကျမှုတွင် အိုင်အက်စ်အဖွဲ့မှတိုက်ခိုက်ရေးသမားများက ရဟတ်ယာဉ်ကို ပစ်ချခဲ့ခြင်းဖြစ်ကြောင်းစွပ်စွဲလျက်ရှိသည်။

သူပုန်အဖွဲ့က ဝိုင်းရံထားသည့် အာဖဂန်အစိုးရ၏ စစ်ဆေးရေးဂိတ်ကို ကူညီအားဖြည့်ရန် ရဟတ်ယာဉ်ကကြိုးပမ်းခဲ့သည်ဟုလည်း တာလီဘန်တို့က ပြောဆိုခဲ့သည်။ ဘက်ဂလန်ပြည်နယ်အနောက်ပိုင်းတွင် အာဖဂန်အင်အားစု တပ်ဖွဲ့ဝင် ၁၀၀ ကျော်တို့ ရက်သတ္တပတ်တစ်ခုနီးပါးကြာအောင် ဝိုင်းရံခံခဲ့ရသည်။ **(ရိုက်တာ)**

# ကသာခရိုင်အတွင်း တရားမဝင်သစ်ခိုးထုတ်သူများအား ဖမ်းဆီးရမိ

**ကသာ အောက်တိုဘာ ၉**



ကသာခရိုင် ကသာမြို့နယ်၌ တရားမဝင် သစ်ခိုးခုတ်ပြီး သစ်စက်တည်ခြင်းနှင့် သယ်ယူဖြန့်ချိ ရောင်းဝယ်သူများကို ဖမ်းဆီးရမိကြောင်း သိရသည်။

အောက်တိုဘာ ၈ ရက်က ကသာမြို့နယ် မိုးတားဘိနယ် ဆိပ်သာဘုန်းကြီးကျောင်းအနီး၌ ကျွန်းသစ်ကိုးလုံး၊ သတီသစ် ၂၁ လုံး၊ သတီခွဲသား ၁၉၁ ချောင်း၊ ဝီလင်း ၂၅ ကောင် အင်ဂျင် တစ်လုံး၊ ချိန်းဆောတစ်လက်၊ ဆက်စပ်ပစ္စည်းငါးမျိုးနှင့် အလားတူ ပြစ်မှုကျူးလွန်သူ ငါးဦးပါ စုစုပေါင်း ၁၃ ဒသမ ၃၇၄ တန်နှင့် သစ်စက်ကို သက်ဆိုင်ရာတာဝန်ရှိသူများက ပူးပေါင်း၍ ဖမ်းဆီးရာ ကချင်ပြည်နယ်စပ်နှင့် ဆက်စပ်နေသော နရာ မှာ သယ်ဆောင်ထားရှိပြီး လုပ်ကိုင်နေသူ မြင့်စိုး၊ အောင်ကိုလင်း၊ မြင့်ဆွေ၊ သန်းထိုက်အောင်၊ သန်းကျော်ထွန်း၊ မိုးတားအုပ်စု ဆင်ကုန်တိုင်ရွာနေသူ ငါးဦးကို ဖမ်းဆီးရမိခဲ့သဖြင့် ရဲစခန်းသို့အပ်နှံထားရှိခဲ့ကြောင်း သစ်တောဦးစီးဌာနမှ သိရသည်။

အလားတူ အောက်တိုဘာ ၇ ရက်က ထီးချိုင့်မြို့နယ် ကျောင်းကုန်းသွားကားလမ်း မြို့ဝင် မောင်းတံဂိတ်၌ ကျွန်းပျဉ်ခွဲသားအချပ် (၃ ဒသမ ၉၆၇၂ တန်) ကရဝေးရွက် ၂၁ အိတ်တင်ဆောင်လာသော ခြောက်ဘီးယာဉ်တစ်စီး၊ ယာဉ်မောင်း တင့်ဝေ၊ ယာဉ်နောက်လိုက် အေးချိုတို့ နှစ်ဦးကို ထီးချိုင့်မြို့နယ် သစ်တောဦးစီးအရာရှိ ဦးသောင်းတင်ဌေးနှင့် ထီးချိုင့်ရဲစခန်းမှ တပ်ဖွဲ့ဝင်များ ပူးပေါင်းဖမ်းမိခဲ့သည်။

ထို့အပြင် ဗန်းမောက်မြို့နယ် မံပင်ရွာအနီး၌ တမလန်းဓားရှေ့ ကိုးတုံး (၀ ဒသမ ၅၅၀၄ တန်) တင်ဆောင်လာသော လေးဘီးယာဉ် တစ်စီး၊ ဖုန်းသုံးလုံး၊ ငွေကျပ် တစ်သောင်းတန် ၆၄ ရွက်နှင့် သစ်ပိုင် ယာဉ်ပိုင်ရှင် ဇော်မိုးထွန်း ယာဉ်မောင်းငွေအေး ယာဉ်နောက်လိုက် ကျော်မြိုင်တို့ သုံးဦးကို ဗန်းမောက်မြို့နယ် သစ်တောဦးစီးဌာနမှ တပ်ဖွဲ့ဝင်များက ပူးပေါင်း၍ အောက်တိုဘာ ၇ ရက်က ဖမ်းဆီးရမိခဲ့ရာ ဆက်လက်အရေးယူသွားမည်ဖြစ်ကြောင်း သိရသည်။

**ငွေအိုး (ကသာ)**

# ခင်ပွန်းသည်က မိမိကိုဂရုမစိုက်ဟုထင်ပြီး အိပ်ပျော်နေသောခင်ပွန်းကို ဇနီးသည်က ဓားနှင့်ခုတ်

**နတ်မောက် အောက်တိုဘာ ၉**

နတ်မောက်မြို့နယ်၌ အိပ်ပျော်နေသည့် ခင်ပွန်းဖြစ်သူကို ဇနီးက ဓားဖြင့်ခုတ်မှု ဖြစ်ပွားခဲ့သည်။

နတ်မောက်မြို့နယ် တက်ဝန်း(မြောက်)ရွာ၌ အောက်တိုဘာ ၈ ရက်က ကျော်စိုးအောင်ဆိုသူကို နေအိမ်အပေါ်ထပ်၌ ဓားပြတ်ရှဒဏ်ရာ (စိုးရိမ်ရ)ရရှိထားသည်ကို တွေ့ရှိရပြီး ဇနီးဖြစ်သူ မနှင်းက ကျော်စိုးအောင်သည် ယခင်အိမ်ထောင် နှင့်ရသည့် သားသုံးယောက်ကိုသာ ဂရုစိုက်ပြီး ကိုယ်ဝန်မပေါ့မပါးနှင့် မိမိကို ပစ်ထားသည်အထင်ဖြင့်စိတ်ဆိုးကာ ကျော်စိုးအောင် အိပ်နေစဉ် ဓားမနှင့်ခုတ်၍ ဒဏ်ရာရရှိခဲ့ခြင်းဖြစ်ကြောင်း သိရသည်။

ဖြစ်စဉ်နှင့်ပတ်သက်၍ ဓားနှင့်ခုတ်သူ မနှင်း(၃၅နှစ်)ကို အရေးယူပေးရန် ဦးကျန်မြင့်က တရားလိုပြုတိုင်ကြားခဲ့သောကြောင့် နတ်မောက်မြို့နယ် မြို့မရဲစခန်းက အမှုဖွင့်ထားကြောင်း သိရသည်။

**ကျော်ဇေယျ**

# မြင်းခြံဘွားကျေးရွာ၌ နေအိမ်တစ်လုံး မီးကြိုးပစ်ခံရ

**ယင်းမာပင် အောက်တိုဘာ ၉**

စစ်ကိုင်းတိုင်းဒေသကြီး ယင်းမာပင်ခရိုင် ဆားလင်းကြီးမြို့နယ် မြင်းခြံဘွားကျေးရွာ၌ အောက်တိုဘာ ၇ ရက် နံနက် ၉ နာရီက နေအိမ်တစ်လုံး မိုးကြိုးပစ်ခံရကြောင်း သိရသည်။

ဖြစ်စဉ်မှာ အိမ်ရှင်ဖြစ်သူ ဒေါ်ခင်မြနှင့် သမီးနှစ်ဦးတို့သည် ယင်းနေ့နံနက်ပိုင်းက မိုးရွာနေ၍ တံခါးများပိတ်ကာ နေအိမ်အတွင်းရှိနေစဉ် နေအိမ်ကို မိုးကြိုးပစ်ခံရကြောင်း သိရသည်။ နေအိမ် မိုးကြိုးပစ်ခံရမှုကြောင့် ရှေ့အိမ်တိုင်သုံးလုံးနှင့်အတူ အသုံးဆောင်ပစ္စည်းများ ပျက်စီးဆုံးရှုံးခဲ့သည်။ အိမ်အတွင်းရှိ လူသုံးဦးအနက် နှစ်ဦးမှာ အန္တရာယ်မရှိဘဲ တစ်ဦးမှာ လျှပ်စီးဝင်ပြီး ခြေထောက်တစ်ဖက် ထုံကျဉ်နေသဖြင့် ဆားလင်းကြီးမြို့ ပြည်သူ့ဆေးရုံသို့တက်ရောက် ကုသလျက်ရှိကြောင်း သိရသည်။

**ဦးငယ်(ဆားလင်းကြီး)**



# ကော့ကရိတ်မြို့နယ်၌ တယ်လီနောဖုန်းတိုင် မိုင်းခွဲတိုက်ခိုက်ခံရ

**ကော့ကရိတ် အောက်တိုဘာ ၉**

ကရင်ပြည်နယ် ကော့ကရိတ်မြို့နယ် မြပတိုင်ကျေးရွာရှိ တယ်လီနော်ဖုန်းတိုင်ကို အောက်တိုဘာ ၈ ရက် နံနက် ၁ နာရီက လက်နက်ကိုင်အဖွဲ့တစ်ဖွဲ့ကို မိုင်းခွဲတိုက်ခိုက်ခြင်းခံရကြောင်း ကော့ကရိတ်မြို့မရဲစခန်းမှ သိရသည်။

အောက်တိုဘာ ၈ ရက် မွန်းတည့် ၁၂ နာရီခန့်က မြပတိုင်ကျေးရွာအုပ်ချုပ်ရေးမှူး ဦးဆန်းဝင်းက မြို့နယ်အုပ်ချုပ်ရေးမှူး ဦးရာဇာအေးထံသို့ လာရောက်၍ အောက်တိုဘာ ၈ ရက် နံနက် ၁ နာရီခန့်က မြပတိုင်ကျေးရွာအုပ်စု တံတားအဝင် တယ်လီနောဖုန်းတာဝါတိုင်အနီး ပေါက်ကွဲသံကြားကြောင်း လာရောက်သတင်းပို့သဖြင့် ကော့ကရိတ်မြို့မစခန်းမှူး ဒုတိယရဲမှူး ခင်မောင်အေးနှင့်တပ်ဖွဲ့ဝင်များ၊ နယ်မြေခံတပ်ဖွဲ့ဝင်များသည် ညနေ ၃ နာရီခန့်တွင် အခင်းဖြစ်နေရပ်သို့ ရောက်ရှိပြီး ပူးပေါင်းအဖွဲ့နှင့်အတူ ဆက်လက်စစ်ဆေးရာ တယ်လီနောဖုန်းတာဝါတိုင်ခြံဝင်း အပြင်ဘက်၌ ပေါက်ကွဲမှုဖြစ်ပွားခဲ့ပြီး ပေါက်ကွဲမှုကြောင့် ဂျင်နရေတာမီးစက်၊ ရှေ့မျက်နှာစာ သုံးချက်ပေါက်၊ လေးပေခွဲ ဗန်းတစ်ချက်ပေါက်၊ ဘက်ထရီ ၂၄ လုံးထည့်ထားသော ပုံးတစ်ချက်ပေါက်၊ ခြံစည်းရိုးညာခြမ်း သွပ်ဆူးကြိုးသုံးဆင့်တွင် အပေါ်ဆုံးအဆင့် တစ်ချက်ပြတ်ထွက်ခဲ့ခြင်း စသည့်ပျက်စီးဆုံးရှုံးမှုများကို တွေ့ခဲ့ရပြီး ပေါက်ကွဲမှုဖြစ်ပွားရာအနီး၌ သံတိုသံစ ၁၄ ခု၊ အဝတ်အပိုင်းအစ နှစ်ခု၊ ၆၀ မမ ပုံးသီးကို မီးရှို့ဖောက်ခွဲဖျက်ဆီးခဲ့ကြောင်း စစ်ဆေးတွေ့ရှိရသည်။

အဆိုပါ ဖြစ်စဉ်နှင့်ပတ်သက်၍ အကြမ်းဖက်ဖျက်ဆီးသည့် လက်နက်ကိုင်အဖွဲ့ကို စုံစမ်းဖော်ထုတ်လျက်ရှိကြောင်း ကော့ကရိတ်မြို့မရဲစခန်းမှ သိရသည်။

**တင်ဝင်းလှိုင်(ကော့ကရိတ်)**

# မကွေးမြသလွန်ဘုရားပွဲတော် ပွဲဈေးအတွင်း လူသတ်မှုဖြစ်ပွား

**မကွေး အောက်တိုဘာ ၉**

မကွေးမြို့ ကျွန်းစုကျေးရွာရှိ မြသလွန်ဘုရားပွဲတော်ဈေးအတွင်း အောက်တိုဘာ ၈ ရက် ညနေပိုင်းက လူသတ်မှုဖြစ်ပွားခဲ့ကြောင်း သိရသည်။

ပွဲဈေးအတွင်း ချားရဟတ်(၁)တောင်ဘက်အနီး၌ လှိုင်လင်းဌေး (၂၂ နှစ်) ချောင်းဖြူရွာ မင်းဘူး(စကု)မြို့နယ်နေသူကို ဝဲပေါင်ထိုးသွင်း ဒဏ်ရာတစ်ချက်နှင့် နောက်ကျောဝဲဘက် ထိုးသွင်းဒဏ်ရာတစ်ချက်(စိုးရိမ်ရ)ဖြင့် လဲကျနေသည်ကို တွေ့ရှိခဲ့သဖြင့် ဒဏ်ရာရရှိသူ လှိုင်လင်းဌေးမှာ မကွေးပြည်သူ့ဆေးရုံကြီးသို့ တင်ပို့စဉ် သေဆုံးသွားခဲ့ကြောင်း သိရသည်။ ထို့ကြောင့် လှိုင်လင်းဌေးအား ဓားဖြင့်ထိုးသွားသူ အမည်မသိသူကို စုံစမ်းဖော်ထုတ်အရေးယူပေးရန် ရဲအုပ်အောင်ခိုင်စိုးက တရားလိုပြုတိုင်ကြားခဲ့သောကြောင့် မကွေးမြို့မရဲစခန်းက အမှုဖွင့်ထားကြောင်း သိရသည်။

**ကျော်ဇေယျ**


**ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း**

ယာဉ်အမှတ် 9F/2299 Landrover Rangerover SW(4x4) ယာဉ်လက်ဝယ်ရှိသူ ဒေါ်အားဖန်(ခ) စုစုအေး ၉/မမန(နိုင်)၀၃၆၈၁၅က (ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ၁၅ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင်လာရောက် ကန့်ကွက်နိုင်ပါသည်။

**ကညန၊ ခရိုင်ရုံး (ရန်ကုန်အနောက်ပိုင်း)**

**ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း**

ယာဉ်အမှတ် ၃ခ/၈၁၈၅ Toyota Hilux LN 106 P/U (4x4) R ယာဉ်လက်ဝယ်ရှိသူ ဦးနိုင်လင်း ၉/တသန(နိုင်)၁၇၁၂၅၁က (ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါကခိုင်လုံသောအထောက်အထားများဖြင့်ကြော်ငြာသည့်ရက်မှ ၁၅ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။

**ကညန၊ ခရိုင်ရုံး (ရန်ကုန်အနောက်ပိုင်း)**

**ဖောင်းကြွပျောက် လျှောက်ထားခြင်း**

ယာဉ်အမှတ် 1I/9489 ၏ ဖောင်းကြွနံပါတ်ပြား ပျောက်ဆုံး၍ ထုတ်ပေးပါရန် လျှောက်ထားလာပါသဖြင့် ယခင်ဖောင်းကြွနံပါတ်ပြား ပျက်ပြယ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ကညန၊ ခရိုင်ရုံး(မန္တလေးမြောက်ပိုင်း)**

**ဖောင်းကြွပျောက် လျှောက်ထားခြင်း**

ယာဉ်အမှတ် 3G/1030 ၏ ဖောင်းကြွနံပါတ်ပြား ပျောက်ဆုံး၍ ထုတ်ပေးပါရန် လျှောက်ထားလာပါသဖြင့် ယခင်ဖောင်းကြွနံပါတ်ပြား ပျက်ပြယ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ကညန၊ ခရိုင်ရုံး(မန္တလေးမြောက်ပိုင်း)**

**ကန့်ကွက်နိုင်ပါသည်**

ရန်ကုန်တိုင်းဒေသကြီး၊ မှော်ဘီမြို့နယ်၊ အောက်ဝါးနက်ချောင်းကျေးရွာ၊ ကွင်းအမှတ် ၅၉၄(အေ)၊၂ ဒသမ၆၀ဧကေ ဧရိယာအကျယ်ပမာဏရှိသော ဦးပိုင်အမှတ် ၆၁/၁နှင့် တစ်ဆက်တစ်စပ်တည်းဖြစ်သည့် ၀ ဒသမ ၃၅ဧကေ ဧရိယာအကျယ်ပမာဏရှိသော ဦးပိုင်အမှတ် ၇၄/၁ဟု ခေါ်တွင်သည့် မှော်ဘီ-ဝါးနက်ချောင်း လမ်းမဘေးတွင်ရှိသော ဥယျာဉ်ခြံမြေအမျိုးအစား ရောင်းသူအမှတ်(၂)ဒေါ်ခင်ပြုံးရီမြေခွန်ပြေစာအမည်ပေါက် မြေကွက်နှစ်ကွက်နှင့် ယင်းမြေကွက်များပေါ်ရှိ အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့ကို တရားဝင်လက်ရှိပိုင်ဆိုင်သူ (၁)ဦးသန်းဝင်း ၁၂/ပဇတ(နိုင်)၀၁၉၉၆၅(ခေတ္တဂျပန်နိုင်ငံ)နှင့် (၂) ဒေါ်ခင်ပြုံးရီ ၁၂/ကတတ(နိုင်)၀၀၅၃၇၁ (၎င်းကိုယ်တိုင်နှင့် ရောင်းသူ အမှတ်(၁) ဦးသန်းဝင်း၏ အထွေထွေကိုယ်စားလှယ်စာရသူ)တို့ထံမှ ကျွန်ုပ်၏မိတ်ဆွေက အပြီးအပိုင်ဝယ်ယူရန် ရောင်းကြေးငွေ၏ တစ်စိတ်တစ်ဒေသအဖြစ် စရန်ငွေကို ပေးချေထားပြီးဖြစ်ပါသဖြင့်ကန့်ကွက်လိုပါက တရားဝင်ခိုင်လုံသော စာချုပ်စာတမ်း(မူရင်း) များနှင့်တကွ ဤကြော်ငြာပါသည့်ရက်မှ ခုနစ်ရက်အတွင်း ကျွန်ုပ်ထံသို့ လူကိုယ်တိုင်လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်အတွင်း ကန့်ကွက်ခြင်းမရှိပါက အရောင်းအဝယ်ကိစ္စကို ဥပဒေနှင့်အညီ ပြီးမြောက်အောင် ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ-**
**ဦးသိန်းဝင်း**
**တရားလွှတ်တော်ရှေ့နေ(စဉ်-၅၆၇၂)**
**အမှတ် ၇(က)၊ ပိတောက်လမ်း၊ ပဲခူးလမ်းရပ်ကွက်၊ ထောက်ကြန့်မြို့၊ မင်္ဂလာဒုံမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး၊ ဖုန်း-၀၉-၅၁၃၆၂၃၉**

**ကန့်ကွက်နိုင်ကြောင်းကြော်ငြာခြင်း**

မုံရွာခရိုင်၊ မုံရွာမြို့၊ ရုံးကြီးရပ်ကွက်၊ အကွက်အမှတ်(၆၇၉၊ လေ့ကူးကွေ့ကြီး)၊ ဦးပိုင်အမှတ် (၄၅-ည)၊ ဧရိယာ ၀ဒသမ၀၆ ဧကရှိမြေကို ဒေါ်ရွှေမြင့် ၅/မရန(နိုင်)၀၃၉၀၆၀က ဘိုးဘွားလက်ထက်ကတည်းက နေထိုင်ပိုင်ဆိုင်ခဲ့ကြောင်း တရားရုံးကျမ်းကျိန်လွှာဖြင့်တင်ပြထားရှိပြီး ၎င်းမြေကို ဦးကိုနိုင် ၅/မရန(နိုင်)၀၅၇၄၄၇ သို့ မှတ်ပုံတင်စာချုပ်ချုပ်ဆိုရောင်းချခဲ့သဖြင့် ဦးကိုနိုင်မှ ၎င်းအမည်ဖြင့် မြေငှားစာချုပ်(အသစ်)လျှောက်ထားရာ ကျိုးကြောင်းဖော်ပြချက်ခိုင်လုံစွာဖြင့် ကန့်ကွက်တင်ပြနိုင်သူ မည်သူမဆို ယခုလျှောက်ထားခြင်းကို ဆောင်ရွက်မပေးသင့်ကြောင်း အထောက်အထားခိုင်လုံစွာဖြင့် ကန့်ကွက်လွှာများကို ဤရုံးသို့ ကြော်ငြာသည့်ရက်မှစ၍ ရက်ပေါင်း ၃၀ပြည့်မြောက်သည့်ရက်အထိ ကန့်ကွက်နိုင်ကြောင်းနှင့် ကန့်ကွက်မှုမရှိပါက လျှောက်ထားသူအား အထက်မြန်မာပြည် မြေနှင့် အခွန်စည်းမျဉ်းဥပဒေပါပြဋ္ဌာန်းချက်များနှင့်အညီ မြေငှားစာချုပ်(အသစ်)ခွင့်ပြုမည်ဖြစ်ကြောင်း အသိပေးကြေညာအပ်ပါသည်။

**ကော်လိတ္တော်အရာရှိ၊ မုံရွာခရိုင်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန**

**သားအဖြစ်မှအမွေပြတ်စွန့်လွှတ်ခြင်း**

ရန်ကုန်တိုင်း၊မင်္ဂလာတောင်ညွန့်မြို့နယ်၊ကန်တော်လေး(အရှေ့)၊ ၉၄လမ်း၊အိမ်အမှတ်၁၂၃အက်ဖ်နေဦးမောင်ကိုနှင့်ဒေါ်ကြူကြူဝင်းတို့၏သား ဝင်းအောင်အောင်ကို၈/တငန(နိုင်)၀၀၀၀၈၆သည် မူးယစ်ရမ်းကားမှုအကြိမ်ကြိမ်ပြုလုပ်ပြီးဆိုဆုံးမ၍မရတော့သဖြင့် (၄.၁၀.၂၀၁၆)နေ့မှစ၍သားအဖြစ်မှ အမွေပြတ်စွန့်လွှတ်ကြောင်း နှင့်၎င်းနှင့်ပါတ်သက်သောကိစ္စအဝဝကိုလုံးဝတာဝန်ယူမည်မဟုတ်ကြောင်းကြေငြာအပ်ပါသည်။

ဦးမောင်ကိုဒေါ်ကြူကြူဝင်း

**ကိုဝေဇာထွန်း (ခ)ကိုရာဇာ ၇/ပခန(နိုင်)၂၄၀၅၇၃နှင့် အများသိစေရန် အသိပေးကြေညာခြင်း**

ပဲခူးတိုင်းဒေသကြီး၊ရပ်ကွက်ကြီး(၇)၊ မြေတိုင်းအမှတ်(၂)တွင် ကျွန်ုပ်၏မိတ်ဆွေ ဒေါ်ဖြူဖြူဝင်း ၇/ကပက(နိုင်)၀၀၅၇၂၅ တရားဝင်ရရှိထားသော မြေကွက်အမှတ် ၉၈၀၊ မြေတိုင်းအမှတ် ၃၊ အကွက်အမှတ်၇၈၂နှင့် အမှတ် C မြေပုံပါမြေကွက်များအတွက် ကိုဝေဇာထွန်း(ခ)ကိုရာဇာသည် အကျိုးဆောင်ခအဖြစ် မြေကွက်ငယ်(၈)ကွက်အား လွန်ခဲ့သော ၃နှစ်ခန့်ကတည်းက စာချုပ်များချုပ်ဆို၍ လက်ရောက်ရယူထားပြီးဖြစ်ပါသည်။ ထိုရယူထားသော မြေကွက်(၈)ကွက် အကျိုးခံစားခွင့်ကို အခြားသူအားရောင်းချထားပြီးလည်းဖြစ်ပါသည်။ လူကြီးမင်းကိုယ်တိုင်လည်း ဖော်ပြပါ မြေကွက်များနှင့်ပတ်သက်၍ အကျိုးခံစားခွင့်အရပ်ရပ်ကို လူကြီးမင်းနှင့်လုံးဝမသက်ဆိုင်ကြောင်းနှင့် မြေကွက်များကို ထိပါးကျူးကျော်ခြင်းလုံးဝမပြုလုပ်ရန် စာချုပ်ချုပ်ဆို၍လက်မှတ်ရေးထိုးကတိပြုပြီးလည်းဖြစ်ပါသည်။ ကျွန်ုပ်ကိုယ်တိုင်လည်းနှစ်ဦးသဘောတူ အကျိုးခံစားခွင့်များကို စာချုပ်ချုပ်ဆို၍ လွှဲပြောင်းမှုများနှင့် လက်ရောက်ပေးအပ်ခဲ့ခြင်းများပြုလုပ်ခဲ့ပါသည်။

စာချုပ်ချုပ်စဉ်က ကျွန်ုပ်မိတ်ဆွေ၏ကျန်ရှိသော မြေကွက်များအပေါ် ထိပါးကျူးကျော်မှုမပြုပါဟုကတိပြုထားခဲ့ပြီးဖြစ်၍ မည်သူမဆို မတရားနစ်နာစေရန်အကြံဖြင့် ခြိမ်းခြောက်ခြင်း၊ စိတ်အနှောင့်အယှက်ဖြစ်ရန် ဆောင်ရွက်ခြင်းများပြုလုပ်ခဲ့ပါက တည်ဆဲဥပဒေဖြင့် တရားမကြောင်း၊ ရာဇဝတ်ကြောင်းများအရ အရေးယူဆောင်ရွက်သွားမည်ဖြစ်ကြောင်း စာချုပ်ချုပ်သူ ဝေဇာထွန်း(ခ)ရာဇာနှင့် အများသိစေရန် အသိပေးကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ-**
**ဦးခင်မောင်လတ်(စဉ်-၄၂၈၃)**
**B.A(Law),LL.B(Advocate)**
**တရားလွှတ်တော်ရှေ့နေ**
**တိုက် ၁၀/၁၂၊ အခန်း H၊ ပထပ်၊ ၃၅လမ်း၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး**
**ဖုန်း-၀၉-၂၅၁၁၀၇၇၃၃၊ ၀၉-၉၇၅၅၆၆၃၅၇**

## မှုခင်းသတင်းတိုများ

### ဆင်းတုတော်များသယ်ဆောင်လာသူများကို ဖမ်းဆီး

မန္တလေးတိုင်းဒေသကြီး ဝမ်းတွင်းမြို့အထွက် မြောက်ဇောင်းဂျမ်းကုန်းလမ်းခွဲအနီးတွင် အောက်တိုဘာ ၄ ရက် ည ၈ နာရီခန့်က ပရိဘောဂကားတစ်စီးကို စစ်ဆေးရာဖွေရာ ယာဉ်မောင်းပါ လေးဦးကို ဘုရားဆင်းတုတော်များနှင့်အတူဖမ်းဆီးမိခဲ့ကြောင်း သိရသည်။ မိတ္ထီလာမြို့နယ်ရဲတပ်ဖွဲ့၏ သတင်းပေးချက်အရ ဝမ်းတွင်းမြို့နယ်ရဲတပ်ဖွဲ့မှူး ရဲမှူးမျိုးလွင်ဦးဆောင်သည့် ရဲတပ်ဖွဲ့ဝင်များက ရှာဖွေစစ်ဆေးရာမှ ယာဉ်ပေါ်တွင် ဂွမ်းစောင်ဖြင့်ပတ်ပြီးထည့်ထားသည့် ဉာဏ်တော် ၁၆ လက်မနှင့် ၁၇ လက်မရှိ သစ်သားဆင်းတုတော် နှစ်ဆူ၊ ဉာဏ်တော် ခြောက်လက်မရှိ ရဟန္တာရုပ်ပွားတော် သုံးဆူနှင့် ဉာဏ်တော် ၄ လက်မရှိ သစ်သားစေတီ တစ်ဆူ စုစုပေါင်း ခြောက်ဆူကို တွေ့ရှိခဲ့ခြင်းဖြစ်၍ ယာဉ်မောင်းသူ ကိုအောင်ကိုဝင်းနှင့်အတူ ယာဉ်ပေါ်ပါသူ မအေးအေးသင်း၊ ကိုနေဝင်းနှင့် ကိုအောင်ကျော်ဦးအား ဖမ်းဆီးစစ်ဆေးလျက်ရှိကြောင်း သိရသည်။

**ဌေးလှိုင်(ပြန်/ဆက်)**

### အရှိန်လွန်ဆိုင်ကယ်လမ်းဘေးထိုးကျ

ဧရာဝတီတိုင်းဒေသကြီး ကျောင်းကုန်းမြို့နယ် တံခွန်တိုင်ကျေးရွာအုပ်စု အဝစုကျေးရွာအနီးတွင် ဆိုင်ကယ်အရှိန်လွန်တိမ်းမှောက်မှု အောက်တိုဘာ ၇ ရက်က ဖြစ်ပွားခဲ့ကြောင်းသိရသည်။ ဖြစ်စဉ်မှာ ကျောင်းကုန်းမြို့ကိုင်းတာလေးကျေးရွာတွင်နေထိုင်သူ ဝင်းနိုင်(၄၅)နှစ်သည် ကျောင်းကုန်းမြို့တွင်းဘက်မှ ကိုင်းတာကျေးရွာဘက်သို့ ဆိုင်ကယ်ကိုမောင်းနှင်လာစဉ် ရန်ကုန်-ပုသိမ်ကားလမ်း မိုင်တိုင်အမှတ် (၇၀/၇) နှင့် (၇၁/၀) အကြား အဝစုကျေးရွာအနီးတွင် အရှိန်မထိန်းနိုင်ဘဲ လမ်း၏ ယာဘက်ခြမ်းသို့ ထိုးကျတိမ်းမှောက်သွားခဲ့ခြင်းဖြစ်ကာ ဆိုင်ကယ်တိမ်းမှောက်မှုကြောင့် ဝင်းနိုင်တွင် ဒဏ်ရာများရရှိခဲ့ပြီး ယာဉ်တိမ်းမှောက်မှုနှင့်ပတ်သက်၍ ကျောင်းကုန်းမြို့မရဲစခန်း၌ အမှုဖွင့်ဆောင်ရွက်ထားကြောင်း သိရသည်။

**ဝင်းကြိုင်(ပြန်/ဆက်)**

### ဆိုင်ကယ်နှင့် ကားတိုက်၍ ဆိုင်ကယ်မောင်းသူသေဆုံး

ရေးမြို့နယ် လမိုင်းမြို့ကနင်ကမော့ကျေးရွာအနီး ရေး-မော်လမြိုင် လမ်းမပေါ် မိုင်တိုင်အမှတ် (၇၀/၅) နှင့်(၇၁/၆)အကြား၌ အောက်တိုဘာ ၆ရက် ည ၁၀နာရီခွဲခန့်က ဆိုင်ကယ်နှင့်ကားတိုက်မှု ဖြစ်ပွားခဲ့ပြီး ဆိုင်ကယ်မောင်းနှင်သူ သေဆုံးခဲ့ကြောင်း သိရသည်။ ဖြစ်စဉ်မှာ ဖားလူ (၃၀ နှစ်) မောင်းနှင်လာပြီး နောက်မှ စန်းနိုင် (၂၂ နှစ်)နှင့် ဇော်ဇော် (၂၂ နှစ်)တို့ လိုက်ပါစီးနင်းလာသော ဆိုင်ကယ်ကို ယာဉ်မောင်း ဟိန်းမျိုးဇော် (၃၀ နှစ်) မောင်းနှင်သော SUZUKI မော်တော်ယာဉ်က နောက်မှတိုက်မိခဲ့ခြင်းဖြစ်ကာ ယာဉ်တိုက်မှုကြောင့် ဆိုင်ကယ်မောင်းနှင်သူ ဖားလူမှာ ဒဏ်ရာများဖြင့် သေဆုံးခဲ့ပြီး နောက်မှလိုက်ပါစီးနင်းသူများနှင့် ကားမောင်းသူ ဟိန်းမျိုးဇော်တို့မှာ ဒဏ်ရာများရရှိကာ လမိုင်းဆေးရုံသို့တင်ပို့ခဲ့ရပြီး ယာဉ်တိုက်မှုနှင့်ပတ်သက်၍ ယာဉ်မောင်းသူ မောင်ဟိန်းမျိုးဇော်အား လမိုင်းနယ်မြေရဲစခန်းက အမှုဖွင့်အရေးယူထားကြောင်း သိရသည်။

**နေမျိုးထွဋ်(ရေး)**

### မူးယစ်ဆေးဝါးဖြန့်သူကို ဖမ်းဆီးအရေးယူ

ပြည်မြို့ မြို့သစ်ရပ်ကွက် ဘုရင့်နောင်လမ်းမကြီး ရွှေသီဟတည်းခိုခန်း အခန်းအမှတ်(၃၁၆)တွင် မူးယစ်ဆေးဝါး ဖြန့်ဖြူးရောင်းချသူ ရောက်ရှိနေကြောင်းသတင်းအရ ပြည်ခရိုင်ရဲတပ်ဖွဲ့မှူး ဒုတိယရဲမှူးကြီး မြင့်ကြည်၏ စီစဉ်ညွှန်ကြားမှုဖြင့် ပြည်ခရိုင်မှုခင်းနှိမ်နင်းရေးဌာနစုမှ ရဲအုပ်စိုးမင်း ဦးဆောင်သောအဖွဲ့၊ ပြည်မြို့မရဲစခန်းမှူး ဒုရဲမှူးမျိုးမြင့် ဦးဆောင်သောအဖွဲ့၊ ပြည်အမှတ်(၁)နယ်မြေရဲစခန်းမှူး ရဲအုပ်ဇော်တင့်ကြိုင် ဦးဆောင်သောအဖွဲ့တို့က သက်သေများနှင့်အတူ အောက်တိုဘာ ၇ ရက်က ဝင်ရောက်ရှာဖွေရာ အခန်းအတွင်း တည်းခိုနေထိုင်သူ ဉသျှစ်ပင်မြို့နေ ဘဲလေး (ခ) အောင်မျိုးသူထံမှ WY စာတန်းပါ စိတ်ကြွဆေးပြား ၃၅၄ ပြားနှင့် အခြား ဆက်စပ်ပစ္စည်းများကို တွေ့ရှိသိမ်းဆည်းရမိသဖြင့် ၎င်းအား ပြည်မြို့မရဲစခန်းက အမှုဖွင့်အရေးယူထားကြောင်း သိရသည်။

**မျိုးကျော်ကြီး(ပြန်/ဆက်)**

### မောင်းပြေးသောကားမှ တရားမဝင်သစ်များဖမ်းမိ

စစ်ကိုင်းတိုင်းဒေသကြီး ကသာခရိုင် ဗန်းမောက်မြို့နယ်အတွင်း ရပ်တန့်စစ်ဆေးရာတွင် မရပ်ပေးဘဲ မောင်းနှင်ထွက်ပြေးသော ပါဂျဲရိုးကားတစ်စီးကို လိုက်လံဖမ်းဆီးစစ်ဆေးရာမှ တရားမဝင်သယ်ဆောင်လာသော တမလန်းခားရွေတုံးများကို အောက်တိုဘာ ၇ ရက်က ဖမ်းမိခဲ့ကြောင်း သိရသည်။ ဖြစ်စဉ်မှာ မံစီရဲကင်းစခန်းမှ ရဲအုပ်မောင်ဇော်နှင့်အဖွဲ့၊ ဗန်းမောက်မြို့နယ် သစ်တောဦးစီးဌာနမှ ဦးစီးအရာရှိ ဦးအောင်ကိုနိုင်နှင့် သစ်တောဝန်ထမ်းများ၊ စရဖ ကသာတပ်ဆွယ်မှ တပ်ကြပ်ကြီးဘုန်းမြင့်ဘိုတို့ ပါဝင်သော ပူးပေါင်းအဖွဲ့သည် သစ်မှောင်ခိုသတင်းအရ သက်သေများနှင့်အတူ ပင်လည်ဘူး-ဗန်းမောက်ကားလမ်းပေါ်တွင်စောင့်ဆိုင်းနေစဉ် ယာဉ်အမှတ် 3J/---- ပါဂျဲရိုးယာဉ်ကို မသင်္ကာ၍ရပ်တန့်စစ်ဆေးရာ ရပ်တန့်ခြင်းမရှိဘဲ မောင်းနှင်ထွက်ပြေးသွားသဖြင့် လိုက်လံဖမ်းဆီးရာ ဗန်းမောက်မြို့နယ် မံပင်ကျေးရွာအနီးတွင် ဖမ်းမိခဲ့ပြီး ယာဉ်နောက်ခန်းအတွင်းမှ တရားမဝင်သယ်ဆောင်လာသော တမလန်း ခားရွေတုံး ကိုးတုံး(အလေးချိန် ၀ ဒသမ ၅၅၀၄တန်)နှင့် ယာဉ်မောင်းငွေအေး၊ ယာဉ်ပိုင်ရှင်ဇော်မိုးထွန်းနှင့် ဦးကျော်မြိုင်တို့ကို ဖမ်းမိခဲ့သဖြင့် ၎င်းတို့သုံးဦးအား မံစီကြီးရဲစခန်း၌ အမှုဖွင့်အရေးယူဆောင်ရွက်ထားကြောင်း သိရသည်။

**လူအောင်(ကသာ)**

### ကျွန်းသစ်ခွဲသားများ ဖမ်းဆီးရမိ

ရှမ်းပြည်နယ်(အရှေ့ပိုင်း) ကျိုင်းတုံမြို့တွင် Hiace ကားဖြင့် တရားမဝင် သယ်ဆောင်လာသော ကျွန်းသစ်ခွဲသားများကို အောက်တိုဘာ ၆ ရက်က ဖမ်းဆီးရမိခဲ့ကြောင်း သိရသည်။ ရဲတပ်ဖွဲ့နှင့် သစ်တောဦးစီးဌာနတို့ပါဝင်သော ပူးပေါင်းအဖွဲ့သည် တောင်ကြီး-ကျိုင်းတုံကားလမ်း ကျိုင်းတုံတက္ကသိုလ်အနီး၌ မော်တော်ယာဉ်များကို စစ်ဆေးစဉ် တောင်ကြီးဘက်မှ ယာဉ်မောင်း ကျော်သူလွင်မောင်းနှင်လာသောHiace ယာဉ်ပေါ်မှ အရှည် ၁၀ပေ၊ ဗျက် ၁၅ လက်မ၊ ဒု ၅ လက်မ)ခန့်ရှိ ကျွန်းသစ်ခွဲသား ၁၇ ချောင်း(အလေးချိန် ၁ ဒသမ ၇၉၁၄)တန်ကို တရားမဝင်သယ်ဆောင်လာကြောင်း စစ်ဆေး တွေ့ရှိရသဖြင့် ကျိုင်းတုံမြို့မရဲစခန်း၌ အမှုဖွင့်အရေးယူထားကြောင်းသိရသည်။

**မောင်မောင်နိုင်(ကျိုင်းတုံ)**

# ထိုင်းနိုင်ငံတွင် ယာဉ်တိုက်ခံရမှုကြောင့် သေဆုံး၊ ဒဏ်ရာရခဲ့သော မြန်မာအလုပ်သမားများအတွက် လျော်ကြေးငွေများထုတ်ပေး

**ကော့သောင်း အောက်တိုဘာ ၉**

မြန်မာ့အိမ်နီးချင်း ထိုင်းနိုင်ငံ ရနောင်းမြို့တွင် လွန်ခဲ့သည့် ဧပြီလအတွင်းက ယာဉ်တိုက်ခံရမှုကြောင့် သေဆုံးခဲ့သည့် SIFCO စက်ရုံအလုပ်သမား မြန်မာနိုင်ငံမှ အမျိုးသမီးအလုပ်သမ ငါးဦးနှင့် ဒဏ်ရာရရှိခဲ့သည့် အမျိုးသမီးအလုပ်သမနှစ်ဦးအား အောက်တိုဘာ ၇ ရက်က ထိုင်း-မြန်မာ နယ်ခြားကော်မတီ(TBC) အကူအညီဖြင့် လျော်ကြေးငွေများ ထုတ်ပေးခဲ့ကြောင်းနှင့် ဆက်လက်၍လည်း လျော်ကြေးငွေများ ထပ်မံရရှိရန် ကျန်သေးကြောင်း သိရသည်။



ယာဉ်တိုက်မှုကြောင့် သေဆုံးသူ၏မိခင်ထံ လျော်ကြေးငွေထုတ်ပေးနေစဉ်

အဆိုပါယာဉ်တိုက်မှုဖြစ်စဉ်တွင် မြန်မာအလုပ်သမ ငါးဦး သေဆုံးခဲ့ကြရပြီး သေဆုံးသူ သုံးဦးအတွက် လျော်ကြေးငွေ ဘတ် ၄၀၀၀ စီကို ကနဦးထုတ်ပေးခဲ့ပြီးဖြစ်ရာ ယခုအကြိမ်ထုတ်ပေးမှုမှာ ကျန်ရှိသည့် သေဆုံးသူနှစ်ဦးမှ တစ်ဦးအတွက် ၃၆၃၃၂ ဒသမ ၉၈ ဘတ်နှင့် အခြားတစ်ဦးအတွက် ၁၀၅၀ ဘတ်တို့ကို သက်ဆိုင်သူများဖြစ်သော ၎င်းတို့၏မိခင်များထံသို့ လက်ရောက်လွှဲပြောင်းထုတ်ပေးခဲ့ဖြင်းဖြစ်ကြောင်း၊ ဒဏ်ရာရသူတစ်ဦးဖြစ်သည့် မမီးဇင်အတွက် ၃၀၀၀ ဘတ်ကိုလည်း ကာယကံရှင်ကိုယ်တိုင်ထံသို့ ထုတ်ပေးခဲ့ကြောင်း သိရသည်။

သေဆုံးသူငါးဦးလုံးအတွက် လျော်ကြေးငွေအဖြစ် တစ်ဦးလျှင် ဘတ်ငါးသိန်းမှ ခြောက်သိန်းခန့်စီကိုလည်း မကြာမီထပ်မံထုတ်ပေးသွားမည်ဖြစ်ကြောင်း၊ ဒဏ်ရာရရှိသူဖြစ်သည့် မမိုးမိုးဇင်အတွက် ဘတ်ငွေ ၅၀၀၀ နှင့် မအိအိမိုးအတွက် ဘတ်ငွေ ၃၀၀၀ ကို ထပ်မံ ထုတ်ပေးရန်လည်း ချက်လက်မှတ်ရရှိပြီးဖြစ်ကြောင်း သိရသည်။

လျော်ကြေးငွေများထုတ်ပေးခြင်းခံရသည့် အလုပ်သမများမှာ ထိုင်းနိုင်ငံ SIFCO အလုပ်ရုံတွင် တရားဝင် သွားရောက်အလုပ်လုပ်ကိုင်ရင်း ယခုနှစ် ဧပြီ ၃၀ ရက် နံနက်ပိုင်းက ထိုင်းနိုင်ငံ ရနောင်းမြို့ စဖန်ပလာလမ်းဘေးတွင် အလုပ်ဆင်းရန် အလုပ်ရုံဖယ်ရီကားစောင့်ဆိုင်းနေစဉ် အစုအပြုံလိုက် ကားတိုက်ခံခဲ့ရခြင်းဖြစ် ကြောင်း သိရသည်။ **ကျော်စိုး(ကော့သောင်း)**

# မလေးရှားနိုင်ငံ ထိန်းသိမ်းရေးစခန်းများမှ ကလေးမြို့သို့ ပြန်လည်ရောက်ရှိလာသော မြန်မာအလုပ်သမားများအား ကြိုဆိုပြီး လိုအပ်သည်များကူညီဆောင်ရွက်ပေး

**ကလေး အောက်တိုဘာ ၉**

မလေးရှားနိုင်ငံထိန်းသိမ်းရေးစခန်းများမှ မြန်မာနိုင်ငံသို့ပြန်လည်ရောက်ရှိလာသော စစ်ကိုင်းတိုင်းဒေသကြီး ကလေးခရိုင် ကလေးမြို့နယ်နေ အလုပ်သမား ၂၁ ဦး၊ ချင်းပြည်နယ် တီးတိန်မြို့နယ်မှ တစ်ဦးနှင့် တမူးခရိုင် ခမ်းပတ်မြို့နယ်မှ သုံးဦး စုစုပေါင်း ၂၅ ဦးသည် ကလေးမြို့နယ် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနရုံးသို့ အောက်တိုဘာ ၇ ရက်က ရောက်ရှိကြပြီး (၁၁)သုတ်မြောက်အဖြစ် ရောက်လာခြင်းဖြစ်ကြောင်း သိရသည်။



အဆိုပါ အလုပ်သမားများအား ခရိုင်နှင့် မြို့နယ်စီမံခန့်ခွဲမှုကော်မတီဥက္ကဋ္ဌ၊ ခေတ္တမြို့နယ်ရဲတပ်ဖွဲ့မှူး၊ သတင်းတပ်ဖွဲ့မှူး၊ မြို့နယ်လဝကဦးစီးမှူး၊ မြို့နယ်ပညာရေးမှူး၊ မြို့နယ်အလုပ်သမားညွှန်ကြားမှုဦးစီးဌာနမှ ဒုတိယဦးစီးမှူးနှင့် သက်ဆိုင်ရာ ရပ်ကွက်နှင့် ကျေးရွာအုပ်ချုပ်ရေးမှူးများ၊ မိသားစုဝင်များက နွေးထွေးစွာ ကြိုဆိုကြပြီး ခရိုင်နှင့် မြို့နယ်စီမံခန့်ခွဲမှုကော်မတီဥက္ကဋ္ဌများက လုပ်သားများလိုအပ်သည့် လူမှုရေးအခက်အခဲများနှင့် လိုအပ်သည့်ကိစ္စရပ်များကို ကူညီဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း နှစ်သိမ့်အားပေးစကား ပြောကြားသည်။ ထို့နောက် အလုပ်သမား ၂၅ ဦးက အတွေ့အကြုံနှင့် အခက်အခဲများကို ပြန်လည်ရှင်းပြကြကာ အလုပ်သမားများအား နေရပ်ဒေသအသီးသီးသို့ အဆင်ပြေစွာရောက်ရှိရေး ကူညီဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

**ဂျူနိုင်း**

# ချင်းရိုးရာခွာဒိုပွဲတော်ကို တီးတိန်မြို့၌ စည်ကားသိုက်မြိုက်စွာကျင်းပရန်ဆွေးနွေး

**တီးတိန် အောက်တိုဘာ ၉**

ချင်းပြည်နယ် တီးတိန်မြို့၌ ချင်းတိုင်းရင်းသားတို့၏ရိုးရာ ခွာဒိုပွဲတော်ကို စည်ကားသိုက်မြိုက်စွာ ကျင်းပနိုင်ရေးအတွက် ပွဲတော်ကျင်းပရေးကော်မတီနှင့် ဆပ်ကော်မတီများ အောက်တိုဘာ ၆ ရက်က အစည်းအဝေးပြုလုပ်ခဲ့ကြောင်း သိရသည်။

မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန အစည်းအဝေးခန်းမ၌ပြုလုပ်သည့် အစည်းအဝေးတွင် ပြည်နယ် စည်ပင်၊ လျှပ်စစ်နှင့် စက်မှုဝန်ကြီး ဦးဆလိုင်းအိုက်ဇက်ခင်က ခွာဒိုပွဲကို ရိုးရာမပျက်ကျင်းပနိုင်ရေး ဆွေးနွေးပြီး ပွဲတော်ကျင်းပရေးဆပ်ကော်မတီများက ရိုးရာခွာဒိုပွဲကို အောက်တိုဘာ ၁၄ နှင့် ၁၅ ရက်များတွင် စည်ကားသိုက်မြိုက်စွာ ကျင်းပနိုင်ရေး ကြိုတင်ပြင်ဆင်ထားမှုများကို ဆွေးနွေးခဲ့ကြသည်။

ခွာဒိုပွဲသည် ချင်းပြည်နယ် နေရာဒေသတိုင်းတွင် မျိုးနွယ်စုအလိုက် နှစ်စဉ်ကျင်းပမြဲဖြစ်သည့် ရိုးရာပွဲတော်ဖြစ်ပြီး ယခုနှစ်တွင် ပြည်နယ်အဆင့်ပွဲတော်အဖြစ် ပြည်တွင်းပြည်ပဧည့်သည်များဖိတ်ခေါ်၍ အောက်တိုဘာ ၁၄ ရက်တွင် လိုင်လိုးကျေးရွာနှင့် ၁၅ ရက်တွင် တီးတိန်မြို့တို့၌ စည်ကားသိုက်မြိုက်စွာ ကျင်းပမည်ဖြစ်ကြောင်း၊ ပြည်တွင်းပြည်ပဧည့်သည်များကိုဖိတ်ခေါ်၍ ကျင်းပမည့် ပထမဆုံးပွဲဖြစ်ပြီး ဌာနဆိုင်ရာပြခန်းများ၊ ရိုးရာဓလေ့ပြခန်းများ၊ အားကစားပြိုင်ပွဲများနှင့် ပျော်ပွဲရွှင်ပွဲများ၊ ရိုးရာယဉ်ကျေးမှုအကပဒေသာများကိုပါ ပြသတင်ဆက်ရန် စီစဉ်ထားကြောင်း အဆိုပါအစည်းအဝေးမှ သိရသည်။

**နေစု(ချင်းရိုးမ)**

# စာကြည့်တိုက်များ ရေရှည်ရှင်သန်ဖွံ့ဖြိုးတိုးတက်ရေး အလုပ်ရုံဆွေးနွေးပွဲနှင့် စာဖတ်ရှိန်မြှင့်တင်ရေး ပညာပေးစာဖတ်ဝိုင်း ဝေါမြို့နယ်၌ ပြုလုပ်

**ဝေါ အောက်တိုဘာ ၉**

ပဲခူးတိုင်းဒေသကြီး ဝေါမြို့နယ်အတွင်း စာကြည့်တိုက်များရှင်သန်ဖွံ့ဖြိုးရေးအတွက် အသိပညာပေး အလုပ်ရုံဆွေးနွေးပွဲနှင့် စာဖတ်ရှိန်မြှင့်တင်ရေး ပညာပေးစာဖတ်ဝိုင်းကို ဝေါမြို့နယ် ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာနနှင့် ဝေါမြို့နယ် စာပေစေတမန် ပရဟိတအဖွဲ့တို့ပူးပေါင်း၍ ပုဂံကျေးရွာ အပ်ချုပ်သင်တန်းကျောင်းခန်းမ၌ အောက်တိုဘာ ၆ ရက်က ပြုလုပ်ခဲ့သည်။

အလုပ်ရုံဆွေးနွေးပွဲတွင် ကျေးရွာအုပ်ချုပ်ရေးမှူး ဦးသန်းဇော်ဌေးက အမှာစကားပြောကြားပြီး မြို့နယ်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနမှ ဦးအောင်မြတ်လင်းက စာဖတ်ရှိန်မြှင့်တင်ရေး ပညာပေးစာဖတ်ဝိုင်းနှင့် စာကြည့်တိုက်များရှင်သန်ဖွံ့ဖြိုးရေးလုပ်ငန်း ရည်ရွယ်ချက်များကို ရှင်းလင်းပြောကြားကာ စာပေစေတမန် ပရဟိတအဖွဲ့ဥက္ကဋ္ဌ စာရေးဆရာဘုန်းဇော်မိုး(ဉသာ)က စာဖတ်ရှိန်ကျဆင်းနေသော လူငယ်ထုအကြား Facebook အလွဲသုံးခြင်း စိန်ခေါ်မှုပြဿနာများ ခေါင်းစဉ်ဖြင့် စာတမ်းဖတ်ကြားဟောပြောသည်။

ထို့နောက် တက်ရောက်လာသော စာကြည့်တိုက်မှူးနှင့် စာပေဝါသနာရှင်များက ကျေးရွာစာကြည့်တိုက်များ ရေရှည်တည်တံ့ခိုင်မြဲရေးနှင့် စာဖတ်ခြင်း၏ အကျိုးကျေးဇူးများ၊ လူငယ်များ စာဖတ်ရှိန်မြှင့်တင်ရေးဆိုင်ရာလိုအပ်ချက်များကို ဆွေးနွေးခဲ့ကြပြီး စက်ချုပ်သင်တန်းကျောင်းမှ ကျောင်းသားများနှင့် ကျေးရွာမှ ကျောင်းသူများအတွက် စာဖတ်ဝိုင်းပြုလုပ်ပေး၍ စာအုပ်စာပေများ ဖတ်ရှုစေခဲ့ကာ နံရံကပ် စာစောင်နှင့် ခာတ်ပုံများကိုလည်း ပြသခဲ့ပြီး မူးယစ် ဆေးဝါးအန္တရာယ်အကြောင်း ပညာပေးလက်ကမ်းစာစောင်များလည်း ဖြန့်ဝေပေးခဲ့ကြောင်း သိရသည်။

**အောင်မြတ်လင်း(ပြန်/ဆက်)**

# ပန်းမြို့တော်ရဲ့ နေဝင်ချိန်လား၊ ရောင်နီလား

**ကေဇူး (AMIA)◆**



"ဒီပန်းတွေက ကျွန်တော်တို့ဘဝကို ဖျက်ဆီးလိုက်တာဗျ"လို့ ပြင်ဦးလွင်ဈေးထဲက ဝယ်လာတဲ့ လီလီပန်းနဲ့ ကာနေရှင်းပန်းတွေကိုစိုက်ကြည့်ပြီး ဦးမောင်လုက ပြောလိုက်ပါတယ်။

သူကြည့်နေတဲ့ လီလီပန်းတွေ၊ ကာနေရှင်းပန်းတွေဟာ အရောင်အသွေးစုံပြီး သိပ်ကိုလှပကာ ချစ်စဖွယ်ဖြစ်နေတာ အမှန်ပါပဲ။ ဒီလို လှပတဲ့ပန်းပွင့်တွေကို ဦးမောင်လုတစ်ယောက် ဘာကြောင့်များ အပြစ်ဖို့နေပါလိမ့် ....

ဒီအမည်ဆန်း၊ အပွင့်ဆန်းတဲ့ ပန်းကလေးတွေရဲ့ ဇာတိကတော့ တရုတ်နိုင်ငံဖြစ်ပါတယ်။ အမှန်တော့ ဒီလိုလှပတဲ့ ပန်းလေးတွေ မြန်မာပြည်ထဲကိုရောက်လာတဲ့ လမ်းကြောင်းပေါ်မှာနေထိုင်ပြီး ပန်းစိုက်တောင်သူတစ်ဦးဖြစ်တဲ့ ဦးမောင်လုက မကျေမချမ်းဖြစ်နေတာပါ။

"တရုတ်က ပန်းတွေ တဖြည်းဖြည်းဝင်နေတာ ငါးနှစ်လောက်ရှိပြီး ဒီနှစ်ကတော့ အများဆုံးပဲ။ ပြင်ဦးလွင်က ပန်းစိုက်သမားတွေအားလုံး ဘဝပျက်တာပဲ"လို့ ၎င်းက ထပ်ပြောပါတယ်။

ပြင်ဦးလွင်ဆိုတာ မြန်မာနိုင်ငံရဲ့ပန်းမြို့တော်ဆိုပြီး စာဆိုတွေ၊ အနုပညာရှင်တွေက တင်စားကြပါတယ်။ ပန်းမြို့တော်ဆိုတဲ့ ဂုဏ်ပုဒ်ကလည်း ပြည်တွင်းပြည်ပ ခရီးသွားလေ့လာသူတွေကို ဆွဲဆောင်စေခဲ့တာလည်း ဖြစ်ပါတယ်။

ဒီလို တင်စားရလောက်အောင်လည်း တစ်မြို့လုံးနီးပါးဟာ ပန်းစိုက်သူ ၊ ပန်းရောင်းသူ၊ပန်းပွဲရုံလုပ်ကိုင်သူ၊ ပန်းပွဲစားများ၊ ပန်းစိုက်ပျိုးရေးပစ္စည်းဆိုင်၊ ပန်းအလှဆင်လုပ်ငန်း စတဲ့ပန်းနဲ့ဆက်စပ်တဲ့ လုပ်ငန်းတွေလုပ်ကြတာဖြစ်ပါတယ်။

အခုတော့ ဒီအခြေအနေကနေ တဖြည်းဖြည်းပြောင်းလဲလာပြီး ပန်းစိုက်ပျိုးရေးကို စွန့်လွှတ်တဲ့သူတွေ၊ ပန်းစိုက်ရင်းစီးပွားရေးအရှုံးပေါ်လို့ အိုးအိမ်ပြိုကွဲတဲ့သူတွေ၊ စိုက်ပျိုးရေးပစ္စည်းအရောင်းဆိုင်တွေမှာ အကြွေးမဆပ်နိုင်ဘဲ အကြွေးသံသရာလည်နေတဲ့သူတွေနဲ့ ဘဝတွေဟာ ပန်းကလေးတွေလို မလှပနိုင်ကြတော့ပါဘူး။

"ပန်းရဲ့သဘာဝကလည်း သူ့ကိုမြေသြဇာကျွေးရတယ်။ တစ်နှစ်ကို ငွေကျပ်သိန်း ၂၀၊ ၃၀ လောက် ကုန်တယ်။ တစ်နှစ်ရှုံးတယ် ဆက်လုပ်တယ်။ နှစ်နှစ်ရှုံးတယ် ဆက်လုပ်တယ်။ သုံးနှစ်ဆိုတော့ မတတ်နိုင်တော့ဘူး။ ကိုယ့်မြေမှာသူများကို လုပ်နိုင်ရင် လာလုပ်ဆိုပြီး ပေးရတဲ့ဘဝရောက်သွားပြီ"လို့ ဦးမောင်လုက ပြောပါတယ်။

ဦးမောင်လု တစ်ယောက် တစ်နှစ်ထက်တစ်နှစ် အရှုံးများလာတဲ့ သူ့စိုက်ခင်းကို လာမယ့်နှစ်မှာ ထပ်မစိုက်ဖို့ ဆုံးဖြတ်ချက် ချထားပါတယ်။ သူ့သက်တမ်းတစ်လျှောက် ပန်းစိုက်ပျိုးတဲ့အလုပ်နဲ့ပဲ အသက်မွေးဝမ်းကျောင်းပြုခဲ့တာဖြစ်ပြီး သူ့သားသမီးတွေတောင် ပန်းပွဲရုံတည်ထောင်နိုင်တဲ့အထိ သူက ပန်းစိုက်ပျိုးရေးလုပ်ငန်းကို လုပ်ကိုင်ခဲ့တာပါ။

အခုတော့ သူဟာ ပန်းစိုက်ပျိုးမှုကို စွန့်လွှတ်ရတဲ့အထိ အထိနာသွားခဲ့ပါပြီ။ သူ့ရှေ့ တစ်မျှော်တစ်ခေါ်ကြီး အဝါရောင်၊ အဖြူရောင်၊ ခရမ်းရောင်တွေနဲ့ လှချင်တိုင်းလှနေတဲ့ ဂန္ဓမာပန်းခင်းကြီးဟာ ဦးမောင်လုရဲ့ စိတ်ပျက်မှုကို ဖြေဖျောက်မပေးနိုင်တော့ပါဘူး။

ပြင်ဦးလွင်က ထွက်တဲ့ပန်းတွေကို ရန်ကုန်၊ မန္တလေး မြို့ကြီးတွေကတစ်ဆင့် နယ်မြို့တွေအထိ တင်ပို့တာဖြစ်ပါတယ်။ ပြင်ဦးလွင်ပန်းတွေက မြန်မာတစ်နိုင်ငံလုံးရဲ့ ပန်းလိုအပ်ချက်ကို ၈၀ ရာခိုင်နှုန်းလောက် ဖြည့်ဆည်းပေးနိုင်တာပါ။ အရင်က နှစ်စဉ် ပန်းတင်ပို့တဲ့လုပ်ငန်း၊ ပန်းစိုက်တဲ့လုပ်ငန်းဟာ ပြင်ဦးလွင် ပန်းစိုက်တောင်သူတွေကို ဖူလုံစေရုံမက အိုးသစ်အိမ်သစ်၊ မြေသစ်တွေ ဝယ်နိုင်ခဲ့ပါတယ်။

"အရင်တုန်းကဆို ပြင်ဦးလွင်ကထွက်တဲ့ပန်းကို ရန်ကုန်၊ မန္တလေးကို ဆယ်ဘီးကားတွေနဲ့ တစ်ရက် ၁၀ စီးလောက် သွားတယ်။ အခုတော့ နှစ်စီးလောက်ပဲ သွားတော့တယ်။ ကျန်တဲ့ ရှစ်စီးက တရုတ်ပန်းတွေဖြစ်နေတာ"လို့ ပြင်ဦးလွင်မြို့ထဲက ပန်းကမ္ဘာပန်းပွဲရုံလုပ်ငန်းရှင် မနီလာသွင်က ပြောပါတယ်။

ပြင်ဦးလွင်ပန်းလောကသားတွေအဆိုအရ လီလီ၊ ကာနေရှင်း၊ ပဲဟော့ စတဲ့ တရုတ်မျိုးစိတ် ပန်းအုပ်စုတွေဟာ မူဆယ်နယ်စပ်ကနေ မြန်မာပြည်အတွင်း ဝင်ရောက်လာပြီး မြန်မာ့ပန်းဈေးကွက်မှာ နေရာယူလိုက်တာပါ။

"ဒီဘက် တရုတ်ပန်းပွဲစားတွေက မူဆယ်ကသယ်လာပြီး ပြန်ဖြန့်ကြတယ်။ ဈေးကွက်ကျတော့ မလိုက်နိုင်တော့ဘူး။ ပန်းပွဲရုံတွေမှာလည်း အလုပ်သမားတွေ လျှော့ချပစ်ရတယ်"လို့ ၎င်းက ဆက်လက်ပြောပါတယ်။

အမြင်ဆန်းပြီးလှပနေတဲ့ တရုတ်ကဝင်လာတဲ့ ပန်းတွေ ထက်စာရင် ပြင်ဦးလွင်မှာ မိရိုးဖလာစိုက်နေတဲ့ မေမြို့ပန်းအုပ်စု၊ ဂန္ဓမာပန်းအုပ်စု၊ သစ္စာပန်းအုပ်စု၊ ပန်းထိမ်ပန်းအုပ်စုတွေဟာ ဈေးကွက်မှာ အရောင်မှိန်လာခဲ့တာပဲဖြစ်ပါတယ်။

"မှန်ကန်တဲ့နည်းနဲ့ ဈေးကွက်ယှဉ်ပြိုင်မှုကို ကျွန်တော်တို့ မကြောက်ပါဘူး။ တရားမဝင်လမ်းကြောင်းကဝင်လာတဲ့ ပန်းတွေဖြစ်တဲ့အတွက် အစိုးရက တားပေးရမယ်။ စိစစ်ပေးရမယ်။ ကိုယ့်နိုင်ငံက ပန်းစိုက်တောင်သူတွေအတွက် စဉ်းစားပေးရမယ်။ ပြီးတော့ သူတို့စိုက်တဲ့ပန်းတွေက အရင်းအနှီးများတယ်၊ နည်းပညာဆန်းတယ်။ ကျွန်တော်တို့မှာ နည်းပညာမရှိဘူး"လို့ နှစ်ရှည် ပန်းစိုက်တောင်သူတစ်ဦးဖြစ်တဲ့ ဦးမြင့်ကြိုင်က ပြောပါတယ်။

တရုတ်ကဝင်လာတဲ့ ပန်းတွေဖြစ်တဲ့ လီလီပန်း၊ ကာနေရှင်းပန်းနဲ့ ပဲဟော့ပန်းတွေဟာ မျိုးစေ့ဝယ်ယူဖို့ အခက်အခဲ၊ မျိုးစေ့ရဲ့ ဈေးနှုန်းကြီးမြင့်တာနဲ့ စိုက်ပျိုးနည်းစနစ်မှာလည်း အခက်အခဲတွေ ရှိနေပါတယ်။

ဒါ့အပြင် လက်ရှိကြုံနေရတဲ့ ပန်းဈေးကွက်အခြေအနေ၊ ပန်းစိုက်တောင်သူတွေရဲ့ အခက်အခဲတွေကြောင့် စိုက်ပျိုးရေးအရောင်းပစ္စည်းဆိုင်တွေမှာလည်း အခက်ကြုံနေကြပါတယ်။ တောင်သူတွေက သူတို့ဆိုင်ကနေ အကြွေးယူထားပြီး ပြန်မဆပ်နိုင်တဲ့ အခြေအနေကြောင့်ပါ။

"တစ်နှစ်စာထုတ်ပေးပြီး ပန်းပေါ်ချိန်ပြန်ဆပ်ပေါ့နော်။ ပန်းပေါ်တော့လည်း ဈေးကွက်မကောင်းတော့ ပြန်မဆပ်နိုင်ကြတော့ ငွေမလည်ဘူးပေါ့"လို့ ပြင်ဦးလွင်မြို့ လန်းသစ်စိုက်ပျိုးရေးသုံး ပစ္စည်းအရောင်းဆိုင်ပိုင်ရှင် ဒေါ်နီတာက ပြောပါတယ်။

ပန်းစိုက်ပျိုးရေးဖွံ့ဖြိုးဖို့ ဆောင်ရွက်နေတဲ့ အဖွဲ့တစ်ခုဖြစ်တဲ့ ပြင်ဦးလွင်ဒေသ သစ်သီးဝလံပန်းမံအသင်း ဥက္ကဋ္ဌ ဦးဝင်းကြိုင်က "ပန်းဆိုရင် အပင်ဥပဒေတွေ၊ မျိုးစေ့ဥပဒေတွေနဲ့ စိစစ်ရမယ်။ စည်းမဲ့ကမ်းမဲ့ ဝင်နေတာကို ထိန်းသိမ်းရမယ်။ ဥပဒေရှိရဲ့သားနဲ့ ဥပဒေအတိုင်းမလုပ်ဘဲ မျက်ကွယ်ပြုထားတယ်ဆိုရင်တော့ သက်ဆိုင်တဲ့သူတွေရဲ့တာဝန်ဖြစ်သွားပြီလို့ မှတ်ချက်ပြုပါတယ်။

တရားမဝင်ပန်းတွေ ဝင်ရောက်မှုကြောင့် တောင်သူတွေ နစ်နာတဲ့အတွက် ပြင်ဦးလွင်မြို့မှ တောင်သူ ၄၀၀၀ ကျော်က တရားမဝင်ဝင်ရောက်လာတဲ့ ပန်းတွေကို စိစစ်ပေးဖို့ ပြီးခဲ့တဲ့ ဩဂုတ်လကုန်ပိုင်းလောက်က လက်မှတ်ရေးထိုးပြီး တောင်းဆိုခဲ့ပါသေးတယ်။

ဒါပေမယ့် မူဆယ်လမ်းကြောင်းက ဝင်လာတဲ့ပန်းတွေကတော့ ပန်းပန်နေဆဲပါ။ မြန်မာ့စိုက်ပျိုးရေးလောကမှာ ပန်းတွေသာမက ဟင်းသီးဟင်းရွက်တွေ၊ သီးနှံတွေဝင်ရောက်နေတာလည်းရှိလို့ စိစစ်ဖို့ သက်ဆိုင်ရာ နယ်ပယ်အသီးသီးက တောင်းဆိုနေကြပါတယ်။

"ကိုယ့်နိုင်ငံကပန်းတွေ အဆင်ပြေတုန်းကတော့ ရွှေခေတ်။ အခုအခြေအနေကတော့ ပန်းလောကရဲ့ နေဝင်ချိန်လည်း ဖြစ်နိုင်သလို အစိုးရပိုင်းနဲ့ ကျွန်တော်တို့ ပန်းသမားအပိုင်းက လက်တွဲညီညီ လုပ်ဆောင်မယ်ဆိုရင် အပြောင်းအလဲကာလ ရောင်နီသစ်လည်းဖြစ်လာနိုင်ပါတယ်"လို့ ဦးမောင်လုက စိတ်မပါတပါ ညည်းတွားလိုက်ပါတယ်။ ။

**တရုတ်က ပန်းတွေ တဖြည်းဖြည်း ဝင်နေတာ ငါးနှစ်လောက်ရှိပြီး ဒီနှစ်ကတော့ အများဆုံးပဲ။ ပြင်ဦးလွင်က ပန်းစိုက်သမားတွေအားလုံး ဘဝပျက်တာပဲ**

## အောက်တိုဘာ ၃ မှ ၇ ရက်အထိ တစ်ပတ်အတွင်း ဈေးနှုန်းအပြောင်းအလဲ ဖြစ်ပေါ်ခဲ့သည့် သီးနှံများ

**ဝတ်ရည်မွန် (AMIA) ◆**

ယခုတစ်ပတ် ဆန်ဈေးနှုန်းမှာ ပေါ်ဆန်းမွှေးမှလွဲပြီး ကျန်သည့် ဆန်အမျိုးအစားများ ဈေးနှုန်းကျဆင်းခဲ့သည်။ ပြည်ပပို့ကုန်ဖြစ်သည့် မတ်ပဲ FAQ/RC နှင့် ပဲစင်းငုံ RC ဈေးနှုန်းများမှာ တစ်ပတ်အတွင်း ဈေးနှုန်းအတက်အကျတည်ငြိမ်မှုမရှိဘဲ နှမ်းမျိုးစုံမှာ ဈေးတက်လာသည်။

**ဆန်ပုံမှန်အဝင်ရှိပေမယ့် အရောင်းအဝယ်အေး**

ဆန်အဝင်ပုံမှန်ရှိသော်လည်း အရောင်းအဝယ်အေးနေကြောင်း၊ ရွှေဘိုပေါ်ဆန်းမွှေးမှလွဲပြီး ဆန်အမျိုးအစားများအားလုံး ဈေးကျဆင်းသည့်အတွက် ရွှေဘိုပေါ်ဆန်းမွှေးပါ အရောင်းအဝယ်ပါးနေကြောင်း ဝါးတန်းကုန်စည်ဒိုင်မှ သိရသည်။

အောက်တိုဘာ ၃ရက်မှစ၍ ပေါ်ဆန်း(နယ်စုံ၊ဖျာပုံ၊ ဒေးဒရဲ၊မြောင်းမြ၊ပုသိမ်) တစ်အိတ်လျှင် ငွေကျပ် ၂၈၀၀၀မှ ၃၆၀၀၀ ကြား ၊ ဧည့်မထဆန်တစ်အိတ်လျှင် ငွေကျပ် ၁၇၅၀၀ မှ ၁၉၀၀၀ ကြား၊ဧစိန်ဆန်တစ်အိတ်လျှင် ငွေကျပ် ၁၈၀၀၀ မှ ၁၉၅၀၀ ကြား၊မြို့ိုးဆန်တစ်အိတ်လျှင် ငွေကျပ် ၂၂၅၀၀ မှ ၂၅၀၀၀ ကြားနှင့် မိုးသုခဆန်တစ်အိတ်လျှင် ငွေကျပ် ၂၅၅၀၀မှ ၂၆၀၀၀ ကြား အကျဈေးဖြင့် အရောင်းအဝယ်ဖြစ်ခဲ့သည်။

အစိုးရသစ်လက်ထက်တွင် ပြည်ပသို့ဆန်တင်ပို့ရောင်းချမှုသည် ယခင်နှစ်များထက်လျော့နည်းခဲ့ပြီး ယခုနှစ် ဧပြီ ၁ ရက်မှ ဩဂုတ်လလယ်အထိ လေးလကျော်ကာလအတွင်း ဆန်နှင့်ဆန်ကွဲတန်ချိန် လေးသိန်းကျော်သာ တင်ပို့ရောင်းချနိုင်ခဲ့သည်။

ယခင်နှစ် အလားတူကာလနှင့် နှိုင်းယှဉ်ပါက တန်ချိန် နှစ်သိန်းကျော်လျော့နည်းခဲ့ကြောင်း စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန၏ ထုတ်ပြန်ချက်အရ သိရသည်။

**မတ်ပဲ FAQ / RC ၊ ပဲစင်းငုံ RC ဈေးအတက်အကျကြမ်း**

မတ်ပဲ FAQ /RC မှာ ယခုအပတ် ဈေးပိတ်ချိန်တွင် ငွေကျပ် ၁၄၄၀၀၀၀ ရှိခဲ့ပြီး ယခင်အပတ်နှင့် နှိုင်းယှဉ်ပါက ငွေကျပ် ၄၇၀၀၀ ခန့်တက်လာသည်။ ပဲစင်းငုံဈေးနှုန်းမှာ ငွေကျပ် ၁၁၂၄၀၀၀ဖြင့် ဈေးပိတ်ခဲ့ပြီး ယခင်အပတ်နှင့် နှိုင်းယှဉ်ပါက ငွေကျပ် ၁၄၀၀၀ ခန့်ကျဆင်းသွားသည်။

လက်ရှိ ပြည်တွင်းပဲဈေးနှုန်းများမှာ ၂၀၁၆ ခုနှစ် အောက်တိုဘာလပထမပတ်တွင် မတ်ပဲတစ်တန်လျှင် ငွေကျပ် ၁၄ သိန်းဝန်းကျင်၊ ပဲစင်းငုံတစ်တန်လျှင် ငွေကျပ် ၁၁ သိန်းဝန်းကျင်ဖြင့်သာ ဈေးနှုန်းများကျဆင်းကာ အရောင်းအဝယ်ဖြစ်ခဲ့ကြောင်း ဘုရင့်နောင်ကုန်စည်ဒိုင် စာရင်းများအရ သိရသည်။

၂၀၁၅ ခုနှစ် အောက်တိုဘာလအတွင်းက ပဲမျိုးစုံဈေးကွက်တွင် မတ်ပဲဈေးအမြင့်ဆုံးတစ်တန်လျှင် ငွေကျပ် ၂၃ သိန်းဝန်းကျင်၊ ပဲတီစိမ်းတစ်တန်လျှင် ငွေကျပ် ၁၄ သိန်းဝန်းကျင်နှင့် ပဲစင်းငုံတစ်တန်လျှင် ငွေကျပ် ၁၇ သိန်းဝန်းကျင်ပေါက်ဈေးအသီးသီး ရှိခဲ့ပြီး အဆိုပါပဲမျိုးစုံဈေးနှုန်းသည်၂၅ နှစ်အတွင်း အမြင့်ဆုံး ဈေးနှုန်းများဖြစ်ခဲ့သည်။

**နှမ်းမျိုးစုံဈေးတက်လာ**

ယခုအပတ်အတွင်း နှမ်းမျိုးစုံ ဈေးတက်လာခဲ့သည်။ နှမ်းနက် (စမုံ )မှာ ယခင်အပတ်ကထက် တစ်အိတ်လျှင် ငွေကျပ် ၅၀၀၀ မှ ၈၀၀၀ အထိ ဈေးတက်လာသည်။ အလားတူ နှမ်းနက်၊ နှမ်းဖြူ၊နှမ်းဖြူ (ခြုံကျော်)၊နှမ်းညိုနှင့် ပန်းနှမ်းတို့မှာလည်း တစ်အိတ်လျှင် ငွေကျပ် ၈၀၀၀ အထိ ဈေးတက်လာသည်။ သောကြာနေ့ဈေးပိတ်ချိန်တွင် နှမ်းနက် တစ်အိတ်လျှင် ငွေကျပ် ၁၅၀၀၀မှ ၁၃၃၀၀၀ ၊ နှမ်းဖြူတစ်အိတ် လျှင် ငွေကျပ် ၈၀၀၀၀မှ ၉၅၀၀၀၊ နှမ်းဖြူ (ခြုံကျော်) တစ်အိတ်လျှင် ငွေကျပ် ၉၈၀၀၀မှ ၁၀၂၀၀၀၊ နှမ်းညို တစ်အိတ်လျှင် ငွေကျပ် ၆၅၀၀၀မှ ၆၇၀၀၀နှင့် ပန်းနှမ်း တစ်အိတ်လျှင် ငွေကျပ် ၈၂၀၀၀ အသီးသီးရှိခဲ့သည်။

**ကြက်သွန်နီ ဈေးတက်လာပေမယ့် အရောင်းအဝယ်အေး**

ကြက်သွန်နီဈေး အနည်းငယ်တက်လာသော်လည်း ဈေးကွက်အတွင်း အရောင်းအဝယ်အေးနေကြောင်း ကြက်သွန်ပွဲရုံများမှ သိရသည်။

ဘုရင့်နောင်ကုန်စည်ဒိုင်တွင် ကြက်သွန်နီထွက်ရှိရာဒေသနှင့် အရည်အသွေးပေါ်မူတည်၍ အနည်းဆုံး ၂၁၅ ကျပ်မှ အများဆုံး ငွေကျပ် ၇၅၀အထိ ပေါက်ဈေး ရှိသည်။ ဆိပ်ဖြူ၊ မြင်းခြံ၊ မုံရွာ၊ ပျော်ဘွယ်၊ မိတ္ထီလာ၊ တောင်သာတို့မှထွက်ရှိသောကြက်သွန်နီများ ဝင်ရောက်နေသလို ကြက်သွန်နီလက်ကျန်များနေခြင်းကြောင့် အရောင်းအဝယ်အေးနေကြောင်း ကုန်သည်များကပြောသည်။

လာမည့် ဇန်နဝါရီလ ကြက်သွန်နီသစ်ပေါ်ချိန်တွင် ဈေးနှုန်းမြင့်တက်နိုင်ဖွယ်မရှိကြောင်း၊ယခုနှစ်ကြက်သွန်နီ အရောင်းအဝယ်မှာ ၂၀၁၅ခုနှစ်နှင့်နှိုင်းယှဉ်ပါကထက်ဝက်ခန့်ကျဆင်းသွားကြောင်းကြက်သွန်နီကုန်သည်များက သုံးသပ်ပြောဆိုကြသည်။

# အိန္ဒိယနိုင်ငံ ပဲတင်ဒါအောင် ကုမ္ပဏီများက ပြည်တွင်းပဲဈေးနှုန်းကို စောင့်ကြည့်ဝယ်ယူနေ၍ ပြည်တွင်းပဲဈေးနှုန်းများကျဆင်းလာ

**ရဲလင်းထက် (AMIA) ◆**



အိန္ဒိယနိုင်ငံ ပဲတင်ဒါအောင် ကုမ္ပဏီများက ပြည်တွင်းပဲဈေးနှုန်းကို စောင့်ကြည့်ဝယ်ယူနေ၍ ပြည်တွင်းပဲဈေးနှုန်းများ ကျဆင်းလာကြောင်း မြန်မာနိုင်ငံ ပဲမျိုးစုံနှင့် နှမ်းကုန်သည်များအသင်းမှ အတွင်းရေးမှူး ဦးမင်းကိုဦးက ပြောသည်။

"စောင့်ပြီးဝယ်ရင် သူတို့အတွက် အကျိုးအမြတ်ရှိတယ်။ ဒီလိုစောင့်လိုက်တဲ့အခါမှာ ဆိပ်ကမ်းရောက်တော့ ဈေးကျလို့ မရွေးတာတစ်ခု၊ ပဲစင်းငုံကျလို့ မတ်ပဲဈေးလိုက်ကျတာ တစ်ခု။ ဒီလိုပဲ မြန်မာနိုင်ငံကပဲကလည်း စောင့်ကြည့်ရင်းနဲ့ တဖြည်းဖြည်း အရမ်းကြမ်းကုန်တယ်"ဟုပြောသည်။

အိန္ဒိယအစိုးရက ဩဂုတ်လမှစကာ အိန္ဒိယနိုင်ငံအတွင်း ပဲဈေးတက်မလာစေရန် ဈေးနှုန်းထိန်းသိမ်းသည့် အနေဖြင့် ပဲတင်ဒါကို တန်ချိန် ၁၄၀၀၀၊ ၅၀၀၀ နှင့် တန်ချိန် ၁၀၀၀၀ စသည်ဖြင့် တင်ဒါခွဲကာ ခေါ်ယူနေ၍ အိန္ဒိယမှပဲကုန်သည်များက ဈေးစောင့်ကြည့်ပြီး ဝယ်ယူနေကြောင်း ဘုရင့်နောင်ကုန်စည်ဒိုင် ပဲကုန်သည်များက သုံးသပ်ပြောဆိုကြသည်။

"အိန္ဒိယဈေးကွက်ကို အဓိကအားထား ရောင်းချနေတာကြောင့် ပဲဈေးက သူတို့မဝယ်ရင် ကျတယ်။ ဝယ်ရင်တက်တယ်။လိုအပ်ချက်ရှိမှ ဈေးကောင်းရတဲ့ အခြေအနေဖြစ်နေပါတယ်"ဟု ၎င်းက ပြောသည်။

ပြီးခဲ့သည့် ဇူလိုင်လအတွင်းက အာဖရိက ပဲစင်းငုံဈေး စတင်ကျလာပြီးနောက် ယခုကဲ့သို့ ဈေးဆက်တိုက်ကျဆင်းသည့် အခြေအနေများဖြစ်လာကြောင်း ၎င်းကဆက်ပြောသည်။

ပဲစင်းငုံဈေးမှာ မူလဝယ်ယူသည့်ဈေးနှုန်းထက် ၂၅ ရာခိုင်နှုန်းမှ ၃၀ ရာခိုင်နှုန်းအထိ ကျဆင်းသွား၍ ၎င်းတို့နိုင်ငံ ဆိပ်ကမ်းတွင် ရောက်နေသော ပဲများကို လာမရွေးကြကြောင်း၊ ယင်းကဲ့သို့ မရွေးသည့်အတွက် ဇူလိုင်လကုန်မှစကာ ပဲစင်းငုံနှင့် မတ်ပဲများဈေးနှုန်းကျဆင်းသွားကြောင်း သိရသည်။

လက်ရှိ ပြည်တွင်းပဲဈေးနှုန်းများ ၂၀၁၆ ခုနှစ် အောက်တိုဘာလပထမပတ်တွင် မတ်ပဲတစ်တန်လျှင် ငွေကျပ် ၁၄ သိန်းဝန်းကျင်၊ ပဲစင်းငုံတစ်တန်လျှင် ငွေကျပ် ၁၁ သိန်းဝန်းကျင်ဖြင့်သာ ဈေးနှုန်းများကျဆင်းကာ အရောင်းအဝယ်ဖြစ်ခဲ့ကြောင်း ဘုရင့်နောင်ကုန်စည်ဒိုင်စာရင်းများအရ သိရသည်။

ယခင်နှစ်ကာလတူ ၂၀၁၅ ခုနှစ် အောက်တိုဘာလအတွင်းက ပဲမျိုးစုံဈေးကွက်တွင် မတ်ပဲဈေးအမြင့်ဆုံး တစ်တန်လျှင် ငွေကျပ် ၂၃ သိန်းဝန်းကျင်၊ ပဲတီစိမ်းတစ်တန်လျှင် ငွေကျပ် ၁၄ သိန်းဝန်းကျင်နှင့် ပဲစင်းငုံတစ်တန်လျှင် ငွေကျပ် ၁၇ သိန်းဝန်းကျင် ပေါက်ဈေးအသီးသီးရှိခဲ့ပြီး အဆိုပါပဲမျိုးစုံဈေးနှုန်းသည် ၂၅ နှစ်အတွင်းမှာ အမြင့်ဆုံးဈေးနှုန်းများဖြစ်ခဲ့သည်။

ပြည်တွင်းမှ နှစ်စဉ်မတ်ပဲနှင့် ပဲစင်းငုံ တန်ချိန် တစ်သန်းခန့်ကို အိန္ဒိယနိုင်ငံသို့တင်ပို့နိုင်ရန် သဘောတူညီချက်ရရှိထားကြောင်း စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာ သန်းမြင့်က ပြောကြားသည်။

နှစ်စဉ် မတ်ပဲနှင့် ပဲစင်းငုံတန်ချိန် တစ်သန်းခန့် ရောင်းချရေးသည် မြန်မာနိုင်ငံ ပဲအထွက်နှုန်းအတွက် စိန်ခေါ်မှုဖြစ်လာမည်ကို ပဲကုန်သည်အချို့က စိုးရိမ်မှုများရှိနေကြပြီး ပြည်တွင်းတွင် မတ်ပဲလက်ကျန် တစ်သိန်းကျော်နှင့် ပဲတီစိမ်းလက်ကျန် တန်ချိန် ၅၀၀၀၀ မှ ၆၀၀၀၀ ခန့်သာရှိကြောင်း သိရသည်။

၂၀၁၆-၂၀၁၇ဘဏ္ဍာနှစ် စက်တင်ဘာ ၉ရက်အထိ ပြည်ပသို့ပဲမျိုးစုံ တင်ပို့မှုတန်ချိန် ၇၁၅၃၀၀ တင်ပို့ခဲ့ပြီး ဒေါ်လာ ၈၂၉ ဒသမ ၆၉၆ သန်းရရှိခဲ့ကြောင်းနှင့် ယခင်ဘဏ္ဍာနှစ်ကာလတူနှင့် နှိုင်းယှဉ်ပါက ပြည်ပသို့ ပဲတင်ပို့မှုတန်ချိန်မှာ ၇၇၀၀ ကျော် လျော့နည်းခဲ့ကြောင်း မြန်မာနိုင်ငံ ပဲကုန်သည်၊ နှမ်းကုန်သည်များအသင်းမှ သိရသည်။

# အဆင့်မြင့် မြန်မာ့လက်ဖက်အခါးခြောက် ဂျာမနီနိုင်ငံသို့ တင်ပို့မှု FDA ထောက်ခံချက်လက်မှတ်ကြောင့် ရန်ကုန်ဆိပ်ကမ်းတွင်ကြန့်ကြာနေဟုဆို

**ရဲလင်းထက် (AMIA) ◆**

အဆင့်မြင့်မြန်မာ့လက်ဖက်အခါးခြောက် တစ်တန်ခွဲကို ဂျာမနီနိုင်ငံသို့တင်ပို့ရာတွင် ဂျာမနီနိုင်ငံမှ သတ်မှတ်ထားသည့် FDA ထောက်ခံချက်လက်မှတ်မပါရှိသည့်အတွက် သင်္ဘောတင်ပို့ရာတွင် ရန်ကုန်ဆိပ်ကမ်းတွင် ကြန့်ကြာနေရကြောင်း မြန်မာနိုင်ငံလက်ဖက်အစုအဖွဲ့ ဗဟိုအလုပ်အမှုဆောင် ဒေါ်နီလာဦးက ပြောသည်။

"စက်တင်ဘာလထဲတင်ပို့ဖို့ မျှော်မှန်းထားပေမယ့် သင်္ဘောတင်တဲ့အခါ ဂျာမနီနိုင်ငံက သတ်မှတ်ထားတဲ့ FDA ထောက်ခံချက် လက်မှတ်လိုအပ်လို့ ရန်ကုန်ဆိပ်ကမ်းမှာတင် ကြန့်ကြာနေပါတယ်"ဟု ၎င်းက ပြောသည်။

စက်ဖြင့်ထုတ်လုပ်ထားသည့် အဆင့်မြင့် မြန်မာ့လက်ဖက်အခါးခြောက်ကို ရှမ်းပြည်နယ် ပင်းတယလက်ဖက်အစုအဖွဲ့မှ ဂျာမနီနိုင်ငံ တီဇွဲနားကုမ္ပဏီသို့ တစ်ပိဿာလျှင် မြန်မာငွေကျပ် ၁၅၀၀၀ ဖြင့် ပထမဆုံးအကြိမ် တင်ပို့ရောင်းချနိုင်ခဲ့ခြင်းလည်းဖြစ်သည်။

မြန်မာနိုင်ငံလက်ဖက်အစုအဖွဲ့အနေဖြင့် အစားအသောက်ထောက်ခံချက်လက်မှတ် FDA ရရှိရန် ဆောင်ရွက်နေကြောင်းနှင့် သင်္ဘောတင်ပို့သည့်အချိန်ကြန့်ကြာသည့်အတွက် လက်ဖက်အရည်အသွေးပိုင်းစိုးရိမ်စရာမရှိကြောင်း ၎င်းကဆက်လက်ပြောသည်။

ရှမ်းပြည်နယ် ပင်းတယလက်ဖက်အစုအဖွဲ့အနေဖြင့် GIZ ကဲ့သို့ နိုင်ငံတကာအကူအညီဖြင့် အဆင့်မြင့်လက်ဖက်ခြောက်ထုတ်လုပ်သည့် စက်ရုံများကို ထူထောင်ထားသည်။ လက်ရှိတွင် GIZ အကူအညီဖြင့်စက်ရုံတစ်ရုံ၊ လက်ဖက်စိုက်တောင်သူများ စုပေါင်းတည်ထောင်ထားသည့် စက်ရုံတစ်ရုံနှင့် တစ်ဦးတည်းပိုင်စက်ရုံ သုံးရုံ စုစုပေါင်းစက်ရုံ ငါးရုံဖြင့် အရည်အသွေးကောင်းမွန်ပြီး ဈေးကွက်ရှိသည့် အဆင့်မြင့်လက်ဖက်ခြောက်များကို ထုတ်လုပ်လျက်ရှိကြောင်း သိရသည်။



# စိုက်ခင်းများထဲတွင် အင်းဆက်ပိုးမွှားများကျရောက်ပါက မလိုအပ်ဘဲဓာတုပိုးသတ်ဆေးများမသုံးသင့်

**◆ ဇူလိုင်မိုး(မြန်မာ့အလင်း)၊ဓာတ်ပုံ-မေမိုးသဲ ◆**

တောင်သူများအနေဖြင့် စိုက်ခင်းများထဲတွင် အင်းဆက်ပိုးမွှားကျရောက်ပါက အရင်ဆုံး ဘက်စုံပိုးမွှားကာကွယ်နှိမ်နင်းရေးနည်းများဖြင့် နှိမ်နင်းပြီး မရမှသာ ဓာတုပိုးသတ်ဆေးများကို အသုံးပြု၍ ကာကွယ်နှိမ်နင်းသင့်ကြောင်း၊ ဓာတုပိုးသတ်ဆေးများကို မလိုအပ်ဘဲ ဖျန်းသည့်အခါ မိတ်ဆွေပိုးများလည်း သေနိုင်ကြောင်း ရေဆင်းစိုက်ပျိုးရေးတက္ကသိုလ် ကိမိလနှင့် သတ္တဗေဒဌာနမှ ပါမောက္ခဒေါက်တာ သီတာဦးက ပြောသည်။

"သီးနှံမစိုက်ရင် ပိုးမွှားလည်းကျမှာမဟုတ်ဘူး။ ဒီနှစ်မှာ ဖြုတ်ပိုးကျတယ်။ နောက်နှစ်မှာ စပါးဆစ်ပိုးကျတယ်။ ခရုတွေ ကျတယ်၊ အဲဒီမှာ တစ်နှစ်နဲ့တစ်နှစ် ပိုးကျတာချင်းမတူဘူး။ သုတေသနတွေလုပ်တဲ့အခါမှာလည်း နေပြည်တော် ရှစ်မြို့နယ်မှာပဲ လုပ်တယ်ထားဦး။ တစ်နေရာနဲ့တစ်နေရာမှာ ပိုးမွှားကျရောက်တဲ့ အခြေအနေချင်း မတူဘူး။ နောက်ပြီး စိုက်တဲ့စပါးမျိုးကလည်း ကွာတယ်။ ပြီးခဲ့တဲ့ နှစ်နှစ်လောက်တုန်းက ရွှေဘိုမှာ စပါးဆစ်ပိုးတွေကျတယ်။ အဲဒါနဲ့ဌာနကနေပြီး စပါးဆစ်ပိုး ကာကွယ်နည်း သုတေသနလုပ်မယ်ဆိုပြီး လုပ်လိုက်တော့ အဲအချိန်မှာ စပါးဆစ်ပိုးက တစ်ကောင်မှ မကျတော့ဘူး။ ပိုးမွှားကျရောက်တာက ရာသီဥတုနဲ့လည်း ဆိုင်ပါတယ်။ တောင်သူတွေ ကို အသိပေးချင်တာက ပိုးသတ်ဆေးတွေကို မလိုအပ်ဘဲ ဖျန်းတဲ့အခါ မိတ်ဆွေပိုးတွေလည်း သေတယ်။ ပိုးသတ်ဆေးဖျန်းလိုက်လို့ ဖျက်ပိုးက တခြားစိုက်ခင်းဘက်ကို ရောက်နေတဲ့အချိန် ဖျက်ပိုးကမသေဘဲ မိတ်ဆွေပိုးက သေသွားတဲ့အခါတွေလည်း ရှိတယ်။ နောက်တစ်ခါ ပိုးသတ်ဆေးကို အသုံးပြုပြီး ဖျက်ပိုးတွေကို တစ်ကောင်မှမရှိ အောင် ဖျန်းလိုက်မယ်ဆိုရင်လည်း တစ်ဖက်က သူတို့ကိုမှီပြီးစားနေတဲ့ မိတ်ဆွေပိုး တွေလည်း မျိုးသုဉ်းသွားနိုင်တယ်။ ဒါကြောင့် ပိုးမွှားကာကွယ်နှိမ်နင်းဖို့က အတော်ကို စဉ်းစားရပါတယ်"ဟု ၎င်းက ဆက်လက်ပြောပြသည်။

ယခုအခါတောင်သူများသည် စိုက်ခင်းများအတွင်း အင်းဆက်ပိုးမွှားများကျရောက်ပါက ဓာတုပိုးသတ်ဆေးများကို အသုံးပြုခြင်းဖြင့် အများဆုံးဖြေရှင်းနေကြသည်ကိုတွေ့ရသည်။ တောင်သူများအနေဖြင့် ပိုးသတ်ဆေးကိုသာ အားကိုးမနေသင့်ဘဲ အခြားနည်းလမ်းများဖြင့်လည်း အင်းဆက်ပိုးမွှားများကို ကာကွယ်နှိမ်နင်းနိုင်ကြောင်း သိရသည်။

"ဘာဖြစ်လာလဲဆိုတာ့ ဆေးကိုချည်းပဲလည်း အားမကိုးဘူး။ ခုနက မိတ်ဆွေပိုးချည်းပဲလည်း အားမကိုးဘူး။ တစ်ခါဘာလုပ်ရသလဲဆိုရင် ခံနိုင်ရည်ရှိတဲ့ မျိုးစိုက်ကြမယ်ဆိုပြီး ဘက်စုံပိုးမွှား ကာကွယ်နှိမ်နင်းရေးနဲ့ သွားနေတာတွေလည်းရှိပါတယ်။ နိုင်ငံခြားမှာတော့အောင်မြင်နေပြီ။ မြန်မာနိုင်ငံမှာလည်း မျိုးရွေးပြီဆိုကတည်းက ခံနိုင်ရည်ရှိတဲ့မျိုးကိုရွေးမယ်။ သီးနှံစိုက်တဲ့အခါမှာလည်း စပါးပြီး စပါး စိုက်မယ်ဆိုရင် အင်းဆက်ပိုးမွှားတွေက အင်မတန်သစ္စာရှိတယ်။ စပါးမှာကျတဲ့ အင်းဆက်ပိုးမွှားတွေက ပဲမှာမကျဘူး။ နှစ်တိုင်း စပါးစိုက်တဲ့အခါကျတော့ သူတို့ရဲ့နေစရာအိမ်လည်းရှိသွားပြီ။ စားစရာလည်းရှိသွားပြီဆိုတော့ အကောင်ကပြတ်မှာ မဟုတ်တော့ဘူး။ ဒါကြောင့် ဘာလုပ်ရလဲဆိုတော့ စပါး၊ ပဲ၊ စပါးဆိုပြီး သီးနှံခွဲပြီး စိုက်ကြတယ်။ စပါးပြီးပဲဆိုတဲ့အတွက် သေချာပေါက် ဘရိတ်ဖြစ်သွားပြီ။ သူတို့မှာ နောက်တစ်နှစ်မှာခိုစရာပဲ ပဲရှိတော့တာ။ အဲဒီမှာပဲ ပိုးမွှားဦးရေက ၁၀၀ ရာခိုင်နှုန်းမရှိတော့ဘူး။ သီးထပ်စိုက်တာ၊ သီးညှပ်စိုက်တာ၊ သီးလှည့်စိုက်တာ အဲလိုပုံစံလေးတွေနဲ့ ပိုးမွှားတွေကို ကာကွယ်နိုင်ပါတယ်။ ဒါကတော့ စနစ်တစ်ခုပေါ့။ နောက်ပြီး မြေကိုလှပ်ထားလိုက်တယ်။ အဲဒီမှာ ပိုးမွှားတွေက အပင်တွေရှိနေရင် သူတို့အတွက် စားစရာရှိနေတဲ့အတွက် ဆက်ပြီးပွားများလာမယ်။ မြေကိုလှပ်ထားတဲ့အတွက် သူတို့စားစရာမရှိတော့ရင် ပိုးမွှားတွေမရှိနိုင်တော့ဘူး။ နောက်တစ်ခုက ရေသွင်း၊ ရေထုတ်နည်းနဲ့လည်း ကာကွယ်နိုင်ပါတယ်။ စပါးရွက်လိပ်အိမ်ပိုးဆိုရင် စပါးရွက်တွေကို အလိပ်ကလေးတွေလုပ်ပြီး အဲဒီအလိပ်တွေထဲမှာ နေတယ်။ အဲဒီအလိပ်ကလေးတွေ ရေထဲမှာသွားနေရင် သူတို့ကရေထဲမှာ အသက်ရှူနိုင်တယ်။ ဒါဆိုရင် ရေဖြတ်တဲ့နည်းနဲ့ နှိမ်နင်းနိုင်တယ်။ အဲလိုနည်းတွေ စုံပြီးတော့ မရတော့ဘူးဆိုမှ နောက်ဆုံး တောင်သူတွေအနေနဲ့ ပိုးသတ်ဆေးကို ဖျန်းနိုင်ရင် ပိုကောင်းပါတယ်"ဟု အင်းဆက်ပိုးမွှားကာကွယ်နှိမ်နင်းနည်းများအကြောင်းကို ၎င်းက အသေးစိတ်ရှင်းပြသည်။

မိတ်ဆွေပိုးများသည် ပိုးသတ်ဆေးသုံးသည့် စိုက်ခင်းနှင့် မသုံးသည့်စိုက်ခင်းတွင် မသုံးသည့်စိုက်ခင်းမှာပင်မိတ်ဆွေပိုးများရှိကြောင်း၊ မိတ်ဆွေပိုးများမှ အင်းဆက်ပိုးများကို လိုက်လံဖမ်းယူစားသောက်ကြသည့်အတွက် မိတ်ဆွေပိုးသည်လည်း စိုက်ခင်းများတွင်ရှိရန်လိုအပ်ကြောင်း၊ ထို့ကြောင့် ဆေးဖျန်းများသည့် စိုက်ခင်းများထဲတွင် မိတ်ဆွေပိုးများ မရှိနိုင်တော့ဘဲ ဖျက်ပိုးအင်းဆက်ပိုးမွှားများက ပိုများလာနိုင်သည့်အတွက် ဓာတုပိုးသတ်ဆေးများကိုလိုအပ်မှပင်အသုံးပြုရန်လိုကြောင်း ဒေါက်တာ သီတာဦးက ပိုးမွှားများအကြောင်းကို ဆက်လက်ပြောပြသည်။



# အရည်အသွေးမြင့်ကော်ဖီများ စိုက်ပျိုးထုတ်ခြင်းနည်းလမ်းများနှင့်အကျိုးကျေးဇူးများ

**သိမ့်သိမ့်မိုး(မြန်မာ့အလင်း)** ◆

**ဓာတ်ပုံ - သိခ်၊ CRIETC**

မြန်မာ့ကော်ဖီကို ကမ္ဘာကစိတ်ဝင်စားလျက်ရှိရာ စိုက်ပျိုးထုတ်လုပ်သူများအနေဖြင့် အရည်အသွေးအဆင့်အတန်းမီ ကော်ဖီများထုတ်လုပ်နိုင်ရန်၊ ကော်ဖီကို ကုန်ကြမ်းအဖြစ်သာမက တန်ဖိုးမြင့်ထုတ်ကုန်များအဖြစ် ထုတ်လုပ်ရောင်းချနိုင်ရန်နှင့် နိုင်ငံတော်၏ စက်မှုကုန်ကြမ်းသီးနှံ ထုတ်လုပ်မှုကဏ္ဍကို တိုးတက်ဖွံ့ဖြိုးစေရန်အတွက် အဘက်ဘက်မှ ကြိုးပမ်းဆောင်ရွက်လျက်ရှိရာ စိုက်ပျိုးရေးဦးစီးဌာနအနေဖြင့်လည်း စိုက်ပျိုးထုတ်လုပ်သူများအတွက် အရည်အသွေးကောင်းကော်ဖီထုတ်လုပ်နိုင်ရေးအတွက် သုတေသနလုပ်ငန်းများ ဆောင်ရွက်လျက်ရှိသည်။

အရည်အသွေးကောင်း ကော်ဖီထုတ်လုပ်နိုင်ရေးအတွက် စိုက်ပျိုးမည့်ဒေသနှင့်ကိုက်ညီသည့် အထွက်ကောင်း၊ အရည်အသွေးကောင်း ကော်ဖီမျိုးများရွေးချယ်ခြင်း၊ အရည်အသွေးမြင့်ကော်ဖီစိုက်ပျိုးနိုင်မည့် ဒေသရွေးချယ်ခြင်း၊ မြေဆီလွှာအမျိုးအစား၊ စိုက်ပျိုးနည်းစနစ်များ၊ သွင်းအားစုများ ထည့်သွင်းခြင်း၊ အပင်ပြုစုထိန်းသိမ်းခြင်းစသည့် လုပ်ငန်းများကို စနစ်တကျလုပ်ကိုင်ဆောင်ရွက်ပြီး Post harvest နည်းပညာများဖြစ်ကြသည့် ကော်ဖီသီးကြိတ်ခွဲထုတ်လုပ်ခြင်းနှင့် စနစ်တကျ သိုလှောင်သိမ်းဆည်းခြင်းလုပ်ငန်းများကို ဆောင်ရွက်ရမည်ဖြစ်ကြောင်း စိုက်ပျိုးရေး၊ မွေးမြူရေးနှင့်ဆည်မြောင်းဝန်ကြီးဌာန စိုက်ပျိုးရေးဦးစီးဌာန ကော်ဖီ-ရာသီသီးနှံဌာနခွဲ ကော်ဖီသုတေသနနှင့် နည်းပညာပြန့်ပွားရေးဗဟိုဌာန (ပြင်ဦးလွင်)မှ ဦးစီးအရာရှိ ဒေါ်မေသက်လှိုင်က ပြောသည်။

"မြန်မာ့ရာသီဥတုနဲ့ကိုက်ညီတဲ့ ကော်ဖီမျိုးတွေကို စိုက်ပျိုးခြင်းအားဖြင့် အထွက်နှုန်းမြင့်မားပြီးအပင်ဖြစ်ထွန်းမှု ညီညာကောင်းမွန်ပါတယ်။ နောက်ပြီးပိုးမွှားရောဂါဒဏ်ကို ခံနိုင်ရည်ရှိပြီးကော်ဖီဆန် Grade မြင့်မားခြင်းနဲ့ ကော်ဖီသောက်သုံးမှုအရည်အသွေးကောင်းမွန်တဲ့ အကျိုးကျေးဇူးတွေရရှိပါတယ်" ဟု ၎င်းက ဆက်လက်ပြောပြသည်။

မြန်မာ့ရာသီဥတုနှင့်ကိုက်ညီပြီး မြန်မာနိုင်ငံတွင် အဓိကစိုက်ပျိုးလျက်ရှိသောကော်ဖီမျိုးမှာ Arabica ကုန်းမြင့်ကော်ဖီမျိုးနှင့် Robusta မြေနိမ့်ကော်ဖီမျိုးများဖြစ်ကြောင်း သိရသည်။

Arabica ကုန်းမြင့်ကော်ဖီမျိုးများကို ရှမ်းပြည်နယ်မြောက်ပိုင်း၊ တောင်ပိုင်း၊ ချင်းပြည်နယ်၊ ကချင်ပြည်နယ်၊ ကယားပြည်နယ်၊ စစ်ကိုင်းတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီးနှင့် မန္တလေးတိုင်းဒေသကြီးတို့တွင် စိုက်ပျိုးကြပြီး Robusta မြေနိမ့်ကော်ဖီကို ပဲခူးတိုင်းဒေသကြီး၊ ဧရာဝတီတိုင်းဒေသကြီး၊ တနင်္သာရီတိုင်းဒေသကြီး နှင့်ကရင်ပြည်နယ်တို့တွင် စိုက်ပျိုးကြကြောင်း သိရသည်။

ကော်ဖီစိုက်ပျိုးရာတွင် ခါတော်မီကဲ့သို့ သစ်ခွဲနိုင်သော အရိပ်ရသစ်ပင်အမျိုးအစားအပြင် မက္ကဒေးမီးယား၊ ပိန္နဲ၊ တညင်း၊ ထောပတ်စသော စားသုံးသီးနှံပင်များပါထည့်၍ စိုက်ပျိုးနိုင်သဖြင့် ယင်းတို့မှ နှစ်စဉ်ပုံမှန်ဝင်ငွေရကြောင်း၊ မြေပဲ၊ ပဲယင်းစသော ပဲမျိုးရင်းဝင်ကြားသီးနှံပင်များ စိုက်ပျိုးခြင်းဖြင့်လည်း အပိုဝင်ငွေ ရရှိစေမည့်အပြင် အပင်နှင့်စိုက်ခင်းမြေကြီးအတွက် လိုအပ်သည့် နိုက်ထရိုဂျင်ဓာတ်ကိုလည်း တစ်ဖက်တစ်လမ်းမှ ဖြည့်ဆည်းပေးရာရောက်ကြောင်း၊ ကော်ဖီစိုက်ခင်းများ ဖြစ်ထွန်းအောင်မြင်လာသည်နှင့်အမျှ သစ်တောများပြန်လည်ရှင်သန်လာခြင်းကြောင့် ဒေသ၏ သဘာဝပတ်ဝန်းကျင်ကို ညီညွတ်မျှတစေပြီး သဘာဝပတ်ဝန်းကျင်တွင် လှုပ်ရှားတည်ရှိနေသော သက်ရှိအမျိုးမျိုးတို့၏ တည်တံ့မှုကို ထိန်းသိမ်းပေးကြောင်း၊ ကော်ဖီစိုက်ပျိုးထုတ်လုပ်ခြင်းသည် သဘာပတ်ဝန်းကျင်နှင့်သဟဇာတဖြစ်သော စိုက်ပျိုးရေးစနစ်ဖြစ်သည့်အပြင် ရေရှည်တည်တံ့ခိုင်မြဲသော စိုက်ပျိုးရေးစနစ်အဖြစ် အကောင်အထည်ဖော်ဆောင်ရွက်ရန် အထူးသင့်လျော်ကြောင်း သိရသည်။

" မြန်မာ့ကော်ဖီဈေးကွက်အနေနဲ့ မြန်မာ့ကော်ဖီအရည်အသွေးကို ကမ္ဘာကသိရှိစိတ်ဝင်စားလာကြပြီး အရည်အသွေးအလိုက် မြင့်မားတဲ့ဈေးနှုန်းတွေနဲ့ ရောင်းဝယ်နေကြပါတယ်။ အလုပ်အကိုင်အခွင့်အလမ်းနဲ့ ပတ်သက်လို့ကတော့ ပြင်ဦးလွင်လို Arabica ကော်ဖီ အဓိကစိုက်ပျိုးတဲ့ဒေသမှာတော့ ကော်ဖီစိုက်ပျိုးထုတ်လုပ်မှုလုပ်ငန်းကနေ ၁၀ ရာခိုင်နှုန်းမှ ၁၅ ရာခိုင်နှုန်းခန့်လောက်အထိ အလုပ်အကိုင်တွေ ဖန်တီးပေးနေပါတယ်" ဟု ၎င်းက ကော်ဖီစိုက်ပျိုးသည့်ဒေသများရှိ အလုပ်အကိုင်အခွင့်အလမ်း ဖန်တီးပေးနိုင်မှုကို ပြောပြသည်။

ကော်ဖီစိုက်ပျိုးထုတ်လုပ်သောဒေသနှင့် ဆက်စပ်နေရာများတွင် အလုပ်အကိုင် ဖန်တီးပေးနိုင်မှုနှင့် စီးပွားရေးအခွင့်အလမ်းရရှိစေမှုတို့ကြောင့် နိုင်ငံတော်၏ရည်မှန်းချက်ဖြစ်သော ကျေးလက်ဒေသဖွံ့ဖြိုးရေးနှင့် ဆင်းရဲမှုလျှော့ချတိုက်ဖျက်ရေးကိုလည်း အထောက်အကူဖြစ်စေပြီး ကော်ဖီထုတ်လုပ်မှုလုပ်ငန်း၏ ဆွဲဆောင်မှုနှင့် ပညာရှင်များဝင်ရောက်လာမှုတို့ကြောင့် ဒေသ၏ခရီးသွားလုပ်ငန်းကိုလည်း တိုးတက်စေကြောင်း သိရသည်။

"စိုက်ပျိုးရေးဦးစီးဌာန ကော်ဖီ-ရာသီသီးနှံဌာနခွဲ အနေနဲ့ တောင်သူတွေ အကျိုးဖြစ်ထွန်းဖို့အတွက် ကော်ဖီပျိုးခင်းတည်ထောင်တဲ့ လုပ်ငန်းကနေ ရိတ်သိမ်းချိန်လွန်နည်းပညာတွေအထိ ကော်ဖီသုတေသန စမ်းသပ်မှုလုပ်ငန်းများ ဆောင်ရွက်ပြီး ကော်ဖီပင်ရဲ့အာဟာရရရှိမှုနဲ့ ချို့တဲ့မှုတွေကို ကွင်းဆင်းလေ့လာဆောင်ရွက်နေပါတယ်။ ပိုးမွှားရောဂါကျရောက်မှုနဲ့ ပတ်သက်လို့ ကွင်းဆင်းလေ့လာဆောင်ရွက်ခြင်းက တွေ့ရှိလာတဲ့ရလဒ်တွေကိုအခြေခံပြီး ကော်ဖီစိုက်ပျိုးထုတ်လုပ်မှုနည်းပညာပေးသင်တန်းတွေ၊ တောင်သူပညာပေးကွင်းသရုပ်ပြပွဲတွေ၊ အလုပ်ရုံဆွေးနွေးပွဲတွေ ပြုလုပ်ပေးနေပါတယ်။ ဒါ့အပြင် လာရောက်လေ့လာတဲ့သူတွေကိုလည်း ကော်ဖီစိုက်ပျိုးထုတ်လုပ်မှုနည်းပညာ ရှင်းလင်းပြောကြားခြင်းတွေကိုလည်း ဆောင်ရွက်ပေးလျက်ရှိပါတယ်" ဟု ကော်ဖီသုတေသနနှင့် နည်းပညာပြန့်ပွားရေးဗဟိုဌာန (ပြင်ဦးလွင်)မှ ဦးစီးအရာရှိ ဒေါ်မေသက်လှိုင်က ပြောသည်။





## တောင်သူပညာပေးသရုပ်ပြပွဲကျင်းပ

**ပြည် အောက်တိုဘာ ၉**

စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန စိုက်ပျိုးရေးဦးစီးဌာန ပဲခူးတိုင်းဒေသကြီး ပြည်ခရိုင် ပြည်မြို့နယ်တွင်း ဖြည်းအုပ်စု ကွင်းအမှတ်(၈၀၁) တောင်သူဦးသိန်းဝင်း၏ ဆင်းသုခ ၉ ဒသမ ၀၀ ဧက မျိုးသန့်စံပြရွာတွင် ပန်းပွင့်စုံချိန်မျိုးကွဲနုတ်ပယ်မှု တောင်သူပညာပေးသရုပ်ပြပွဲနှင့် ကွင်းဆင်းစစ်ဆေးခြင်းကို အောက်တိုဘာလ ပထမပတ်က ကျင်းပခဲ့သည်။

အခမ်းအနားတွင် တိုင်းဒေသကြီး စိုက်ပျိုးရေးဦးစီးဌာနဒုတိယဦးစီးမှူး ဦးမြင့်လွင်၊ ခရိုင်ဦးစီးမှူးဒေါ်စိန်လှမြင့်၊ ခရိုင်မြေ၊ မျိုး၊ ပိုး၊ တာဝန်ခံများ တက်ရောက်ကြပြီး ခရိုင်မျိုးစေ့တာဝန်ခံ ဒေါ်ခင်ထွေးလှက မျိုးကွဲနုတ်ပယ်ရခြင်း ရည်ရွယ်ချက်၊ ကွင်းဆင်းစစ်ဆေးခြင်းလုပ်ငန်းစဉ်များ၊ လုပ်ငန်းဆောင်ရွက်ရမည့်အချိန်များကို ရှင်းလင်းပြောကြားပြီး မျိုးသန့်ပွားများ ရေးအတွက် စိုက်ပျိုးရေးဦးစီးဌာနဝန်ထမ်းများနှင့် တောင်သူများပူးပေါင်း၍ လက်တွေ့အကောင်အထည်ဖော်ဆောင်ရွက်နိုင်ရန် တောင်သူများအား ခေါ်ယူ၍ မျိုးကွဲနုတ်ပယ်မှု လက်တွေ့သရုပ်ပြရခြင်းဖြစ်ကြောင်း ပြောကြားခဲ့သည်။

ထို့နောက် တက်ရောက်လာသော တောင်သူများအား ဆင်းသုခမျိုးသန့် ၉ ဒသမ ၀၀ ဧကစိုက်ခင်းတွင် မြို့နယ်စိုက်ပျိုးရေးဦးစီးမှူး ဦးအောင်ဆန်းဝင်း ဦးဆောင်မှုဖြင့် မြို့နယ်ဝန်ထမ်း ၂၉ ဦးတို့က မျိုးကွဲနုတ်ပယ်မှုကို လက်တွေ့သရုပ်ပြသခဲ့ပြီး ကွင်းဆင်းစစ်ဆေးခြင်းကို ဆောင်ရွက်ခဲ့ကြကြောင်း သိရသည်။

**မောင်ရွှေဝင်း(ပြည်)**

## နှမ်းရောင်စုံဈေးကွက်အတွင်း နှမ်းအရည်အသွေးပေါ်မူတည်ပြီး ဈေးကောင်းရလာ

**ရဲလင်းထက် (AMIA)**



နှမ်းရောင်စုံဈေးကွက်အတွင်း နှမ်းအရည်အသွေးပေါ်မူတည်ပြီး ဈေးကောင်းရလာကြောင်း မန္တလေးအခြေစိုက် နှမ်းကုန်သည်များထံမှ သိရသည်။

ရတနာထွန်းပွဲရုံမှ နှမ်းကုန်သည် ဦးသိန်းစံက "ဒီရက်ပိုင်း နှမ်းက တရုတ်ဘက်ကဆွဲလို့ သွက်တယ်။ ဒါကလည်း ထိပ်စ(ရှယ်) လောက်ပဲဖြစ်တာပါ။ အလတ်စားတွေကတော့ ပုံမှန်ပဲ အရောင်းအဝယ်ဖြစ်နေတယ်" ဟု ပြောသည်။ လက်တလောမန္တလေးနှမ်း ရောင်စုံဈေးကွက်အတွင်းနှမ်းနက်(စမုံ)ထိပ်စ တစ်မျိုးသာဈေးတက်ပြီး အရောင်းသွက်နေကြောင်း၊ အခြားနှမ်းအမျိုးအစားဖြစ် သည့်နှမ်းနက်၊ နှမ်းဖြူ၊ နှမ်းညိုများလည်း ဈေးအနည်းငယ်တက်လာကြောင်း နှမ်းကုန်သည်များက ပြောသည်။ နှမ်းရောင်စုံဈေးကွက်အတွင်း နှမ်းဖြူ(ခြုံကျော်)နှင့် ထောင်နှမ်းညိုတို့ယခင်အပတ်က ဈေးကွက်ဝင်ရောက်လာခဲ့သည်။

မြန်မာနိုင်ငံမှထွက်ရှိသည့်နှမ်းကို တရုတ်နိုင်ငံက အများဆုံးဝယ်ယူပြီး ဂျပန်နှင့် ကိုရီးယားနိုင်ငံတို့က တန်ချိန်သောင်းဂဏန်းခန့်သာ ဝယ်ယူကြောင်း သိရသည်။ ယခုနှစ်တွင် အခြားတိုင်းပြည်များသို့ တင်ပို့ခြင်းမရှိသေးဘဲ တရုတ်သို့သာ တင်ပို့နေကာ မည်မျှတင်ပို့နိုင်သည်ကိုမူ မှန်းဆ၍မရနိုင်သေးကြောင်း မြန်မာနိုင်ငံပဲမျိုးစုံနှင့်နှမ်းကုန်သည်များအသင်းထံမှ သိရသည်။

နှမ်းကုန်စည်ဒိုင်က ထုတ်ပြန်သည့် အောက်တိုဘာ ၅ ရက် ဈေးနှုန်းများအရ ၄၅ ပိဿာဝင်နှမ်းနက်(စမုံ)တစ်အိတ်လျှင် ငွေကျပ် ၁၅၈၀၀၀၊ နှမ်းနက်တစ်အိတ်လျှင်ငွေကျပ် ၁၃၀၀၀၀၊ နှမ်းညိုတစ်အိတ်လျှင်ငွေကျပ် ၇၄၀၀၀၊ နှမ်းညိုတစ်အိတ်လျှင် ငွေကျပ် ၈၅၀၀၀၊ နှမ်းဖြူတစ်အိတ်လျှင် ငွေကျပ် ၉၂၀၀၀၊ နှမ်းဖြူ(ခြုံကျော်) တစ်အိတ်လျှင် ၉၈၀၀၀၊ ပန်းနှမ်းတစ်အိတ်လျှင်ငွေကျပ် ၈၀၀၀၀ တို့ဖြင့် အသီးသီးအရောင်းအဝယ်ဖြစ်နေကြောင်း သိရသည်။

# ချဉ်ပေါင်လျှော်စိုက်ပျိုးခြင်းဖြင့် ရာသီဥတုပြောင်းလဲမှုကို ဖြေရှင်းနိုင်

**သိမ့်သိမ့်မိုး (မြန်မာ့အလင်း)**


ရာသီအလိုက် စိုက်ပျိုးရသောစပါးများမပေါ်ခင် ကြားသီးနှံအဖြစ် စိုက်ပျိုးခြင်းဖြင့် တောင်သူများတွက်ခြေကိုက်ပြီး ရာသီဥတုပြောင်းလဲမှုကို ဖြေရှင်းနိုင်မည့် ချဉ်ပေါင်လျှော်အကြောင်းကို တင်ပြလိုပါသည်။

ချဉ်ပေါင်လျှော်ကို အိန္ဒိယ၊ ဘင်္ဂလားဒေ့ရှ်၊ ထိုင်း၊ အာဖရိက၏ အချို့ဒေသများနှင့် ဥရောပနိုင်ငံများတွင် လွန်ခဲ့သည့် နှစ်ပေါင်း ၂၀၀၀ ခန့်ကတည်းက စတင်စိုက်ပျိုးခဲ့ကြပြီး ၁၉၆၃ ခုနှစ်၌ စိုက်ပျိုးရေးမစ်ရှင်အဖွဲ့သည် ထိုင်းနိုင်ငံမှ ချဉ်ပေါင်လျှော် Kenaf(Hibiscus camabinus) နှင့် Roselle/Mesta(Hibiscus sabdariffa) မျိုး နှစ်မျိုး၏မျိုးစေ့ နှစ်တန်တင်သွင်းလာခဲ့ပြီး အောင်လံ၊ မကွေး၊ မင်းဘူး၊ ပခုက္ကူ၊ ကျောက်ဆည်၊ ရမည်းသင်းနှင့် ရှမ်းပြည်နယ်တို့တွင် ဧက ၂၀၀၀၀ ခန့် စိုက်ပျိုးခဲ့ကြောင်း၊ ၁၉၇၂ ခုနှစ်မှစ၍ မိုးကြိုဂုန်လျှော် စိုက်ပျိုးထုတ်လုပ်မှု ပိုမိုတိုးတက်လာသည့်အတွက်ကြောင့် လည်းကောင်း၊ မြန်မာနိုင်ငံ အလယ်ပိုင်းနှင့် အထက်ပိုင်းဒေသများ၌ စိမ်ရေရှားပါးမှု အခက်အခဲများကြောင့်လည်းကောင်း၊ ချဉ်ပေါင်လျှော်စိုက်ဧကများ ကျဆင်းလာခဲ့ကြောင်း သိရသည်။

ကမ္ဘာပေါ်တွင် ချဉ်ပေါင်လျှော်အား ရာသီဥတုဆိုင်ရာ ပြောင်းလဲမှုပြဿနာများကို ရင်ဆိုင်ဖြေရှင်းနိုင်သော အလားအလာရှိသည့် သီးနှံအဖြစ် ကျယ်ပြန့်စွာသိရှိလာကြပြီး ချဉ်ပေါင်လျှော်၏ အသုံးဝင်မှု၊ အရေးပါမှု ကျယ်ပြန့်လာခြင်းကြောင့် မြန်မာနိုင်ငံအနေဖြင့် ဈေးကွက်ရရှိနိုင်မှုနှင့် အကျိုးကျေးဇူးများကို လေ့လာသိရှိရ၍ ၁၉၉၈-၁၉၉၉ ခုနှစ်မှစကာ ဧက ၁၅၀၀ ဖြင့်စတင်စိုက်ပျိုးခဲ့ရာ ၂၀၀၆-၂၀၀၇ ခုနှစ်တွင် ဂုန်လျှော်၊ ချဉ်ပေါင်လျှော်စုစုပေါင်း ဧက ၉၀၀၀၀ ခန့်တွင် ချဉ်ပေါင်လျှော် စိုက်ဧက ၆၀၀၀၀ နီးပါးရှိရာ ယခုအချိန်တွင် စိုက်ဧကအားလုံး ချဉ်ပေါင် လျှော်စိုက်ပျိုးပြီး ဂုန်လျှော်ကိုဒေသသုံးနှင့် မျိုးထိန်းရန်အတွက်သာ စိုက်ပျိုးလျက်ရှိကြောင်း စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန စိုက်ပျိုးရေးဦးစီးဌာန ဝါနှင့်လျှော်မျှင်ထွက်သီးနှံဌာနခွဲမှ ညွှန်ကြားရေးမှူး ဦးအောင်မော်က ပြောသည်။

ချဉ်ပေါင်လျှော် ပိုမိုစိုက်ပျိုးလာခြင်းနှင့်ပတ်သက်၍ “ချဉ်ပေါင်လျှော်က မြေအမျိုးအစားမရွေး စိုက်ပျိုးနိုင်တယ်။ ဓာတ်မြေသြဇာ ပိုးသတ်ဆေးလိုအပ်ချက်နည်းတယ်။ လျှော်မျှင်ထုတ်ဖို့ ရေစိမ်ရက်အနည်း ငယ်သာလိုအပ်ပြီး ကြီးထွားနှုန်းမြန်ခြင်း၊ ပေါင်းမြက်များကို ယှဉ်ပြိုင်ကြီးထွားနိုင်ခြင်း၊ တစ်ပင်လုံးအသုံးဝင်ခြင်း (အရွက်၊ တိရစ္ဆာန်အစာ၊ အသီး-ဆိုးဆေး၊ အစေ့-စားသုံးဆီ၊ ပင်စည်-လျှော်) တောင်သူများအကျွမ်းဝင်တဲ့ သီးနှံဖြစ်ခြင်း၊ ၂၀၁၂-၂၀၁၃ ခုနှစ် မှစ၍ မြန်မာ့ဈေး ၂ကွက်မှာ ချဉ်ပေါင်လျှော်ကို ဦးစားပေးဝယ်ယူ ခြင်းတို့ကြောင့် ဖြစ်ပါတယ်”ဟု ၎င်းက ဆက်လက်ပြောပြသည်။

ချဉ်ပေါင်လျှော်သည် လေထုအတွင်းရှိကာဗွန်ကို ရာနှုန်းပြည့် ပျက်ပြယ်စေသည့်အာနိသင်ရှိပြီး စိုက်ပျိုးထုတ်လုပ်သည်မှ သုံးစွဲသည်အထိ လုပ်ငန်းအဆင့်ဆင့်သည် ပတ်ဝန်းကျင်နှင့် လိုက်လျောညီထွေမှုရှိကြောင်း၊ လျှော်မျှင်ထွက်



ချဉ်ပေါင်လျှော်ဖြင့်ပြုလုပ်ထားသည့် ကားအတွင်းပိုင်းပစ္စည်းများတွေ့ရစဉ်



ချဉ်ပေါင်လျှော်မျှင်ဖြင့် ရက်လုပ်ထားသည့် အသုံးအဆောင်ပစ္စည်းများကို တွေ့ရစဉ်

အပင်များသည် လေထဲတွင်ကာဗွန်ဓာတ်ငွေ့များ ပျံ့နှံ့နေမှုကိုစုပ်ယူ၍ အောက်ဆီဂျင်ဓာတ်ငွေ့ကို ထုတ်လုပ်ပေးသည့်အတွက် ကမ္ဘာကြီးပူနွေးလာပြီး ဖန်လုံအိမ်အာနိသင်ကြောင့် ရာသီဥတုပြောင်းလဲမှုကို ကုစားနိုင်သည့်စိုက်ပျိုးသင့်သော သဘာဝအရင်းအမြစ် ကောင်းတစ်ခုဖြစ်ကြောင်း သိရသည်။ “လုပ်ကွက်ငယ်တောင်သူများက မိရိုးဖလာနည်းအတိုင်း စိုက်ပျိုးထုတ်လုပ်တဲ့နေရာမှာ လုပ်သားအင်အားသုံးစွဲခြင်းနှင့် စွန့်ပစ်ပစ္စည်းတွေကိုလည်း ပြန်လည်အသုံးပြုနိုင်တဲ့အတွက် သဘာဝလျှော်မျှင်ရဲ့ သံသရာအဆုံးဟာဂေဟစနစ်ကို ထိခိုက်နိုင်မှုမရှိပါဘူး။ သဘာဝလျှော်မျှင်အများစုကို ဖွံ့ဖြိုးဆဲနိုင်ငံများမှာ အခြေခံထုတ်လုပ်ခြင်းဖြစ်ပါတယ်။ သဘာဝလျှော်မျှင်တွေကို ရွေးချယ်စိုက်ပျိုးခြင်းဖြင့် ဖွံ့ဖြိုးဆဲနိုင်ငံများရဲ့ စီးပွားရေးကို တစ်ဖက်တစ်လမ်းကနေ အကူအညီပေးရာရောက်တဲ့အပြင် ကျေးလက်နေပြည်သူများရဲ့ ဆင်းရဲနွမ်းပါးမှုလျော့နည်းရေးကိုလည်း အထောက်အကူပြုပါတယ်”ဟု စိုက်ပျိုးရေးဦးစီးဌာန ဝါနှင့်လျှော်မျှင်ထွက်သီးနှံဌာနခွဲမှ ဦးစီးအရာရှိ ဒေါ်ဥမ္မာအေးက ပြောသည်။

ချဉ်ပေါင်လျှော်သည် လေဝင်လေထွက်ကောင်းမွန်ပြီး စိုထိုင်းမှုဖယ်ရှားနိုင်သည့်အတွက် တိရစ္ဆာန်အိမ်ရာများ၊ ပရိဘောဂပစ္စည်းများ၊ ကားထိုင်ခုံများတွင် အပူစုပ်သည့် ပလတ်စတစ်ရေမြှုပ် အစားထိုးပစ္စည်း၊ မော်တော်ကားအတွင်းပိုင်းပစ္စည်းများ၊ စက္ကူပျော့ဖတ်၊ ငွေစက္ကူ၊ အဆောက်အအုံနှင့် ပရိဘောဂသုံးပစ္စည်းများ၊ ဆီနှင့် ဓာတုပစ္စည်းဖိတ်စဉ်မှုအတွက် သန့်စင်ပစ္စည်းများ၊ တိရစ္ဆာန်အစာများ စသည်တို့တွင် အသုံးပြုနိုင်ကြောင်း သိရသည်။

ထို့ပြင် မော်တော်ယာဉ်ထုတ်လုပ်သည့် စက်ရုံများတွင် Recycle ခေါ် အကြိမ်များစွာအသုံးချရန်အတွက် Mats ခေါ် ကားအမိုးပြားများ၊ ချဉ်ပေါင်လျှော်နှင့် ပလတ်စတစ် အလေအလွင့်များရောစပ်ပြီး မော်တော်ယာဉ်အတွင်းပိုင်း အစိတ်အပိုင်းများ ပြုလုပ်အသုံးပြုကြောင်း၊ ကားထိုင်ခုံများတွင် အပူစုပ်သည့် ပလတ်စတစ်ရေမြှုပ်အစားအသုံးပြုကြောင်း၊ အပေါ်ယံမြေဆီလွှာ တိုက်စားပြုန်းတီးခြင်း (Soil erosion)ကို ကာကွယ်ပေးရန် Geotextile ထုတ်လုပ်အသုံးပြုကြောင်း၊ ငွေစက္ကူများ (Currency Notes) များပြုလုပ်ရာတွင် ချဉ်ပေါင်လျှော်သည် ခိုင်ခံ့မှုအားကောင်း၍ အရောင်ပြောင်းလဲမှု မရှိကြောင်း၊ ချဉ်ပေါင်လျှော်ပျော့ဖတ်သည် သတင်းစာစက္ကူထုတ်လုပ်ရာတွင် အကောင်းဆုံး ကုန်ကြမ်းဖြစ်၍ သစ်သားပျော့ဖတ်ထက် ကုန်ကျစရိတ်သက်သာခြင်း၊ သစ်သားပျော့ဖတ်နေရာတွင် အစား ထိုးအသုံးပြုနိုင်ခြင်းတို့ကြောင့် သစ်တောပြုန်းတီးမှု (deforestation) ကို လျော့နည်းစေနိုင်ပြီး ချဉ်ပေါင်လျှော်တွင် Ligin ပါဝင်မှုနည်းပါးသဖြင့် ပျော့ဖတ်ထုတ်လုပ်ရာတွင် Chemical အသုံးပြုမှုနည်းပါးကြောင်း၊ နွား၊ သိုး၊ ဆိတ်များအား သက်တမ်းလေးပတ်သားရှိ ချဉ်ပေါင်လျှော် ထိပ်ဖျားပိုင်းများကို ခုတ်သိမ်းအခြောက်ခံ အမှုန့်ကြိတ်၍ Pelletising Mechine ဖြင့်အစာတောင့် များထုတ်လုပ်ပြီး Synthetic Animal Food များနှင့် နှိုင်းယှဉ်ကျွေးမွေးခဲ့ရာ ခွာနာ၊ လျှာနာ ရောဂါကင်းစင်ကြောင်းကို မလေးရှားနိုင်ငံ (MARDI)၏ Food and Industrial Crop Research Center မှစမ်းသပ်အောင်မြင်ခဲ့ကြောင်း၊ ချဉ်ပေါင် လျှော်အပင်များအား သက်တမ်းခြောက်လအထိ လေးကြိမ်ခုတ်ယူသုံးစွဲနိုင်ကြောင်း ဦးစီးအရာရှိ ဒေါ်ဥမ္မာအေးထံမှသိရသည်။

**ကမ္ဘာပေါ်တွင် ချဉ်ပေါင်လျှော်အား ရာသီဥတုဆိုင်ရာ ပြောင်းလဲမှုပြဿနာများကို ရင်ဆိုင်ဖြေရှင်းနိုင်သော အလားအလာရှိသည့် သီးနှံအဖြစ် ကျယ်ပြန့်စွာသိရှိလာကြ**

“ချဉ်ပေါင်လျှော်ကို နိုင်ငံ တကာမှာ ကျယ်ကျယ်ပြန့်ပြန့် စိုက်ပျိုးထုတ်လုပ်နေကြတာ တွေ့ရပါတယ်။ အမေရိကား ၊ အင်ဒိုနီးရှား၊ မလေးရှား၊ စင်ကာပူနဲ့ဂျပန်တို့မှာ တော်တော်များများ စိုက်ကြတယ်။ မြန်မာနိုင်ငံမှာအရင်တုန်းက အမြောက်အမြား စိုက်ခဲ့တာ အခုတော့စက်ရုံတွေကို ပုဂ္ဂလိကကိုငှားလိုက်တာဖြစ်ပါတယ်။ ငှားထားတဲ့စက်ရုံတွေကလည်း ဒီလုပ်ငန်းကိုမလုပ်သေးဘဲနဲ့ ငှားရုံပဲငှားထားတာ။ မြန်မာနိုင်ငံမှာက ပြည်ပကိုပို့ဖို့ ကုမ္ပဏီတစ်ခုက ကုန်ကြမ်းဝယ်နေလို့ ဆက်လုပ်နေတာဖြစ်ပါတယ်။ ဒီစက်ရုံတွေသာ ပြန်ပြီးလည်ပတ်နိုင်မယ်ဆိုရင် လျှော်လုပ်ငန်းဟာ အရှိန်အဟုန်နဲ့ တိုးတက်လာမှာဖြစ်ပါတယ်။ မြန်မာနိုင်ငံမှာ ပုဂ္ဂလိက ကုမ္ပဏီတစ်ခုတည်းကပဲ ဝယ်ယူနေတာဖြစ်တဲ့အတွက် တောင် သူတွေတွက်ခြေကိုက်မယ့် ဈေးနှုန်းပဲပေးနိုင်ပြီး တောင်သူတွေကို အကျိုး အမြတ် အများကြီးမပေးနိုင်သေးဘူး။ အပြိုင်အဆိုင်ဝယ်ယူမယ့် ကုမ္ပဏီတွေပေါ်လာ မယ်ဆိုရင် ပိုပြီးကောင်းလာမှာပါ” ဟု ၎င်းက ဆက်လက်ပြောသည်။

ချဉ်ပေါင်လျှော်သည် မြန်မာနိုင်ငံတွင် သာယာဝတီခရိုင် ၊ မအူပင်ခရိုင်၊ မြေ-ာင်း မြခရိုင်နှင့် ပုသိမ်ခရိုင်တို့တွင် အများဆုံးထွက်ရှိပြီး ပြည်တွင်းတွင် တစ်ပိုင်-တစ် နိုင်အသုံးပြုကာ ပြည်ပပို့ကုန်အနေဖြင့် အဓိကစိုက်ပျိုးခြင်းဖြစ်ကြောင်း၊ စိုက် ပျိုးရေးဦးစီးဌာနအနေဖြင့် တောင်သူပညာပေးစံပြကွက်များ စိုက်ပျိုးခြင်းနှင့် ပညာပေးသင်တန်းများဖွင့်လှစ်၍ နည်းပညာများ ဖြန့်ဝေပေးလျက်ရှိကြောင်း၊ သာယာဝတီခရိုင် မိုးညိုမြို့တွင်လည်း ချဉ်ပေါင်လျှော်အသင်းအဖွဲ့ ဖွဲ့၍ တောင်သူပညာပေးလုပ်ငန်းများ ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

## ညောင်ဦးမြို့နယ်တွင် ငှက်ပျောစိုက်ပျိုးသူများပြားလာ

မန္တလေးတိုင်းဒေသကြီး ညောင်ဦးမြို့နယ် မြစ်ရေတင်နှင့်စိုက်ပျိုးလျက်ရှိသော တောင်သူများသည်မြေပဲစိုက်ပျိုးခြင်း၊ ဆောင်းမြေပဲစိုက်ပျိုးခြင်း၊ စပါး၊ ကုလားပဲ၊ စီပီပြောင်းဖူး၊ သကြားပြောင်းဖူး၊ ပဲတီစိမ်း၊ နှမ်းနှင့်အခြားသော သီးနှံပေါင်းစုံ စိုက်ပျိုးခဲ့ကြသော်လည်း ဈေးကွက်အဝင်နည်းပြီး တွက်ခြေမကိုက် ဖြစ်သည့်အတွက် ဖီးကြမ်းငှက်ပျောပင်မျိုးစိုက်ပျိုးသူများပြားလာခဲ့ကြောင်း ဒေသခံတောင်သူများက ပြောပြသည်။

ဖီးကြမ်းငှက်ပျောကို ယခင်က စပါးစိုက်လယ်ဘေးရေမြောင်းများတွင်သာ စိုက်ပျိုးခဲ့ရာ တစ်ပင်လျှင် ငွေကျပ် ၈၀၀၀ မှ ၉၀၀၀ အထိဝင်ငွေရရှိကြောင်း သိရသည်။ “ငှက်ပျောတစ်ပင်ကို တစ်ခိုင်ထွက်လျှင် ၁၀ ဖီးလောက် အနည်းဆုံးသီးပါတယ်။ ငှက်ပျောက ကျွန်တော်တို့ တောင်သူတွေအနေနဲ့ တော်တော်တွက်ခြေကိုက်တဲ့သီးနှံတစ်မျိုးပါ။ အလုပ်သမားငှားရမ်းမှုမှာ အလွန်နည်းပါတယ်။ စိုက်ပြီးရင် ရေသွင်းပေါင်းရှင်းလုပ်ရတာလွယ်ပါတယ်။ အရင်းအနှီးကုန်ကျမှုလည်းနည်းပါတယ်။ ငှက်ပျောက တစ်နှစ်သားအရွယ်ဆိုရင် အခိုင်ခုတ်ရောင်းရပါပြီ။ ဒါကြောင့် တောင်သူတွေက ငှက်ပျောတစ်ပင်ကို ခုနစ်ဖီးထွက်ရင် ရောင်းရငွေကျပ် ၄၀၀၀ ကျော်အရ တွက်ပြီး အပင် ၁၀၀၀ ဆိုရင် ငွေကျပ်သိန်း ၄၀ ကျော် အနည်းဆုံး ရနိုင်ပါတယ်။ လက်ရှိမှာလည်း ငှက်ပျောတစ်ဖီးကို ငွေကျပ် ၇၀၀ မှ ၈၀၀ အနည်းဆုံးရောင်းနေရတယ်”ဟု ငှက်ပျောစိုက်ပျိုးသူ ကိုဇော်မင်းနိုင်က ပြောသည်။

အခုရက်ပိုင်းတွင် ငှက်ပျောခြံများတွင် ငှက်ပျောရောင်းသူနည်းပြီး ခြံအထိလာရောက်ဝယ်ယူသူ များနေကြကြောင်း၊ အခုအချိန်တွင် အခြားသီးနှံဈေးမကိုက်သည့်အတွက် ငှက်ပျောစိုက်ရန်သာ စိတ်ဝင်စားနေကြကြောင်း ရွာသစ်ကုန်းကျေးရွာနေ ငှက်ပျောစိုက်တောင်သူ ဦးအောင်ရှင်းက ပြောသည်။

**ကျော်ငွေး (ညောင်ဦး)**



## ပြောက်အိုး၊ မီးရှူးမီးပန်းနှင့် မီးဒုံး(ရှူးဒိုင်း)များ ရောင်းဝယ်ခြင်းမပြုရန် လိုက်လံစစ်ဆေး

**မလှိုင် အောက်တိုဘာ ၉**

မန္တလေးတိုင်းဒေသကြီး မလှိုင်မြို့နယ်အတွင်း ယခုနှစ်သီတင်းကျွတ်ကာလတွင် ပြောက်အိုး၊ မီးရှူးမီးပန်း၊ မီးဒုံး(ရှူးဒိုင်း)များ ရောင်းဝယ်ခြင်း မရှိစေရန်အတွက် တာဝန်ရှိသူများက စတိုးဆိုင်များကို အောက်တိုဘာ ၇ ရက်က လိုက်လံစစ်ဆေးခဲ့ကြောင်းသိရသည်။

ဒုတိယမြို့နယ်အုပ်ချုပ်ရေးမှူး ဦးအောင်ကျော်လွင် ဦးဆောင်ပြီး မြို့မရဲစခန်းမှူး ဒုတိယရဲမှူး တင်မောင်သန်း၊ မြို့နယ်မီးသတ်တပ်ဖွဲ့ဝင်များ၊ မြို့နယ် စည်ပင်သာယာရေးအဖွဲ့မှ အင်ဂျင်နီယာနှင့် မြို့မစည်ပင်သာယာဈေးမှ တာဝန်ရှိသူများ၊ ရပ်ကွက်အုပ်ချုပ်ရေးမှူးများ ပါဝင်သော ပူးပေါင်းစစ်ဆေးရေးအဖွဲ့က မြို့မစည်ပင်သာယာဈေးကြီးတွင် ရောင်းချနေသောဈေးဆိုင်များ၊ စတိုးဆိုင်များနှင့် မြို့ပေါ်ရပ်ကွက်များမှ စတိုးဆိုင်များ၊ အိမ်ဆိုင်များသို့သွားရောက်၍ လိုက်လံစစ်ဆေးကာ သီတင်းကျွတ်ကာလ၌ ပြောက်အိုး၊ မီးရှူးမီးပန်း၊ မီးဒုံး(ရှူးဒိုင်း) များရောင်းဝယ်ခြင်း မပြုလုပ်ရန်လည်း ဈေးဆိုင်ပိုင်ရှင်များနှင့် ဈေးရောင်းသူများအား အသိပညာပေးဆွေးနွေးခဲ့ကြသည်။



ပြောက်အိုး၊ မီးရှူးမီးပန်း၊ မီးဒုံး(ရှူးဒိုင်း)များ ပစ်ဖောက်ခြင်းကြောင့် မြို့နယ်အတွင်းရှိ ဒေသခံပြည်သူများ၊ သက်ကြီးရွယ်အိုများ၊ ကျန်းမာရေးမကောင်းမွန်သူများ အထိတ်တလန့်မဖြစ်စေရေး၊ မသမာသူများက အခွင့်ကောင်းယူ၍ ပြစ်မှုကျူးလွန်မှုမရှိစေရေးနှင့် နယ်မြေလုံခြုံရေး၊ တရားဥပဒေစိုးမိုးရေး၊ ရပ်ရွာအေးချမ်းသာယာရေးတို့ကို အနှောင့်အယှက်မဖြစ်စေရေးအတွက် လိုက်လံစစ်ဆေး သတိပေးတားမြစ်ခြင်းဖြစ်ကြောင်း သိရသည်။

**အောင်ဌေး(မလှိုင်)**

## ဘောလုံးကွင်းသစ်ဖွင့်ပွဲအထိမ်းအမှတ် ဘောလုံးပြိုင်ပွဲကျင်းပ

**မူဆယ် အောက်တိုဘာ ၉**

ရှမ်းပြည်နယ်(မြောက်ပိုင်း) မူဆယ်မြို့နယ် မိုင်းယု(၁၀၅)မိုင်ကျေးရွာ၌ ဘောလုံးကွင်းသစ်ဖွင့်ပွဲ အထိမ်းအမှတ်အဖြစ် အုပ်ချုပ်ရေးမှူး(ဖလား) နယ်မြေပေါင်းစုံ အမျိုးသားအလွတ်တန်းဘောလုံးပြိုင်ပွဲကို အောက်တိုဘာ ၇ ရက်က ကျင်းပခဲ့သည်။

အဆိုပါဘောလုံးကွင်းသစ်ဖွင့်ပွဲတွင် မူဆယ်ခရိုင်အားကစားနှင့် ကာယပညာဦးစီးဌာနမှ လက်ထောက်ညွှန်ကြားရေးမှူး ဦးလှိုင်ဌေးအောင်နှင့် အား/ကာဝန်ထမ်းများ၊ ကျောင်းသား ကျောင်းသူများ၊ ဒေသခံပြည်သူများ တက်ရောက်ပြီး (၁၀၅)မိုင်အုပ်ချုပ်ရေးမှူး ဦးမောင်အေးက အမှာစကားပြောကြားကာ မြို့နယ် အား/ကာဦးစီးမှူး ဦးမြင့်ထွေးက ပြိုင်ပွဲစည်းမျဉ်းစည်းကမ်းများကို ရှင်းလင်းပြောကြားသည်။ ထို့နောက် နယ်မြေ(၁)နှင့် နယ်မြေ(၂)အသင်းတို့က အဖွင့်ပွဲစဉ်ကို စတင်ယှဉ်ပြိုင်ကစားခဲ့ကြပြီး ဘောလုံးပြိုင်ပွဲတွင် အသင်း ၁၆ သင်း ပါဝင်ယှဉ်ပြိုင်ကစားသွားမည်ဖြစ်ကြောင်း သိရသည်။

**သန့်ဇင်(မူဆယ်)**

## တက္ကသိုလ်ဝင်တန်းအောင်ချက်မြင့်မားရေး စာပေဟောပြော

**ရမည်းသင်း အောက်တိုဘာ ၉**

မန္တလေးတိုင်းဒေသကြီး ရမည်းသင်းမြို့အမှတ်(၁)အခြေခံပညာအထက်တန်းကျောင်း ကျောင်းအကျိုးတော်ဆောင်များမှ ကြီးမှူးကျင်းပသော တက္ကသိုလ်ဝင်တန်းအောင်ချက်မြင့်မားရေးနှင့် စိတ်ဓာတ်စွမ်းရည်မြှင့်တင်ရေး စာပေဟောပြောပွဲကို အောက်တိုဘာ ၇ ရက် မွန်းလွဲ ၁ နာရီက ရမည်းသင်းမြို့ သီလဝခန်းမတွင် ပြုလုပ်ကျင်းပခဲ့ကြောင်း သိရသည်။

အဆိုပါ စာပေဟောပြောပွဲသို့ ခရိုင်၊ မြို့နယ်ဌာနဆိုင်ရာများ၊ မြို့နယ်ပညာရေးမှူး၊ ကျောင်းအုပ်ဆရာ ဆရာမများ၊ အမှတ်(၁) အထက ကျောင်းအကျိုးတော်ဆောင်များ၊ စာပေချစ်မြတ်နိုးသူများ၊ မြို့နယ်စာရေးဆရာအသင်းဝင်များ၊ ဆရာ ဆရာမများနှင့် ကျောင်းအသီးသီးမှ တက္ကသိုလ်ဝင်တန်း ကျောင်းသား ကျောင်းသူများ တက်ရောက်ကြသည်။ အစီအစဉ်အရ အမှတ်(၁) အထက ကျောင်းအုပ်ဆရာမကြီးက မှာတာစကားပြောကြားသည်။ ယင်းနောက် စာရေးဆရာမဂျူးက "စာဖတ်ခြင်း အနုပညာ" ခေါင်းစဉ်ဖြင့်လည်းကောင်း၊ စာရေးဆရာ မောင်သာချိုက "တစ်ယောက်ထဲပြောင်းလဲလို့မရဘူး" ခေါင်းစဉ်ဖြင့်လည်းကောင်း ဟောပြောပြီး ကျောင်းအကျိုးတော်ဆောင်တစ်ဦးက ကျေးဇူးတင်စကားပြောကြားသည်။

ယခုပြုလုပ်သော စာပေဟောပြောပွဲ အခမ်းအနားသို့ စုစုပေါင်းအင်အား ၁၀၀၀ ကျော် တက်ရောက်ခဲ့ကြောင်း သိရသည်။

**အတ်ကလေး(ရမည်းသင်း)**



## အရေးပေါ်လူနာတင်ယာဉ်အဖွဲ့များ အသက်ကယ်ပြုစုနည်းသင်တန်းဖွင့်

**ထားဝယ် အောက်တိုဘာ ၉**

ကလျာဏမိတ္တ ပရဟိတဖောင်ဒေးရှင်းမှ ကြီးမှူးဖွင့်လှစ်သော အရေးပေါ်လူနာတင်ယာဉ်အဖွဲ့များ သက်ကယ်ပြုစုနည်းသင်တန်း အမှတ်စဉ်(၁/၂၀၁၆)ကို တနင်္သာရီတိုင်းဒေသကြီး ထားဝယ်မြို့ နန်းတော်ရာကျောင်း ဓမ္မာရုံ၌ အောက်တိုဘာ ၆ ရက်က ဖွင့်လှစ်ခဲ့သည်။

သင်တန်းတွင် ကလျာဏမိတ္တ ပရဟိတဖောင်ဒေးရှင်းတာဝန်ခံ ဥက္ကဋ္ဌဦးအောင်သူရလင်းက သင်တန်းဖွင့်လှစ်ခြင်းရည်ရွယ်ချက်များကို ရှင်းလင်းပြောကြားပြီး သင်တန်းတွင် ကလျာဏမိတ္တပရဟိတ ဖောင်ဒေးရှင်းတာဝန်ခံနှင့် သက်ဆိုင်ရာပုဂ္ဂိုလ်များက အသက်ကယ်နည်း၊ မူးယစ်ဆေးဝါးကာကွယ်ရေး၊ အရေးပေါ်ပြုစုခြင်းဆိုင်ရာ(ဥပဒေ)နှင့် သဘာဝဘေး အန္တရာယ်ဆိုင်ရာများ၊ ယာဉ်အန္တရာယ်ဥပဒေ၊ သွေးလွန်တုပ်ကွေးကာကွယ်ရေး စသည့်အကြောင်းအရာများကို အောက်တိုဘာ ၈ ရက်အထိ သုံးရက်ကြာ သင်ကြားပို့ချခဲ့ကြောင်း သိရသည်။

သင်တန်းသို့ ထားဝယ်မြို့မှ မီးသတ်တပ်ဖွဲ့၊ ပကာရီကျေးရွာမှ မှိုင်းကာရီအဖွဲ့၊ ရေဖြူမြို့နယ် ပဂေါ့ဇွန်းရွာမှ ဇဗ္ဗူအရိပ် ပရဟိတလူငယ်အသင်း၊ ကျောက်ထောင့်ရွာမှ နာရေးကူညီမှုအဖွဲ့၊ လဲရှောင်ရွာမှ ဇဗ္ဗူမေတ္တာရှင်အဖွဲ့၊ ရေဖြူမြို့ထိန်ကြီးရွာမှ ဇဗ္ဗူဒီပအဖွဲ့၊ သရက်ချောင်းမြို့နယ် ရန်တောင်ရွာမှ သဟဇာတ နာရေးကူညီမှုအသင်း၊ ဂုံညင်းဆိပ်ရွာမှ ကလျာဏမိတ္တအဖွဲ့၊ မေတ္တာမြို့ တောင်သုံးလုံးရွာမှ အာယုဒါနပရဟိတအသင်း၊ ကျောက်မဲတောင်ရွာမှ မြတ်စေတနာပရဟိတအဖွဲ့များ တက်ရောက် သင်ကြားခဲ့ကြသည်။

**(ခရိုင် ပြန်/ဆက်)**

## စာဖတ်ရှိန်မြှင့်တင်ရေးနှင့် စားသုံးသူအကာအကွယ်ပေးရေး ပညာပေးဟောပြော

**ကလေး အောက်တိုဘာ ၉**

ကလေးမြို့နယ် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနနှင့် စားသုံးသူရေးရာဦးစီးဌာနတို့ပူးပေါင်း၍ မြို့နယ်အတွင်းရှိ စည်ပင်ကြီး၊ မြောင်းလှ၊ ကျွန်းတော၊ မြောင်းဆုံ၊ ဆင်တော၊ စီးစံ ကျေးရွာများ၌ စာဖတ်ရှိန်မြှင့်တင်ရေးနှင့် စားသုံးသူ အကာအကွယ်ပေးရေး အသိပညာပေးဟောပြောမှုများကို အောက်တိုဘာ ၇ ရက်က ကွင်းဆင်းဆောင်ရွက်ခဲ့ကြောင်း သိရသည်။

ကျေးလက်နေပြည်သူများ အသိပညာဗဟုသုတ ပိုမိုဖွံ့ဖြိုးတိုးတက်စေရန်နှင့် ကျေးရွာစာကြည့်တိုက်များ ရေရှည် ရှင်သန်ရေးရည်ရွယ်ချက်ဖြင့် ဟောပြောပွဲကို ပြုလုပ်ခြင်းဖြစ်ကြောင်း သိရသည်။ ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာနက နိုင်ငံတော်အကြီးအကဲများ၏ တိုင်းကျိုးပြည်ပြု ဓာတ်ပုံများ ပြသပြီး ကျေးရွာစာကြည့်တိုက်များသို့ စာအုပ်စာစောင်များ ပေးအပ်လှူဒါန်းကာ မြို့နယ် ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာနမှူး ဒေါ်သန်းထိုက်အောင်က စာဖတ်ရှိန်မြှင့်တင်ရေးဆိုင်ရာ အကြောင်းအရာများနှင့် မြို့နယ် စားသုံးသူရေးရာဦးစီးဌာနမှူး ဒေါ်သန်းသန်းဝင်းက အရက်နှင့် ဆေးလိပ်သောက်သုံးခြင်း၊ ကွမ်းယာစားခြင်းတို့ကြောင့် ရရှိနိုင်သည့် ရောဂါများအကြောင်း၊ ဓာတုဆိုးဆေးများနှင့် ပိုးသတ်ဆေးများ၏ အန္တရာယ်များအကြောင်း၊ မြန်မာပြည်သည် ကင်ဆာရောဂါဖြစ်ပွားမှုနှုန်း ကမ္ဘာပေါ်တွင် အဆင့်(၂)နေရာ ဖြစ်သွားသဖြင့် ယင်းပြဿနာကို တစ်မျိုးသားလုံး လှုပ်ရှားမှုကြီးတစ်ခုအနေဖြင့် တိုက်ဖျက်ရန်အတွက် စားသောက်ဆိုင်တိုင်း၊ မိသားစုတိုင်း၊ ချက်ပြုတ်ထုတ်လုပ်သူတိုင်း လိုက်နာရမည့်အချက်များအကြောင်း စသည်တို့ကို အသေးစိတ် ဟောပြောခဲ့ကြသည်။

**ချင်းတွင်းသား**

**ပျောက်ဆုံး**

ကျွန်တော်ဦးကျင့်ခန့်ပါအို ၄/တတန(နိုင်)၀၀၁၆၀၈ ၏ နိုင်ငံကူးလက်မှတ် အမှတ် (နံပါတ်မမှတ်မိ)သည် ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိပါက အကြောင်းကြားပေးပါရန်။

ဖုန်း-၀၉-၃၃၃၅၀၀၀၃

**မြေကွက်များဝယ်လိုသည်**

ဒဂုံဆိပ်ကမ်း၊ ဒဂုံတောင်၊ ဒဂုံအရှေ့မြို့နယ်များရှိ မြေကွက်များ ဝယ်လိုပါသည်။ ပိုင်ရှင်ကိုယ်တိုင် ဆက်သွယ်ပါ။

ဖုန်း-၀၉-၂၆၀၆၆၄၄၈၀
၀၉-၂၆၀၆၆၄၄၉၀

**ဒဂုံမြို့သစ်**
အရှေ့ပိုင်း၊မြောက်ပိုင်း၊
တောင်ပိုင်း၊ဆိပ်ကမ်း
မြေကွက်များအထူး
ဈေးကောင်းပေးဝယ်သည်။
09-5089354
09-43125781

**မြန်မာကျော် ရင်းနှီးမြှုပ်နှံမှုအဖွဲ့မှ အရင်းအနှီးလိုအပ်သော လုပ်ငန်းရှင်များအား ဖိတ်ခေါ်ခြင်း**

အောက်ပါအရည်အချင်းနှင့် ကိုက်ညီသူများကို နွေးထွေးမှုဖြင့် ဖိတ်ခေါ်အပ်ပါသည်။

(က) ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများကို အထူးစိတ်ဝင်စား၍ လုပ်ငန်းအတွေ့အကြုံရှိသူ။
(ခ) ကိုယ်ကျင့်သိက္ခာနှင့် ပြည့်စုံပြီး တိုင်းချစ်ပြည်ချစ်စိတ်ဓာတ်၊ အများအတွက် ကိုယ်ကျိုးစွန့်ရဲသည့် စိတ်ဓာတ်ကို အခြေခံ၍ ဆောင်ရွက်နိုင်သူ။
(ဂ) မိမိ၏ လုပ်ငန်း အောင်မြင်လည်ပတ်နေမှုနှင့် ဘဏ္ဍာရေးအခြေအနေအား တင်ပြနိုင်သူ။
(ဃ) ယှဉ်ပြိုင်အရွေးချယ်ခံလုပ်ငန်းရှင် ကိုယ်စားလှယ်လောင်းအား ၎င်းဒေသရှိ လုပ်ငန်းရှင်ကြီးနှစ်ဦးမှ အာမခံမိတ်ဆက်ပေးနိုင်ရမည်။
(င) အုပ်ချုပ်ရေးနှင့် စီမံခန့်ခွဲရေးဆိုင်ရာ၊ နည်းပညာပိုင်းဆိုင်ရာ၊ အင်ဂျင်နီယာပိုင်းဆိုင်ရာ၊ ငွေစာရင်းနှင့် ဘဏ္ဍာရေးဆိုင်ရာ၊ ဘောဂဗေဒ၊ စီးပွားရေးဆိုင်ရာနှင့် အဖွဲ့အစည်းဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာ ပညာရပ်တစ်ခုခု ကျွမ်းကျင်ပိုင်နိုင်သူဖြစ်ပါက ဦးစားပေးစဉ်းစားမည်။
(စ) စိစစ်ရွေးချယ်ခံရသူအား ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများဆထက်ထမ်းပိုးတိုး၍ ဆောင်ရွက်နိုင်ရန် ရင်းနှီးမြှုပ်နှံမှုနှင့် နိုင်ငံတကာအဆင့်ရှိ စီမံခန့်ခွဲမှုနည်းပညာရပ်များကိုပါ ကူညီထောက်ပံ့ပေးမည်။
(ဆ) ခရိုင်တစ်ခုချင်းစီမှ တစ်ဦးနှုန်း စိစစ်ရွေးချယ်သွားမည်ဖြစ်ပါသည်။

**စိတ်ဝင်စားမှုရှိပါက အောက်ပါလိပ်စာနှင့် ဖုန်းနံပါတ်များသို့ ဆက်သွယ်ရန်။**

အမှတ် (၉၈)၊ ဗဟိုလမ်း(အောက်)၊ လှိုင်မြို့နယ်၊ ရန်ကုန်မြို့။
ဦးခင်မောင်ကြည် (ရုံးအဖွဲ့မှူး)၊ ၀၉၇၇၈၈၃၈၈၆၄၊ ၀၉၉၇၁၁၆၁၈၃၅၊
ဒေါ်တင်ဇာလင်း (ဌာနမှူး)၊ ၀၉၄၀၁၅၈၀၄၀၃၊ ၀၉၇၉၅၃၇၂၂၄၉၊
ဒေါ်ဌေးဌေးဝင်း (ဌာနမှူး)၊ ၀၉၉၇၉၆၂၁၆၃၉၊ ၀၉၂၅၃၀၃၈၇၂၂၊
ဒေါ်ဝေမွန်သိန်း (ဌာနမှူး)၊ ၀၉၂၅၀၇၇၄၉၀၈၊ ၀၉၄၂၅၂၇၆၉၀၈၊



အဆီကျ၊ အကြောပြေ၊ ဆီး၊ ဝမ်းမှန်စေတဲ့
"မုံရွာဆရာမိုး" အမှတ်တံဆိပ်
ကျောက်တစ်လုံးဝမ်းမှန်ဆေး
တိုင်းရင်းဆေးဝါးမှတ်ပုံတင်အမှတ် TMR004687(0415)
ပင်ရင်း-ဈ-၃၅၆၊ မေခါဗီလမ်းမကြီး၊ ဈ/ရပ်ကွက်၊ ရတနာသီဂီဈေးအနီး၊ မ/ဥက္ကလာပ၊ ရန်ကုန်မြို့
ဖုန်း-၀၁-၉၆၉၀၅၈၇၊ ၀၁-၆၉၁၀၇၉၊ ၀၉-၅၄၁၆၄၇၆

ဝါကျွတ်ချိန်ခါ ပူဇော်ကန်တော့ကြသူတိုင်း
စတုဓမ္မနှင့်ကန်တော့၍ ကုသိုလ်ယူကြသည်။
ဗုဒ္ဓဘုရားဟောဖော်ကြားသည့် - လေးပါးသြသဓဆေးမည်စွာ



ဦးဘညိန်-သား
စတုဓမ္မ
ကေမ္မာဆေးတိုက်မှထုတ်လုပ်သည်။
TMR-003261
ဆိုင် - ၂၈၊ ဗိုလ်ချုပ်ဈေး(မြောက်ဖက်တန်း)၊ အပေါ်ထပ်။ ဖုန်း-၂၄၀၉၆၆ (လိုင်းခွဲ)၄၁၅
ပင်ရင်း - ၁၃၄၊ တက္ကသိုလ်ရိပ်သာလမ်းသစ်၊ ဗဟန်း၊ ရန်ကုန်။ ဖုန်း-၀၁ ၅၄၉၁၁၆




သီတင်းကျွတ် အထူးအစီအစဉ်အဖြစ် BMW ၏ xDrive နည်းပညာ (The intelligent all-wheel drive system) ပါဝင်သည့် နောက်ဆုံးပေါ် **The all-new BMW X1 xDrive20i** Brand New ကားကို **Downpayment ကျပ် (၃၉၉) သိန်းပေးသွင်းပြီး လစဉ် ကျပ် (၃၉.၉၉) သိန်းအား (၂၄) လသွင်းရုံဖြင့်** ပိုင်ဆိုင်နိုင်ပါပြီ။

* 3 years Warranty (ကီလိုမီတာ အကန့်အသတ်မရှိ)
* 3 years Maintenance အပါအဝင်

အရေအတွက် အကန့်အသတ်ဖြင့်သာ ရောင်းချမည် ဖြစ်ပါသည်။

**The all-new BMW X1**ကို စမ်းသပ်မောင်းနှင်ရန်အတွက် ရန်ကုန်မြို့ ပြည်လမ်းနှင့် နာနတ်တောလမ်းထောင့်ရှိ BMW Showroom နှင့် မန္တလေးမြို့ ရွှေမန်းတောင် Golf Club ရှိ BMW Pavilion Mandalay သို့ လှမ်းခဲ့ဖို့ ဖိတ်ခေါ်အပ်ပါသည်။


LED headlights with extended contents


Parking Assistant


Sport seat with Lumbar support

**Prestige Automobiles Co.,Ltd. The Exclusive Authorised BMW Dealer in Myanmar.**
**Yangon:** 01- 2306133 **Mandalay:** 09-78888 2089 www.facebook.com/BMWPAC



AMERICAN VISION
PROFESSIONAL EYE CARE CENTER
မျက်စိနှင့်မျက်မှန်ကိစ္စအားလုံး တစ်နေရာတည်းနှင့်ပြီးပြည့်စုံတဲ့
မူလပထမ အမေရိကန်ဗွီးရှင်း
နောက်ဆုံးပေါ် ကမ္ဘာကျော် BRANDED အစစ်အမှန်
ပါဝါ၊ နေကာမျက်မှန်များကို
သီတင်းကျွတ်အထူးဈေးရောင်းပွဲတော်အဖြစ်
24-10-2016 ရက်နေ့အထိ up to 20% Off အထူးလျှော့ပေးနေပါပြီ။
Up to
20% Off
AMERICAN VISION
ဆိုင်ခွဲများအားလုံးမှာ လျှော့ပေးနေပြီမို့
အချပဲသွားလိုက်ကြစို့သူငယ်ချင်းတို့ ။
သီတင်းကျွတ်အခါသမယတွင် လူကြီးမိဘများအား ဂါဝရပြုရန်
အမေရိကန်ဗွီးရှင်းမှ Discount များကိုလည်းရယူလိုက်ပါနော်!
Thadingyut
FLASH SALE
only 2 weeks limited
www.facebook.com/myanmaramericanvision
YANGON: (01) 242476, 241897, 241898, MANDALAY: (02) 35588, 32053, NAYPYITAW: (067) 432393




ဒီဇင်ဘာသီရိဂေဟာမြို့တော် (တောင်ဒဂုံ)အမှတ် (၂)လမ်းမကြီး နှင့် မြို့ပတ်လမ်းမကြီးဆုံရာထောင့်ကွက်
"သီတင်းကျွတ် Promotion အထူးအစီအစဉ်" (၁၀.၁၀.၂၀၁၆ မှ ၁၀.၁၁.၂၀၁၆) အထိ
No.(3) Main Road
Nay Pyi Taw (Capital City)
Hanta Waddy New International air port in Bago
No.(2) Main Road
Economic University
Helgu Township
Thanlyin City
Myoe Pat Road
ဆောက်လုပ်ပြီးစီးနေသည့်၂ခန်းတွဲ ၆ထပ်တိုက်ထောင့်ခန်းများ
(ရောင်းချမည့်တိုက်ခန်းများ)
- တစ်တိုက်နှင့် တစ်တိုက် (၁၀) ပေနီးပါး ကွာခြားသည်။ ပတ်လည်လေဝင်/လေထွက်ကောင်းသည်။
- အခန်းတိုင်းအားလုံးသည် ထောင့်ခန်းဖြစ်သည်။
- တိုက်ခန်း တစ်ခန်းအကျယ် (၁၅ပေ × ၄၀ပေ) = (၆၀၀) စတုရန်းပေ
- တိုက်ခန်းပြီးစီးမှု (၉၀%) တည်ဆောက်မှုပြီးစီး၍ ရေမြောင်း၊ လမ်းများအား ကွန်ကရစ်ခင်းပြီးဖြစ်သည်။
- အိပ်ခန်း (၂)ခန်းပါ၊ ဧည့်ခန်း၊ ဘုရားစင်အိပ်သာခန်း (၁)ခန်း၊ ရေချိုးခန်း (၁)ခန်းပါဝင်သည်။
- အဝီစိ တွင်းရေတူးပြီး Transformer မီးတပ်ဆင်ပြီး၍ ရေ၊ မီး ရရှိနေပါသည်။
- မြေညီထပ်အခန်း ထပ်ခိုးတစ်ဝက်ပါရှိသည်။ တိုက်ခန်းများတွင် လူနေထိုင်လျက်ရှိပါသည်။
- ရေ၊ မီး၊ ဆေးလုပ်ငန်းတို့ အနည်းငယ်သာ ကျန်ရှိပါသည်။
- ပတ်ဝန်းကျင်၌ တန်ဖိုးနည်းအိမ်ယာများ ဆောက်လုပ်နေပါသည်။
- တိုက်ခန်း (၁)ခန်းလျှင် ကားပါကင် (၁) စီးရပ်နားနိုင်ပါသည်။
- Future Plan တွင် One Stop Service များလည်းပါဝင်လိမ့်မည်။
- လက်ငင်းငွေချေပါက (၃၀%) လျှော့ပေးမည်၊ တိုက်ခန်းအပ်မည်။
- အရစ်ကျစနစ်ဖြင့် ငွေချေပါက (၁၀%) လျှော့ပေးမည်ဖြစ်ပြီး (၂၀%) စရံငွေပေး၊ ကျန် ၈၀% ကို (၃၆)လ အရစ်ကျငွေသွင်း၍ ငွေကျေပါက အခန်းအပ်ပါမည်။
ဗလာမပါ ရွှေပြားကံစမ်းမဲများ ပါဝင်သည်။
"ဝယ်ထားမမှား၊ ပြန်ကြည့်မရှိ"
ကားဝယ်/ရောင်းလုပ်သူများ၊ ကား Show Room ဖွင့်သူများ၊ ကိုယ်ပိုင် ပုဂ္ဂလိက ဆေးရုံဖွင့်လိုသူများ၊ International School ဖွင့်လိုသူများ၊ စားသောက်ဆိုင်ဖွင့်လိုသူများ၊ ကားပစ္စည်းအရောင်းဆိုင်ဖွင့်လိုသူများ၊ ကားဆီဆိုင်၊ ရေဆေး/ဆီထိုးဖွင့်လိုသူများကို အထူးအခွင့်အရေးများဖြင့် တိုက်ခန်း(၁)ခန်းအားအခမဲ့ပေးပြီး 40' x 60' မြေတစ်ကွက် ဝယ်ယူရပါမည်။
ဆက်သွယ်ရန် - December Thiri Gayhar City (Show Room)
အမှတ် (၂၇၃-က)၊ ရွှေဂုံတိုင်လမ်း၊ ဟိုတယ်ရွှေဂုံတိုင် Ground Floor
ဗဟန်းမြို့နယ်။ (လူကိုယ်တိုင်ကြွရောက်လေ့လာနိုင်ပါသည်။)
အပေါ်ဆုံးထပ် (၁)ခန်းလျှင် တစ်လ (၃) သိန်းနီးပါး၊ (၃၆) လ ငွေသွင်းရုံဖြင့် တိုက်ခန်းပိုင်ဆိုင်နိုင်မည့် အခွင့်အရေး

CONSTRUCTION, POWER & MINING
Myanmar 2016

The 4th International Construction, Power & Mining Exhibition
စတုတ္ထအကြိမ်မြောက် နိုင်ငံတကာ ဆောက်လုပ်ရေး၊ စွမ်းအင်နှင့် ဓာတ်သတ္တုတူးဖော်ရေး ကုန်စည်ပြပွဲ

3in1

13-15 October 2016
Myanmar Event Park (MEP)
9.00-17.00 Hrs.

Including:
- Over 200 leading companies from around the world
- 5 international groups from China, Germany, Korea, Singapore and Thailand
- Industry Conferences & Seminars

ပါဝင်သည် :
- ကမ္ဘာ့အနှံ့မှဦးဆောင် ကုမ္ပဏီ ၂၀၀ ကျော်
- တရုတ်၊ ဂျာမနီ၊ ကိုရီးယား၊ စင်္ကာပူ နှင့် ထိုင်းနိုင်ငံတို့မှ နိုင်ငံတကာပြခန်းကြီး (၅)ခန်း
- လုပ်ငန်းဆိုင်ရာ ဆွေးနွေးပွဲနှင့် ဟောပြောပွဲများ

New Venue MEP

စီးပွားရေးလုပ်ငန်းရှင်များအတွက်သာ။
အသက် (၁၈) နှစ်အောက် ဝင်ရောက်ခွင့် မပြုပါ။



Visitors can pre-register online or onsite at the exhibition
ဧည့်သည်တော်များသည် အွန်လိုင်းမှ ကြိုတင်စာရင်းပေးသွင်းနိုင်သလို ပြပွဲတွင်လည်း စာရင်းပေးသွင်းနိုင်ပါသည်
www.cpmmyanmar.com

Supported by: MCEA, REAM, Myanmar Engineering Society, Yangon Electricity Supply Corporation
Acknowledged by: Ministry of Commerce, Ministry of Electric Power and Energy, Ministry of Construction, Ministry of Resources and Environmental Conservation
Platinum Sponsor: Z&A
Organised by: BES, Allworld Exhibitions, Bangkok Exhibition Services Ltd.

ကမ္ဘာ့လက်ဆေးနေ့ကို
လက်ကမ်းကြိုဖို့ familycare နဲ့
လက်ဆေးကြစို့ ...



99.99%



ကိုဝင်းနိုင် ဒေါင်းမင်း 09425355758, 09255913926
ကျိုက်ထီးရိုး/ ချောင်းသာ(နေ့စဉ်)
ထားဝယ်ရှင်ကိုးရှင်၊ မောင်းမကန်၊ ကျိုက္ခမီ၊ စက်စဲ (၅)ရက် Guest-100000
တောင်ကြီး၊ အင်းလေး၊ ပင်းတယ၊ ထမ့်စမ်း၊ ကက္ကူ (၄)ရက် Guest- 70000
စစ်ကိုင်း၊ မန္တလေး၊ ပြင်ဦးလွင်၊ ကျောက်စိမ်း (၃)ရက် Hotel Package- 65000
ပုပ္ပါး၊ ပုဂံ၊ ညောင်ဦး (စွယ်တော်လေးဆူ)၊ ပခုက္ကူ (၃)ရက် Hotel Package- 65000
(သောကြာသွားတနင်္လာနံနက်ပြန်ရောက် ဂူးခွင့်ယူရန်မလို) ကားမျိုးစုံစီးလိုမှား

အခမဲ့ကုပေးမည်
ဆေးမတိုး/ ကုရခက်ကင်ဆာ
TB နှင့်ရောဂါစုံဖြစ်နေလျှင်
သဗ္ဗာရှင်ဆေးခန်း
ဖုန်း-09 261186511 သို့ဆက်သွယ်ပါ။

ကွန်ဒိုခရစ် အုတ်ရိုက်စက်
ခေတ်မီမြေအုတ်ရိုက်စက် ရပြီ
09 4200 35882
09 4200 35884
(မြ၀၄)အောင်လေး(၁)လမ်းဝ (၂)တောင်အုံ။

RUBY ကားစီးလုံးငှားသည်
519100
09-51-77212, 535100
ခရီးစဉ်မျိုးစုံအတွက် (၄၅၊ ၃၃၊ ၂၄၊ ၁၈၊ ၁၄၊ ၁၀၊ ၇)ခုံပါ ယာဉ်နှင့် Saloon, Van ကားမျိုးစုံ ငှားနိုင်ပါသည်။ လချုပ်ကားမျိုးစုံငှားရန်ရှိသည်။ (ယာဉ်ပိုင်ရှင်များဆက်သွယ်ပါ)

စက်သုံးဆီအရောင်းဆိုင်များရောင်းမည်။
မန္တလေးတိုင်းဒေသကြီး၊ မိတ္ထီလာမြို့(ဒသမ၂၂၈က)နှင့်ကျောက်ဆည်မြို့ (ဒသမ၁၇၈က)တို့တွင် တရားဝင်လိုင်စင်ဖြင့် လက်ရှိဖွင့်လှစ်ရောင်းချလျက်ရှိသော စက်သုံးဆီအရောင်းဆိုင်(၂)ဆိုင်အားရောင်းရန် ရှိပါသည်။
ဖုန်း - ၀၉- ၅၁၀၇၀၅၈ ၊ ၀၉- ၇၉၇၅၂၄၆၃၆
၀၉-၂၆၃၆၂၁၅၀၄၊ ၀၉- ၇၈၈၉၀၆၅၆၀



GOLDEN WIN CO.,LTD.





အထူးကျေးဇူးတင်ရှိကြောင်း



ကျွန်တော်များ Golden Win's ၏ Englend မှ Scannia Tractor Head (used) ကားများကို ယုံကြည်စိတ်ချစွာ (ကြိုပို့ငွေ/ မျက်မြင်အရောက်) စနစ်ဖြင့် ဝယ်ယူအားပေးကြသော မိတ်ဆွေဟောင်း၊ မိတ်ဆွေသစ်များ အားလုံး ကို ကျေးဇူးအထူးတင်ရှိပါသည်ခင်ဗျား။

ကျွန်တော်တို့ကုမ္ပဏီအား မေတ္တာဖြင့် အကူအညီ များစွာပေးခဲ့သော ဦးစိုင်းကျော်နိုင် (ကေသီမြဝတီ) နှင့် ရှမ်းပြည်နယ် ကျောက်မဲ၊ လားရှိုး၊ မူဆယ်၊ တောင်ကြီး၊ ပြင်ဦးလွင်မှ Customerများ ကိုလည်းကောင်း၊ ၄င်းကားများအား တင်သွင်းရောင်းချရန် အကြံပေး ခဲ့သော ဦးမြင့်ကို (ပခုက္ကူ) အားလည်းကောင်း၊ အထက်အညာဒေသ၊ မန္တလေး၊ မြင်းခြံ၊ ကျောက်ဆည်၊ ပခုက္ကူ၊ ကျောက်ပန်းတောင်း၊ ချောက် မြို့များတွင် ကူညီရောင်းချပေးခဲ့သော ဦးဝင်းမောင် (ကသာ)၊ ဦးပေါက် (ကျောက်ပန်းတောင်း)၊ ဦးအောင်နိုင်၊ ဦးစိန်ဝင်း၊ ဦးသိန်းဇော် (ပြင်ဦးလွင်) တို့အား လည်းကောင်း၊ ရန်ကုန်မြို့မှ Customer အားလုံးကိုလည်းကောင်း၊ ယုံကြည်စွာဖြင့် အစီးရေအများဆုံး ဝယ်ယူအားပေး ခဲ့သော ဦးမြင့်နိုင်၊ ဦးခင်သန်း၊ ဦးခင်ဇော်၊ ဦးမျိုး (ပဲခူး)၊ ဦးစိုးအောင် (မန္တလေး)၊ ဦးစိုးအောင် (ဘုရင့်နောင်) တို့အား လည်းကောင်း၊ ကျွန်တော်များ Golden Win's မိသားစုမှ အထူးကျေးဇူးတင်ရှိပါကြောင်း။

အထူးကျေးဇူးတုံ့ပြန်သောအားဖြင့် (သီတင်းကျွတ်) ကာလ Promotion (ကြိုပို့ငွေ၊ မျက်မြင်အရောက်) စနစ် (၂)မျိုးစလုံးအတွက် ဝယ်ယူအားပေးပါက Discount (5%) ဖြင့် ရောင်းချပေးမည်ဖြစ်ကြောင်း သတင်းကောင်း ပါးအပ်ပါသည်။

ဆက်သွယ်ရန်လိပ်စာ
(ရုံး) အမှတ် -၁၁၁၇ (အိတ်ချ်)၊ ရွှေနှင်းဆီ(၅)လမ်း၊ မရမ်းကုန်းမြို့နယ်။
(ကားကြည့်ရန်) ခြံအမှတ် (၂၀)၊ ရန်ကုန်လေဆိပ်အနီး၊ မင်္ဂလာဒုံမြို့နယ်။
ဖုန်း - ၀၉ ၄၅၄၄၄၂၅၅၀၊ ၀၉ ၉၆၅၀၀၄၁၀၆၊ ၀၉ ၉၆၀၆၇၀၄၂၂

လေးစားစွာဖြင့်
(Golden Win Co., Ltd)

✱ ဆောင်းရာသီအထူး ✱
၁၀.၁၀.၂၀၁၆ မှ
၁၀.၁၂.၂၀၁၆ အထိ

# သိမ်းငှက်သုံးကောင်

## အာမခံ စိန်၊ ရွှေ၊ ရွှေဖြူ ရတနာဆိုင်

စိန်ထည်များ တိုးချဲ့ဖွင့်လှစ် ရောင်းချပေးနေပါပြီ



✓ စိန်ထည်အရောင်း 20% OFF

✓ စိန်ထည်ပြန်သွင်း 5% OFF (၁၀.၁၀.၂၀၁၆ မှ ၁၀.၁၂.၂၀၁၆ ထိ) ဝယ်ဘောင်ချာများသာ



(၁) - အမှတ်(၈/၇၅)၊ ဘုရင့်နောင်လမ်း၊ ညစျေးအနီး၊ မြဝတီမြို့၊ ☎ ၀၅၈-၅၀၇၉၃၊ ၀၉ ၇၉၈၈၈ ၂၅၀၀၊ (၂) - အမှတ်(၇၁၁)၊ မဟာဗန္ဓုလလမ်းမ၊ (၁၈)လမ်းနှင့် စဉ့်အိုးတန်းလမ်းကြား၊ လသာမြို့နယ်၊ ရန်ကုန်မြို့၊ ၀၉-၄၉၂၈၈၈၅၅၊ ၀၉-၇၉၈၈၈၂၄၀၀၊ (၃) - အမှတ်(၇၂၁)၊ မဟာဗန္ဓုလလမ်းမ၊ (၁၇)လမ်းနှင့် (၁၈)လမ်းကြား၊ လသာမြို့နယ်၊ ရန်ကုန်မြို့၊ ၀၉-၅၆၇၀၈၈၈၊ ၀၉-၇၉၈၈၈၂၃၀၀၊


### အမည်ပြောင်း

FMI City လှိုင်သာယာမြို့နယ် ဦးဗိုလ်စစ်မှူး ၁၂/ဗဟန(နိုင်) ၀၉၄၅၈၆ ၏သမီး မသုန်ရွှေ စစ်မှူးအား ယနေ့မှစ၍ ရွှေထွဋ်ရတနာဟု ပြောင်းလဲခေါ်ဆိုပါရန်။

**ရွှေထွဋ်ရတနာ**

### ဖခင်အမည်မှန်

ရှမ်းပြည်နယ် (တောင်ပိုင်း)၊ ညောင်ရွှေမြို့နယ်၊ အထက သာလေး စတုတ္ထတန်းမှ မသဒ္ဒါဗိုလ်၏ ဖခင်အမည်မှန်မှာ ဦးအောင်စိုးဝင်း ဖြစ်ပါကြောင်း။ **ဦးအောင်စိုးဝင်း**

### ဖခင်အမည်မှန်

ရှမ်းပြည်နယ် (တောင်ပိုင်း)၊ ညောင်ရွှေမြို့နယ်၊ အထက သာလေး တက္ကသိုလ်ဝင်တန်း (A)မှ နန်းခမ်းချူး၏ ဖခင်အမည်မှန်မှာ ခွန်လှရွှေ ဖြစ်ပါကြောင်း။ **ခွန်လှရွှေ**

### ဖခင်အမည်မှန်

ရှမ်းပြည်နယ်(တောင်ပိုင်း)၊ ညောင်ရွှေမြို့နယ်၊ အထက သာလေး တက္ကသိုလ်ဝင်တန်း (B)မှ မတင်သန်းဝင်း၏ ဖခင်အမည်မှန်မှာ ဦးမြင့်ဖေ ဖြစ်ပါကြောင်း။ **ဦးမြင့်ဖေ**

### အများသိစေရန်ကြေညာခြင်း

ဒေါ်ခင်သက်မြင့် ၁၃/လရန(နိုင်) ၁၂၁၅၀၇ ရပ်ကွက်(၈)၊ နယ်မြေ(၂)၊ ဦးပိုင်အမှတ် ၁၂၊ ဧရိယာ ၀၁၁မ၁၁၀ ဧက အမှုတွဲအမှတ် ၁၄၁-၅/၂၀၀၄-၂၀၀၅ (အေ)ဖြင့် ဗိုလ်မှူးချုပ်လုမြင့်အမည်ပေါက်ပိုင်ဆိုင်သည့် မြေကွက်အား မြို့နယ်စာချုပ်စာတမ်း မှတ်ပုံတင်အမှတ် ၁၁၂I/၂၀၁၆ ဖြင့် တရားဝင်ဝယ်ယူပိုင်ဆိုင်ထားပြီးဖြစ်၍ ကျွန်မ ဒေါ်ခင်သက်မြင့်၏ အမည်ဖြင့် အမည်ပြောင်းထပ်မံအသစ်လျှောက်ထားမည်ဖြစ်၍ ကန့်ကွက်လိုသူရှိက ရက်၂၀အတွင်း ကန့်ကွက်နိုင်ကြောင်း အသိပေးကြေညာအပ်ပါသည်။

**ဒေါ်ခင်သက်မြင့်**


## ဒဂုံမြို့သစ်

အရှေ့ပိုင်း ဆိပ်ကမ်းမြို့နယ်
တောင်ပိုင်း၊
မြောက်ပိုင်းများရှိ
မြေကွက်များကို
ဈေးကောင်းပေးဝယ်သည်။
ဖုန်း-၀၉-၈၆၂၃၁၈၈
ဖုန်း-၀၉-၅၀၈၄၁၂၉

## အောင်သရဖူ

အိမ်ပြောင်း၊ အိမ်ရွှေ့ ဝန်ဆောင်မှုလုပ်ငန်း
လူကြီးမင်းတို့၏ အိမ်ခန်း၊ ရုံးခန်းများ ပြောင်းရွှေ့ခြင်းအတွက် အလုပ်သမား နှင့် ကား စီစဉ်ပေးသည်။
အမှတ်-၁၇၁၊ မြယမုံအိမ်ရာ၊ လေးထောင့်ကန်လမ်းမ၊
Ph: 09254009334, 09254009335, 09254009336

## သင့်မိသားစုဘဝမှာ ဆောက်လုပ်ပြီးစီးပြီး အဆင့်သင့်နေထိုင်နိုင်မည်

*River View Point Condo.*

ရန်ကုန်မြစ်၏ သဘာဝအလှများကို ခံစားပြီး ရွှေတိဂုံဘုရားကြီးကို ဖူးမျှော်နိုင်သည့် အလုံမြို့နယ်၊ ကမ်းနားလမ်း နှင့် သစ်တောလမ်းထောင့်တွင် တည်ဆောက်ပြီးစီးသည့် အဆင့်မြင့်ဆုံးကွန်ဒိုမှ လူနေအိမ်ခန်းများနှင့် ရုံးခန်းကိုဦးရာလူစနစ်ဖြင့် ဈေးနှုန်းချိုသာစွာ ရောင်းချ/ငှားရမ်းပေးမည်ဖြစ်ကြောင်း သတင်းကောင်းပါးအပ်ပါသည်။

ဆက်သွယ်ရန် - ၀၉၂၆၃၉၂၂၆၂၂
(အကျိုးဆောင်ပေးမည့်သူများလည်း ဆက်သွယ်နိုင်ပါသည်။)

SAMSUNG

Galaxy J7 Prime

## အတွေ့အကြုံသစ်ကို ခံစားလိုက်ပါ...




- လှပခိုင်ခံ့သည့် သတ္တုကိုယ်ထည်
- အလင်းအားနည်းသည့်အချိန်တွင် ရိုက်ကူးနိုင်သည့်အရည်အသွေးမြင့် ကင်မရာ
- စိတ်ချယုံကြည်ရသည့် လက်ဗွေလုံခြုံမှုစနစ်
- SIM Card နှစ်ကဒ်နှင့် Micro SD အတွက် သီးသန့် Slot
- မြန်ဆန်သည့် Processor နှင့် ကြာရှည်ခံသည့် Battery

၂၅,၀၀၀ ကျပ်တန်ဖိုးရှိ လက်ဆောင် ၅ မျိုး

ooredoo 4G
- Free SIM Card
- Monthly Top Up 5,000 Kyats

Will Get
12,500 Kyats in total x 6 Months

PROMOTION - Until MARCH 2017

samsungmobilemyanmar samsungmyanmar samsungmyanmar
Call Center 01 2399 888 (Mon-Sun) 8AM to 6PM
အမြို့မြို့အနယ်နယ်ရှိ Samsung Brand Shops များနှင့် ကိုယ်စားလှယ် အရောင်းဆိုင် များတွင် ဝယ်ယူနိုင်ပါသည်။

SAMSUNG

## ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်တွင် ၂၀၁၆ခုနှစ် ကျင်းပမည့် စတုတ္ထအကြိမ် Computer Based Test (CBT) စနစ်ဖြင့် ကိုရီးယားဘာသာအရည်အချင်းစစ် အထူးသီးသန့်စာမေးပွဲကြေညာချက်

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံ၊ အလုပ်သမား၊ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာနနှင့် ကိုရီးယားသမ္မတနိုင်ငံ၊ အလုပ်အကိုင်နှင့် အလုပ်သမားဝန်ကြီးဌာနတို့သည် နှစ်နိုင်ငံသဘောတူညီမှု စာချွန်လွှာအရ နိုင်ငံခြားသားလုပ်သားခေါ်ယူမှုစနစ်ဖြင့် ကိုရီးယားသမ္မတနိုင်ငံတွင် အလုပ်လုပ်ကိုင်ရန်ဆန္ဒရှိသော မြန်မာလုပ်သားများအအတွက် အစိုးရပြည်ပအလုပ်အကိုင်အေဂျင်စီမှ ဆောင်ရွက်ပေးလျက်ရှိပါသည်။ ယခုအခါ ကိုရီးယားသမ္မတနိုင်ငံတွင် အနိမ့်ဆုံး (၃)နှစ်ထက်ပို၍ တရားဝင်ကောင်းမွန်စွာနေထိုင်အလုပ်လုပ်ကိုင်ခဲ့ပြီး မြန်မာနိုင်ငံသို့ ၂၀၁၀ ခုနှစ် ဇန်နဝါရီလနောက်ပိုင်း ပြန်လည်ရောက်ရှိခဲ့သော မြန်မာအလုပ်သမားများအတွက် ထပ်မံသွားရောက်အလုပ်လုပ်ကိုင်နိုင်ရေးရည်ရွယ်ပြီး Computer Based Test (CBT) စနစ်ဖြင့် သီးသန့်ပြုလုပ်ပေးသော ကိုရီးယားဘာသာအရည်အချင်းစစ် အထူးစာမေးပွဲဖြစ်ပါသည်။ ထိုစာမေးပွဲ အောင်မြင်သူများသာလျှင် နိုင်ငံခြားသားလုပ်သားခေါ်ယူမှုစနစ်အရ အလုပ်လျှောက်လွှာတင်ခြင်းလုပ်ငန်းစဉ်များ ဆောင်ရွက်နိုင်မည်ဖြစ်ပါသည်။

၁။ **စာမေးပွဲကျင်းပမည့် နေ့ရက်၊ အချိန်**

(က) ၁၆-၁၁-၂၀၁၆ရက်မှစတင် ကျင်းပမည်။

(ခ) ၁၀း၀၀နာရီမှ ၁၁း၁၀နာရီထိ (ပထမပိုင်း)၊ ၁၃း၀၀နာရီမှ ၁၄း၁၀နာရီထိ (ဒုတိယပိုင်း)နှင့် ၁၅း၃၀မှ ၁၆း၄၀နာရီထိ (တတိယပိုင်း)သုံးကြိမ်ခွဲ၍ တစ်ကြိမ်လျှင် လုပ်သား ၃၀ စစ်ဆေးပါမည်။

- စာမေးပွဲဖြေဆိုသူများအား အသိပညာပေးခြင်းရှိပါသဖြင့် ပထမပိုင်းဖြေဆိုမည့်သူများသည် ၀၉း၀၀နာရီတွင်လည်းကောင်း၊ ဒုတိယပိုင်းဖြေဆိုမည့်သူများသည် ၁၂း၀၀နာရီတွင်လည်းကောင်း၊ တတိယပိုင်းဖြေဆိုမည့်သူများသည် ၁၄း၃၀နာရီတွင်လည်းကောင်း သက်ဆိုင်ရာ စာမေးပွဲခန်းများတွင် နေရာယူပြီးဖြစ်ရပါမည်။

၂။ **စာမေးပွဲကျင်းပမည့်နေရာ**

- CBT Center အစိုးရပြည်ပအလုပ်အကိုင်အေဂျင်စီ၊ အမှတ်(၈/၁)၊နဂါးရုံဘုရားလမ်း၊ (၅)ရပ်ကွက်၊ မရမ်းကုန်းမြို့နယ်၊ ရန်ကုန်မြို့။

၃။ **ခေါ်ယူမည့်လုပ်ငန်းအမျိုးအစား**

| လုပ်ငန်းအမျိုးအစား | အောင်စာရင်းသတ်မှတ်ချက် |
|---|---|
| ကုန်ထုတ်လုပ်ငန်း<br>ဆောက်လုပ်ရေးလုပ်ငန်း<br>စိုက်ပျိုး၊ မွေးမြူရေးလုပ်ငန်း | အမှတ်ပြည့် (၂၀၀)ရှိသည့်အနက် အမှတ် (၈၀)အထက် ရရှိသူများအား အမှတ် အနည်း/အများအလိုက် သတ်မှတ်အရေအတွက်သာ အောင်မြင်ခွင့် |

၄။ **သတ်မှတ်ချက်များ**

(က) အသက် (၁၈)နှစ်မှ (၃၉)နှစ်အတွင်း (၁၉၇၆ခုနှစ် အောက်တိုဘာ ၁၈ရက်မှ ၁၉၉၈ခုနှစ် အောက်တိုဘာ ၁၉ရက်အတွင်း မွေးဖွားသူ)

(ခ) ထောင်ဒဏ်အပြစ်ကျခံဖူးခြင်းမရှိသူ/မိခင်နိုင်ငံမှ ပြည်ပသို့ထွက်ခွာရန် တားမြစ်ခြင်းမခံရသူ

(ဂ) ကိုရီးယားသမ္မတနိုင်ငံမှ နှင်ထုတ်ထားခြင်း/ပြန်ပို့ခြင်းမခံရသူ (တရားမဝင် နေထိုင်ခဲ့ဖူးခြင်းမရှိသူဖြစ်ရမည်)

(ဃ) ကျန်းမာရေးကောင်းမွန်သူ (ကျန်းမာရေးအတွက်ဆေးစစ်ခြင်းပြုလုပ်ပါမည်)

၅။ **စာမေးပွဲလျှောက်လွှာတင်သွင်းခြင်း**

(က) **လျှောက်လွှာထုတ်ပေး/လက်ခံမည့်ရက်** : ၁၇-၁၀-၂၀၁၆ရက်မှ ၂၀-၁၀-၂၀၁၆ရက်အတွင်း နေ့စဉ် ၀၉း၃၀မှ ၁၆း၃၀နာရီထိ

(ခ) **လျှောက်လွှာထုတ်ပေး/လက်ခံဌာန** : အလုပ်သမားညွှန်ကြားရေးဦးစီးဌာန၊ အစိုးရပြည်ပအလုပ်အကိုင်အေဂျင်စီ၊ အမှတ် (၈/၁)၊ နဂါးရုံဘုရားလမ်း၊ (၅)ရပ်ကွက်၊ မရမ်းကုန်းမြို့နယ်၊ ရန်ကုန်မြို့

(ဂ) **လျှောက်လွှာတင်ရမည့်နည်းလမ်း** : လျှောက်ထားသူကိုယ်တိုင် လာရောက်တင်ရမည်။

(ဃ) **လိုအပ်သည့်စာရွက်စာတမ်းများ**

(၁) စာမေးပွဲလျှောက်လွှာ[စာမေးပွဲခုံနံပါတ်ပါရှိပြီးဖြစ်ပါ၍ (၁)ဦးလျှင် (၁)စောင်သာ ထုတ်ပေးမည်။]

(၂) နိုင်ငံကူးလက်မှတ်မူရင်းနှင့် မိတ္တူ(၁)စောင်၊ (မှတ်ချက်။ ကိုရီးယားသမ္မတနိုင်ငံမှ ထွက်ခွာခဲ့စဉ်က ကိုင်ဆောင်သည့်နိုင်ငံကူးလက်မှတ်/မိတ္တူ)စာမေးပွဲလျှောက်လွှာတွင် သက်တမ်းရှိသော နိုင်ငံကူးလက်မှတ်မိတ္တူအား ကပ်ပေးရပါမည်။

(၃) (၃.၅စမ×၄.၅စမ) ပတ်စ်ပို့ဓာတ်ပုံ (၂)ပုံ (၆လအတွင်း ရိုက်ကူးထားသောဓာတ်ပုံ)

(၄) စာမေးပွဲဖြေဆိုခ ပေးသွင်းထားသည့်ငွေရပြေစာ

(င) စာမေးပွဲဖြေဆိုခ - အမေရိကန်ဒေါ်လာ (၂၄) (သို့မဟုတ်) ညီမျှသော မြန်မာကျပ်ငွေ

- လျှောက်ထားသူများသည် အကြောင်းအမျိုးမျိုးကြောင့် လျှောက်လွှာပယ်ဖျက်လိုလျှင် လျှောက်လွှာလက်ခံသည့် ကာလအတွင်း လျှောက်ထားလာပါက ပယ်ဖျက်ပေးမည့်အပြင် စာမေးပွဲကြေးအား ပြန်လည်ထုတ်ပေးပါမည်။

၆။ **စာမေးပွဲဖြေဆိုရန် နေ့ရက်၊ အချိန်ဇယားထုတ်ပြန်ကြေညာခြင်း**

(က) ၄-၁၁-၂၀၁၆ရက်တွင် ထုတ်ပြန်ကြေညာမည်ဖြစ်ပါသည်။

၇။ **စာမေးပွဲအောင်စာရင်းထုတ်ပြန်ကြေညာမည့်ရက်**

(က) ကြေညာမည့်ရက် ၁၂-၁၂-၂၀၁၆ရက်

(ခ) ကြေညာမည့်နည်းလမ်း

(၁) အစိုးရပြည်ပအလုပ်အကိုင်အေဂျင်စီရုံး၊ ကြော်ငြာသင်ပုန်း

(၂) ကိုရီးယားသမ္မတနိုင်ငံ နိုင်ငံခြားသားလုပ်သားခေါ်ယူမှုစနစ်/ကိုရီးယားဘာသာ အရည်အချင်းစစ်စာမေးပွဲ (EPS-TOPIK) နှင့် ကိုရီးယားလူ့စွမ်းအား ဖွံ့ဖြိုးမှုအဖွဲ့အစည်းတို့၏ Homepage (http;//www.eps.go.kr), (http;//epstopik.hrdkorea.or.kr), (http;//www.hrdkorea.go.kr)

(၃) စာမေးပွဲသက်တမ်း ၁၂-၁၂-၂၀၁၆ရက်မှ၁၂-၁၂-၂၀၁၈ [အောင်စာရင်းထုတ်ပြန်ကြေညာသည့်ရက်မှ(၂)နှစ်တာ]

၈။ **စာမေးပွဲမေးခွန်းပုံစံနှင့် အမှတ်ပေးစည်းမျဉ်း**

| မေးခွန်းပုံစံ | မေးခွန်းအရေအတွက် | အမှတ်ပေါင်း | ဖြေဆိုချိန် | မှတ်ချက် |
|---|---|---|---|---|
| အဖတ်စွမ်းရည် (Reading) | ၂၅ ပုဒ်<br>လုပ်ငန်းဆိုင်ရာ (၁၀)ပုဒ်၊ အထွေထွေ(၁၅)ပုဒ် | ၁၀၀ | ၄၀ မိနစ် | အဖတ်စွမ်းရည်စာမေးပွဲနှင့် အကြားစွမ်းရည်စာမေးပွဲအား တစ်ဆက်တည်း ဖြေဆိုရမည် |
| အကြားစွမ်းရည် (Listening) | ၂၅ ပုဒ် | ၁၀၀ | ၃၀ မိနစ် | |
| **စုစုပေါင်း** | **၅၀ပုဒ်** | **၂၀၀** | **၇၀ မိနစ်** | |

**မှတ်ချက်။** စာမေးပွဲမေးခွန်းများသည် " The Standard Textbook for EPS-TOPIK" စာအုပ်ကို အခြေခံ၍ မေးမြန်းရန်ရှိပါသဖြင့် အောက်ပါ Webpage များတွင် ဝင်ရောက်ကြည့်ရှုအခမဲ့ download ရယူနိုင်ပါသည်။ Homepage (http;//eps.hrdkorea.or.kr), (http;//www.hrdkorea.or.kr)

၉။ **စာမေးပွဲဖြေဆိုသည့်ရက်တွင် ဖြေဆိုသူ ယူဆောင်လာရမည့်စာရွက်စာတမ်းများ**

(က) ဖြေဆိုခွင့်ကတ်ပြား

(ခ) နိုင်ငံကူးလက်မှတ်(စာမေးပွဲလျှောက်လွှာတွင် ကပ်ထားခဲ့သော နိုင်ငံကူးလက်မှတ်)မူရင်း

(ဂ) နိုင်ငံသားစိစစ်ရေးကတ်ပြား

အထက်အပိုဒ် (က)၊ (ခ)၊ (ဂ)ပါ အထောက်အထားများ ယူဆောင်လာခြင်းမရှိပါက စာမေးပွဲအား ဝင်ရောက်ဖြေဆိုခွင့်မရှိပါ။

၁၀။ **သတိပြုရန်အချက်များ**

(က) စာမေးပွဲအောင်သူများ၏ အမှတ်စာရင်းအား ၁၂-၁၂-၂၀၁၆မှစ၍ အစိုးရပြည်ပအလုပ်အကိုင်အေဂျင်စီမှ ကြေညာပေးပါမည်။

(ခ) စာမေးပွဲဖြေဆိုချိန်တွင် မမှန်ကန်သည့်နည်းလမ်းဖြင့် ပြုလုပ်နိုင်သည့်စက်ပစ္စည်းများ (လက်ကိုင်တယ်လီဖုန်း၊ ကက်ဆက်၊ MP3၊ လျှပ်စစ်လက်ကိုင်အဘိဓာန်စသည်များ)အား ယူဆောင်လာခွင့်မရှိပါ။

(ဂ) စာမေးပွဲအတွင်း မမှန်ကန်သည့်အပြုအမူများ လုပ်ဆောင်ခဲ့လျှင် ဖြေဆိုခွင့်အား (၂)နှစ်ကြာ ပိတ်ပင်ခြင်းခံရမည်ဖြစ်ပါသည်။

(ဃ) ကိုရီးယားသမ္မတနိုင်ငံ၊ အင်ချွန်းလေဆိပ်ရောက်ရှိပြီးမှ တရားမဝင်ထွက်ပြေးခြင်း၊ သက်ဆိုင်ရာလုပ်ငန်းခွင်ရောက်ရှိပြီးနောက်တွင်လည်း တရားဝင်ခွင့်ပြုချက်ဖြင့် အလုပ်ပြောင်းခြင်းမဟုတ်ဘဲ လုပ်ငန်းခွင်မှ ထွက်ပြေးခြင်း၊ အလုပ်အကိုင်စာချုပ်ပါ အချိန်ကာလပြည့်ဝပြီးနောက် ကိုရီးယားသမ္မတနိုင်ငံတွင် တရားမဝင်ဆက်လက်နေထိုင်လုပ်ကိုင်ခြင်းများ တစ်စတစ်စတိုးပွားလာရာ နှစ်နိုင်ငံအလုပ်သမား ပေးပို့ခြင်းဆိုင်ရာ သဘောတူညီချက် (MoU)ကို ထိခိုက်လာနိုင်ပြီး ယင်း(MoU) အား ရပ်ဆိုင်းခံရသည့်အခြေအနေမျိုးထိ ဖြစ်ပေါ်လာနိုင်ပါသည်။ ယင်းအခြေအနေမျိုးမှ ကာကွယ်တားဆီးနိုင်ရန် ကြိုတင်အာမခံကြေးငွေအဖြစ် ၁၅၀၀၀၀၀/-(ကျပ်တစ်ဆယ့်ငါးသိန်းတိတိ)ကို မြန်မာနိုင်ငံမှ မထွက်ခွာမီ မြန်မာ့စီးပွားရေးဘဏ်(နေပြည်တော်)၊ အလုပ်သမားညွှန်ကြားရေးဦးစီးဌာန၊ ငွေစာရင်းအမှတ် (MD 010840)သို့ပေးသွင်း၍ ကျပ်သိန်း(၃၀)တန် စာချုပ်ချုပ်ဆိုဆောင်ရွက်ရပါမည်။ အလုပ်အကိုင်စာချုပ်ကို သဘောတူလက်ခံပြီးနောက် အထက်ဖော်ပြပါအချက်များကို ဖောက်ဖျက်ခဲ့လျှင် ကြိုတင်အာမခံကြေးငွေဆုံးရှုံးခံရမည်ဖြစ်ပြီး ခံဝန်စာချုပ်အရ ကျန်ကျပ် (၁၅)သိန်းကို အာမခံထားသူ (၂)ဦးမှ ပေးလျော်ရမည်ဖြစ်ကြောင်း အသိပေးအပ်ပါသည်။

**အစိုးရပြည်ပအလုပ်အကိုင်အေဂျင်စီ**
**အလုပ်သမားညွှန်ကြားရေးဦးစီးဌာန**
**အမှတ် (၈/၁)၊ နဂါးရုံဘုရားလမ်း၊ ၅ ရပ်ကွက်၊ မရမ်းကုန်းမြို့နယ်၊**
ဖုန်း-၀၁-၆၆၇၇၅၄၊ ၀၁-၆၅၆၈၄၃

## နေပြည်တော်စည်ပင်သာယာရေးကော်မတီ အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ နေပြည်တော်စည်ပင်သာယာရေးကော်မတီတွင် အသုံးပြုရန်လိုအပ်သည့် ကြို/ပို့လုပ်ငန်းသုံး Hyundai Mini Bus မော်တော်ယာဉ်များအား မြန်မာကျပ်ငွေဖြင့် ဝယ်ယူလိုပါ၍ ပစ္စည်းလက်ဝယ်ရှိသူများ အောက်ပါအတိုင်း အိတ်ဖွင့်တင်ဒါပေးသွင်းရန် ဖိတ်ခေါ်အပ်ပါသည်။

| **ယာဉ်အမျိုးအစား** | **အရေအတွက်** |
|---|---|
| Hyundai Mini Bus<br>(2015-2016 Model, Brand New, Diesel) | ၆ စီး |

၂။ **တင်ဒါပုံစံထုတ်ပေးမည့်ရက်** - ၁၀-၁၀-၂၀၁၆ ရက်

**တင်ဒါပိတ်မည့်ရက်** - ၁၄-၁၀-၂၀၁၆ ရက်

**တင်ဒါပေးသွင်းမည့်နေရာ** - စက်ရုံနှင့်မော်တော်ယာဉ်ဌာန နေပြည်တော်စည်ပင်သာယာရေးကော်မတီ

၃။ တင်ဒါပုံစံနှင့် အသေးစိတ်အချက်အလက်များအား ရုံးချိန်အတွင်း အောက်ပါလိပ်စာတွင် မေးမြန်းစုံစမ်းထုတ်ယူနိုင်ပါသည်။

စက်ရုံနှင့်မော်တော်ယာဉ်ဌာန ဖုန်း-၀၆၇-၄၃၂၀၈၁၊ ၄၃၂၀၈၃

**မော်တော်ယာဉ်များ ဝယ်ယူရေးအဖွဲ့**
**နေပြည်တော်စည်ပင်သာယာရေးကော်မတီ**

## အိတ်ဖွင့်တင်ဒါ(Open Tender)ခေါ်ယူခြင်း

၁။ ဆောက်လုပ်ရေးဝန်ကြီးဌာန (လမ်းဦးစီးဌာန)၊ ရှမ်းပြည်နယ် (အရှေ့ပိုင်း)၊ မက်မန်းခရိုင်အတွင်း၊ မက်မန်းမြို့နယ်နှင့် လမ်းအထူးအဖွဲ့(၃)၏ ၂၀၁၆-၂၀၁၇ဘဏ္ဍာရေးနှစ် ပြည်နယ်ရန်ပုံငွေဖြင့်ဆောင်ရွက်မည့် လမ်း/တံတား/အဆောက်အအုံလုပ်ငန်းများအတွက် အသုံးပြုရန်လိုအပ်သော အုတ်၊ သဲ၊ ခွဲကျောက်ရွယ်စုံ၊ ဘိလပ်မြေ၊ သံချောင်းလုံးရွယ်စုံ၊ သစ်ခွဲသား စသည့်ပစ္စည်းများအား မြန်မာကျပ်ငွေဖြင့် ဝယ်ယူမည်ဖြစ်ပါ၍ ပစ္စည်းပေးသွင်းလိုသူများ ဒုတိယအကြိမ်အိတ်ဖွင့်တင်ဒါစနစ်ဖြင့် ပေးသွင်းနိုင်ပါကြောင်း ကြေညာအပ်ပါသည်။

၂။ **တင်ဒါလျှောက်လွှာစတင်ရောင်းချမည့်ရက်** - ၁၂-၁၀-၂၀၁၆ရက်

၃။ **တင်ဒါလျှောက်လွှာရောင်းချမည့်နေရာ** - ခရိုင်လက်ထောက်ညွှန်ကြားရေးမှူးရုံး လမ်းဦးစီးဌာန၊ မက်မန်းခရိုင် ညွှန်ကြားရေးမှူး(မြို့ပြ)ရုံးဝင်း၊ ရှမ်းပြည်နယ်(အရှေ့ပိုင်း)၊ ကျိုင်းတုံမြို့
- ဆောက်လုပ်ရေးဝန်ကြီးဌာန (လမ်းဦးစီးဌာန)မက်မန်းခရိုင်၊ နောက်တန်းရုံး၊ မိုင်းပျဉ်းမြို့

၄။ **တင်ဒါလျှောက်လွှာ နောက်ဆုံးတင်သွင်းရမည့်ရက်** - ၂၅-၁၀-၂၀၁၆ရက်

၅။ **တင်ဒါဖွင့်မည့်ရက်/အချိန်** - ၂၇-၁၀-၂၀၁၆ရက် နံနက်၁၀း၀၀နာရီ

၆။ **တင်ဒါတင်သွင်း စိစစ်ရွေးချယ်မည့်နေရာ** - မြို့နယ်အုပ်ချုပ်ရေးမှူးရုံး အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၊ မက်မန်းမြို့

၇။ အသေးစိတ်သိရှိလိုပါက ဆောက်လုပ်ရေးဝန်ကြီးဌာန(လမ်းဦးစီးဌာန)၊ လက်ထောက်ညွှန်ကြားရေးမှူး(မြို့ပြ)ရုံး၊ မက်မန်းခရိုင် ညွှန်ကြားရေးမှူး(မြို့ပြ)ရုံးဝင်း၊ ရှမ်းပြည်နယ် (အရှေ့ပိုင်း)၊ ကျိုင်းတုံမြို့ ဖုန်း-၀၉-၅၀၄၁၄၉၄၊ ၀၉-၂၅၀၄၇၇၁၂၄၊ ၀၉-၄၉၅၇၉၅၁၀ တို့သို့ ရုံးချိန်အတွင်း ဆက်သွယ်စုံစမ်းနိုင်ပါသည်။

**တင်ဒါစိစစ်ရွေးချယ်ရေးကော်မတီ၊ မက်မန်းခရိုင်**

## ဆောက်လုပ်ရေးဝန်ကြီးဌာန အဆောက်အဦဦးစီးဌာန တည်ဆောက်ရေး(၂) အဆောက်အဦအထူးအဖွဲ့(၄) တင်ဒါအမှတ်စဉ်(၂)(၂၀၁၆-၂၀၁၇ ဘဏ္ဍာရေးနှစ်)

## အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

ဆောက်လုပ်ရေးဝန်ကြီးဌာန၊ အဆောက်အဦဦးစီးဌာန၊ တည်ဆောက်ရေး(၂)၊ အဆောက်အဦအထူးအဖွဲ့(၄)မှ ၂၀၁၆-၂၀၁၇ဘဏ္ဍာရေးနှစ်၊ ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန ရန်ပုံငွေဖြင့် တာဝန်ယူဆောင်ရွက်မည့် ရန်ကုန်တိုင်းဒေသကြီး၊ တောင်ဥက္ကလာပမြို့နယ် မိခင်နှင့်ကလေးဆေးရုံ၊ ရခိုင်ပြည်နယ်၊ စစ်တွေပြည်သူ့ဆေးရုံကြီးနှင့် ကချင်ပြည်နယ်၊ မြစ်ကြီးနား ပြည်သူ့ဆေးရုံတိုးချဲ့(၄)ထပ် RC အဆောက်အဦဆောက်လုပ်ခြင်း၊ လုပ်ငန်းများအတွက် သတ်မှတ်စံချိန်စံညွှန်းနှင့်ပြည့်မီသည့် တည်ဆောက်ရေးလုပ်ငန်းသုံးပစ္စည်းများအား မြန်မာကျပ်ငွေဖြင့် လုပ်ငန်းခွင်အရောက် ဝယ်ယူလိုပါသဖြင့် ပစ္စည်းပေးသွင်းလိုသူများ တင်ဒါပေးသွင်းနိုင်ပါကြောင်း ဖိတ်ခေါ်ကြေညာအပ်ပါသည်။

၁။ **အိတ်ဖွင့်တင်ဒါအမှတ်စဉ်** - အမှတ်စဉ်(၂)၊ ၂၀၁၆-၂၀၁၇ ဘဏ္ဍာနှစ်

၂။ **တင်ဒါပိတ်မည့်ရက်/အချိန်** - ၂၆-၁၀-၂၀၁၆ ရက်၊ မွန်းတည့် ၁၂း၀၀ နာရီ

၃။ **တင်ဒါဖွင့်မည့်ရက်/အချိန်** - ၂၇-၁၀-၂၀၁၆ ရက်၊ နံနက် ၉း၀၀ နာရီ

၄။ **တင်ဒါစိစစ်ရွေးချယ်မည့်နေရာ** - ရုံးအမှတ်(၄၀)၊ အဆောက်အဦ ဦးစီးဌာန တည်ဆောက်ရေး(၁)၊ ရုံးခန်း၊ နေပြည်တော်

၅။ **တင်ဒါလျှောက်လွှာ ရောင်းချမည့်နေရာ** - ရုံးအမှတ်(၄၀)၊ အဆောက်အဦ ဦးစီးဌာန၊ တည်ဆောက်ရေး(၁)၊ ရုံးခန်း၊ နေပြည်တော်
- ဒု-ညွှန်ကြားရေးမှူး(မြို့ပြ)ရုံး၊ အဆောက်အဦ အထူးအဖွဲ့(၄)၊ သုမင်္ဂလာလမ်း၊ ၁၂ရပ်ကွက်၊ တောင်ဥက္ကလာပမြို့နယ်၊ ရန်ကုန်မြို့

၆။ အသေးစိတ်အချက်အလက်များနှင့် တင်ဒါလျှောက်လွှာများအား ၁၇-၁၀-၂၀၁၆ ရက်မှစ၍ ရုံးချိန်အတွင်း။

အဆောက်အအုံအထူးအဖွဲ့(၄)၊ ရန်ကုန်ရုံး ဖုန်း-၀၁-၈၅၆၂၁၉၇

ဖုန်း-၀၉-၈၆၂၆၉၇၁၊ ၀၉-၂၅၀၂၈၄၀၃၄၊ ၀၉-၄၂၁၇၂၈၂၄၂ တို့သို့ ဆက်သွယ်မေးမြန်းနိုင်ပါသည်။

**တင်ဒါစိစစ်ရွေးချယ်ရေးကော်မတီ**

## ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် ၃၂ယ/၄၆၇၀၅ Honda Click 125, M/C ယာဉ်လက်ဝယ်ရှိသူ ဦးမင်းမင်းထိုက် ၆/သရခ(နိုင်)၀၇၁၇၄၄က(ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ၁၅ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင်လာရောက် ကန့်ကွက်နိုင်ပါသည်။ **ကညန၊ ခရိုင်ဦးစီးမှူးရုံး(မြိတ်)**

## ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် ၃ယ/၅၂၇၀၁ Honda Dream 125 M, M/C ယာဉ်လက်ဝယ်ရှိသူ ဦးသန်းရှင် ၆/ကသန(နိုင်)၀၀၆၇၈၃က (ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ၁၅ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက် ကန့်ကွက်နိုင်ပါသည်။

**ကညန၊ ခရိုင်ဦးစီးမှူးရုံး (မြိတ်)**

## အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ ဆည်မြောင်းနှင့်ရေအသုံးချမှုစီမံခန့်ခွဲရေးဦးစီးဌာန (ရေအရင်းအမြစ်)မှ ၂၀၁၆-၂၀၁၇ ဘဏ္ဍာရေးနှစ်အတွင်း အောက်ဖော်ပြပါပစ္စည်းအား အိတ်ဖွင့်တင်ဒါစနစ် (မြန်မာကျပ်ငွေ)ဖြင့် ဝယ်ယူလိုကြောင်း ကြေညာအပ်ပါသည်-

| စဉ် | ပစ္စည်းအမျိုးအမည် | အရေအတွက် |
|---|---|---|
| (က) | Spectra Precision SP80 GNSS Receiver(RTK) | 1 Set |

**တင်ဒါပုံစံစတင်ရောင်းချမည့်ရက်** - ၁၀-၁၀-၂၀၁၆ ရက်

**ပိတ်ရက်နှင့်အချိန်** - ၂၈-၁၀-၂၀၁၆ ရက် ၁၅း၀၀ နာရီ

၂။ အိတ်ဖွင့်တင်ဒါပုံစံနှင့် တင်ဒါစည်းကမ်းအသေးစိတ်အချက်အလက်များအား အောက်ဖော်ပြပါလိပ်စာတွင် လာရောက်ဆက်သွယ်ဝယ်ယူနိုင်ပါသည်-

**ဆည်မြောင်းနှင့်ရေအသုံးချမှုစီမံခန့်ခွဲရေးဦးစီးဌာန (ရေအရင်းအမြစ်)**
**ဖြည့်တင်းရေး-၂ ဌာနခွဲ**
**ရုံးအမှတ်(၅၀)၊ နေပြည်တော်**
**ဖုန်း-၀၆၇-၄၃၁၂၉၅၊ ၀၆၇-၄၃၁၃၀၈**

## ကြေညာချက်

၁။ နေပြည်တော်၊ အစားအသောက်နှင့် ဆေးဝါးကွပ်ကဲရေးဦးစီးဌာန၊တိုင်းဒေသကြီး/ပြည်နယ်၊ ခရိုင်အစားအသောက်နှင့် ဆေးဝါးကွပ်ကဲရေးဦးစီးဌာနနှင့် နယ်စပ်အစားအသောက်နှင့် ဆေးဝါးစစ်ဆေးရေးဌာနများတွင် လစ်လပ်လျက်ရှိသော အောက်ဖော်ပြပါရာထူးနေရာများအတွက် နှုတ်ဖြေစာမေးပွဲကို ၀၉း၃၀နာရီနှင့် ရေးဖြေစာမေးပွဲကို ၁၀း၀၀နာရီမှ ၁၁း၀၀ နာရီအထိ ယှဉ်တွဲပါနေ့ရက်အလိုက် ကျင်းပမည်ဖြစ်ကြောင်း ကြေညာအပ်ပါသည်-

(က) ဒု-ကြီးကြပ်ရေးမှူး(အစားအသောက်) (နှုတ်ဖြေ) ၁၉-၁၀-၂၀၁၆ရက်

(ခ) ဆေးဘက်ကျွမ်းကျင်-၂(ဆေးဝါး) (နှုတ်ဖြေ) ၂၀-၁၀-၂၀၁၆ရက်

(ဂ) ဓာတ်ခွဲကျွမ်းကျင်-၂နှင့် လုပ်သား (ဓာတ်ခွဲအကူ) (နှုတ်ဖြေ) ၁၇-၁၀-၂၀၁၆ရက်

(ဃ) ဓာတ်ခွဲကျွမ်းကျင်-၃နှင့် ဓာတ်ခွဲကျွမ်းကျင်-၄ (နှုတ်ဖြေ) ၁၈-၁၀-၂၀၁၆ရက်

(င) ယာဉ်မောင်း (၅)၊ အစောင့်၊ သန့်ရှင်းအကူ (နှုတ်ဖြေ) ၂၀-၁၀-၂၀၁၆ရက်မှ ၂၁-၁၀-၂၀၁၆ရက်အထိ

(စ) အငယ်တန်းစာရေးနှင့် ရုံးအကူ (ရေးဖြေ) ၁၅-၁၀-၂၀၁၆ရက်

(ဆ) အငယ်တန်းစာရေးနှင့် ရုံးအကူရေးဖြေအောင်စာရင်း ၂၅-၁၀-၂၀၁၆ရက်

(ဇ) အငယ်တန်းစာရေးနှင့် ရုံးအကူရေးဖြေ (နှုတ်ဖြေ) အောင်မြင်ပြီးသူအတွက် ၂၇-၁၀-၂၀၁၆ရက်မှ ၂၈-၁၀-၂၀၁၆ရက်ထိ

၂။ အငယ်တန်းစာရေးရာထူးနှင့် ရုံးအကူရာထူးနေရာများအတွက် ရေးဖြေစာမေးပွဲ ဖြေဆိုခွင့်ကတ်များကို နေပြည်တော်၊ အစားအသောက်နှင့် ဆေးဝါးကွပ်ကဲရေးဦးစီးဌာနတွင် ၁၂-၁၀-၂၀၁၆ရက်နှင့် ၁၃-၁၀-၂၀၁၆ရက်များတွင် နိုင်ငံသားစိစစ်ရေးကတ်ပြားဖြင့် ရုံးချိန်အတွင်း လာရောက်ထုတ်ယူနိုင်ပါကြောင်းနှင့် ရာထူးများ လျှောက်ထားရာတွင် အသက် (၁၈)နှစ်မပြည့်သူများ၊ အသက်(၃၅)နှစ်ထက်ကျော်လွန်သူများ၊ သတ်မှတ်ထားသော အရည်အချင်းနှင့် ကိုက်ညီမှုမရှိသောသူများကို ဖြေဆိုခွင့်ပြုမည် မဟုတ်ပါကြောင်း ကြေညာအပ်ပါသည်။

**အစားအသောက်နှင့် ဆေးဝါးကွပ်ကဲရေးဦးစီးဌာန**

## တစ်ဦးတည်းဖြစ်ကြောင်း

တပ်ကုန်းမြို့နယ်၊ ရေအေးကျေးရွာနေ ဦးထွန်းတင့်၏ဖခင် ဦးမောင်သိန်း(ခ)ဦးသိန်း ၉/တကန(နိုင်)၀၃၀၁၉၅မှာ တစ်ဦးတည်းဖြစ်ပါကြောင်း။ **ဦးမောင်သိန်း(ခ)ဦးသိန်း**

## အမည်မှန်

ကွယ်လွန်သူ ဦးမျိုးမင်းယု၏ ဇနီး အမည်မှန်မှာ ဒေါ်စန်းညွှန့်ရီ ၈/မကန(နိုင်)၂၀၄၄၉၂ ဖြစ်ပါကြောင်း။

**ဒေါ်စန်းညွှန့်ရီ**

## CLAIMS DAY NOTICE M.V SHOHJIN VOY:NO(29)

Consignees of cargo carried by M.V SHOHJIN VOY: NO. (29) are here by notified that the vessel will arrive on about 11-10-16 and cargo will be discharged into the premises of Yangon port.

Damaged cargo will be surveyed daily from 08:00 AM to 11:20 AM and 12:00 NOON to 4:00 PM to claims day now declared as the third day after final discharge of cargo from the vessel.

No claims against this vessel will be admitted after the Claims Day.

မော်တော်ယာဉ်ပိုင်ရှင်များအနေဖြင့် သင်္ဘောမှချပြီးချိန်တွင် မိမိတို့၏ မော်တော်ယာဉ်ပါ ပစ္စည်းများကို ORIGINAL BILLS OF LADING များ ယူဆောင်လျက် လာရောက်ကြည့်ရှုစစ်ဆေးရန် အသိပေးအပ်ပါသည်။

သင်္ဘောဆိုက်ကပ်မည့်အချိန်နှင့်တံတားနေရာတို့ကို အသေးစိတ်သိရှိလိုပါက အောက်ဖော်ပြပါဖုန်းနံပါတ်များသို့ ဆက်သွယ်မေးမြန်းနိုင်ပါသည်-

**ဖုန်း-၂၃၀၁၁၉၁၊ ၂၃၀၁၁၇၈**

**ကိုယ်စားလှယ်လုပ်ငန်းဌာန**
**မြန်မာ့ဆိပ်ကမ်းအာဏာပိုင်**

## CLAIMS DAY NOTICE M.V CITY OF MUMBAI VOY:NO(34)

Consignees of cargo carried by M.V CITY OF MUMBAI VOY: NO. (34) are here by notified that the vessel will arrive on about 11-10-16 and cargo will be discharged into the premises of Yangon port.

Damaged cargo will be surveyed daily from 08:00 AM to 11:20 AM and 12:00 NOON to 4:00 PM to claims day now declared as the third day after final discharge of cargo from the vessel.

No claims against this vessel will be admitted after the Claims Day.

မော်တော်ယာဉ်ပိုင်ရှင်များအနေဖြင့် သင်္ဘောမှချပြီးချိန်တွင် မိမိတို့၏ မော်တော်ယာဉ်ပါ ပစ္စည်းများကို ORIGINAL BILLS OF LADING များ ယူဆောင်လျက် လာရောက်ကြည့်ရှုစစ်ဆေးရန် အသိပေးအပ်ပါသည်။

သင်္ဘောဆိုက်ကပ်မည့်အချိန်နှင့်တံတားနေရာတို့ကို အသေးစိတ်သိရှိလိုပါက အောက်ဖော်ပြပါဖုန်းနံပါတ်များသို့ ဆက်သွယ်မေးမြန်းနိုင်ပါသည်-

**ဖုန်း-၂၃၀၁၁၉၁၊ ၂၃၀၁၁၇၈**

**ကိုယ်စားလှယ်လုပ်ငန်းဌာန**
**မြန်မာ့ဆိပ်ကမ်းအာဏာပိုင်**

# မြန်မာ - ဗီယက်နမ် ပူးပေါင်း၍ သင်္ဘောအစင်း ၃၀ တည်ဆောက်မည်

**သတင်း - မြင့်မောင်စိုး၊ ဓာတ်ပုံ - တင်စိုး(မြန်မာ့အလင်း)**



**ရန်ကုန် အောက်တိုဘာ ၉**

နိုင်ငံတကာအဆင့်မီ သင်္ဘောလိုအပ်ချက်များကို ဖြည့်ဆည်းပေးနိုင်ရန် ရည်ရွယ်လျက် မြန်မာနှင့် ဗီယက်နမ်ပူးပေါင်း၍ သင်္ဘောအစင်း ၃၀ တည်ဆောက်သွားမည်ဖြစ်ကြောင်း မြန်မာ့သင်္ဘောကျင်းလုပ်ငန်း တာဝန်ရှိသူတစ်ဦးက ပြောသည်။

"မြန်မာနဲ့ ဗီယက်နမ် ဖက်စပ်အဖြစ် ထူထောင်ထားတဲ့ Myanmar Shipyard တုန်အာလီမိတက်အနေနဲ့ ပြည်တွင်း ကုမ္ပဏီတစ်ခုဖြစ်တဲ့ Great Sea Transport and Logistics ကုမ္ပဏီနဲ့ သင်္ဘောအစင်း ၃၀ တည်ဆောက်ပေးဖို့ နားလည်မှုစာချွန်လွှာ ( MoU) လက်မှတ်ရေးထိုးထားပြီး ဖြစ်ပါတယ်။ ဒီသင်္ဘောတွေက ပြည်တွင်းအတွက်ပဲ ဖြစ်ပါတယ်။ လောလောဆယ် မြန်မာနဲ့ ဗီယက်နမ် ပူးပေါင်းထူထောင်ထားတဲ့ ကျွန်တော်တို့ ဖက်စပ်ကုမ္ပဏီအနေနဲ့ ပြည်တွင်းသင်္ဘော လိုအပ်ချက်ကို ဖြည့်ဆည်းပေးနိုင်ဖို့ ကြိုးပမ်းသွားမှာ ဖြစ်ပါတယ်"ဟု Myanmar Shipyard တုန်အာလီမီတက် အထွေထွေမန်နေဂျာ ဦးကျော်ကျော်က ရှင်းပြသည်။

မြန်မာ့သင်္ဘောကျင်းလုပ်ငန်းနှင့် ဗီယက်နမ်နိုင်ငံမှ သင်္ဘောတည်ဆောက်ရေးကုမ္ပဏီကြီးတစ်ခုဖြစ်သည့် Dong A တို့သည် ၂၀၁၅ ခုနှစ် အောက်တိုဘာလမှစ၍ ဖက်စပ်ကုမ္ပဏီအဖြစ် ထူထောင်ခဲ့ပြီး ပြည်တွင်းအတွက် သင်္ဘောလိုအပ်ချက်ကို ဖြည့်ဆည်းပေးနိုင်ရန် သင်္ဘောများတည်ဆောက်ပေးလျက်ရှိသည်။

*စာမျက်နှာ ၈ ကော်လံ ၁* ❍

## လျှပ်တစ်ပြက်

## ပိုးလမ်းမ ဒိုင်ယာရီ

ဆောင်းပါး စာ - ၆

# ရိုးသားမှုကြောင့် ဂုဏ်ပြုခံရသူ အငှားယာဉ်မောင်း ကိုသန်းထိုက်ကျော်

**သတင်းဆောင်းပါး-သီသီမင်း၊မင်းသစ်၊ ဓာတ်ပုံ - နေလင်း**

"မိမိရဲ့တက္ကစီကားပေါ်မှာ ခရီးသည်မေ့ကျန်ခဲ့တဲ့ ရတနာပစ္စည်းတွေ ပိုင်ရှင်ကို ပြန်ပေးခဲ့တဲ့ လုပ်ရပ်ဟာ ဒီလောက်အထိ ဂုဏ်ပြုခံရလိမ့်မယ်ဆိုတာ ထင်မထားခဲ့မိပါဘူး" လို့ အသက် ၃၀ အရွယ် အေးချမ်းတည်ငြိမ်တဲ့ မျက်နှာထားပိုင်ရှင် ကိုသန်းထိုက်ကျော်က ပြောသည်။

ရန်ကုန်တိုင်းဒေသကြီး သာကေတမြို့နယ်တွင် မိဘများနှင့်အတူ ဇနီး၊ သမီးတစ်ယောက်နဲ့ အေးချမ်းစွာမိသားစုဘဝကို ဖြတ်သန်းနေတဲ့ အငှားယာဉ်မောင်း ကိုသန်းထိုက်ကျော်အဖို့ ယခုနှစ် စက်တင်ဘာလအတွင်း သူ့ရဲ့တက္ကစီကားပေါ်မှာ ခရီးသည်တစ်ဦး ကျန်ရစ်ခဲ့တဲ့ ရတနာပစ္စည်းတွေကို ပိုင်ရှင်ဖြစ်သူထံ ရိုးသားစွာ ပြန်လည်ပေးအပ်ခဲ့မှုက ဖြူစင်ရိုးသားသူ၊ အကျင့်စာရိတ္တကောင်းမွန်သူအဖြစ် သူ့ကို ထင်ရှားစေခဲ့တာပါ။

နေ့စဉ် ကားမောင်းလို့ရတဲ့ဝင်ငွေနဲ့ မိသားစုဘဝရပ်တည်နေရပြီး ပြည့်စုံကုံလုံတဲ့ မိသားစုဘဝကို ပိုင်ဆိုင်သူဟုမဆိုနိုင်တဲ့ သူ့အတွက် ခရီးသည်ကျန်ရစ်ခဲ့တဲ့ သိန်းတစ်ထောင်တန် ရတနာပစ္စည်းတွေက ကိုယ်ကျင့်တရားကောင်းမွန်သူ၊ ကိုယ်ချင်းစာ

*စာမျက်နှာ ၃ ကော်လံ ၁* ❖

# သုံးနိုင်ငံ ရိုးရာလက်ဝှေ့စိန်ခေါ်ပွဲတွင် တူးတူး (မြန်မာ)က ဗာနီယွန်(ထိုင်း)ကို အလဲထိုးဖြင့်နိုင် လက်ရှိချန်ပီယံ ထွန်းထွန်းမင်းနှင့် ဒေ့ဗ်လက်ဒပ်(ကနေဒါ)ပွဲ အရှုံး အနိုင် အဖြေမပေါ်ခဲ့



**သတင်း - မောင်စိန်လွင်(မြန်မာ့အလင်း)**

**ဓာတ်ပုံ - မင်းထက်၊ တင်စိုး(မြန်မာ့အလင်း)**

**ရန်ကုန် အောက်တိုဘာ ၉**

မြန်မာနိုင်ငံ ရိုးရာလက်ဝှေ့အဖွဲ့ချုပ်က ကြီးမှူးပြီး Great Tiger Group (GTG)က စီစဉ်ကျင်းပသည့် မြန်မာ-ထိုင်းနှင့် ကနေဒါ ရိုးရာလက်ဝှေ့စိန်ခေါ်ပွဲကြီးကို ယနေ့မွန်းလွဲ ၂ နာရီတွင် ရန်ကုန်မြို့ မင်္ဂလာတောင်ညွန့်မြို့နယ် သိမ်ဖြူရိုးရာလက်ဝှေ့အားကစားရုံ၌ကျင်းပရာ ပထမတန်း လက်ဝှေ့ကျော် တူးတူးက ဗာနီယွန် (ထိုင်း)ကို အလဲထိုးဖြင့်အနိုင်ရခဲ့ပြီး လက်ရှိချန်ပီယံ ထွန်းထွန်းမင်းနှင့် ဒေ့ဗ်လက်ဒပ်(ကနေဒါ)ပွဲတွင် အရှုံးအနိုင်မပေါ်ဘဲ သရေဖြင့် ပြီးဆုံးသွားခဲ့သည်။

ရိုးရာလက်ဝှေ့ချစ်ပရိသတ်များ အားထားကြည့်ရှုခဲ့သော အဆိုပါ တွဲဆိုင်းနှစ်ဆိုင်းဖြစ်သည့် တူးတူး(မြန်မာ)နှင့် ဗာနီယွန်(ထိုင်း) တို့ပွဲတွင် ပထမအချီ၌ တစ်ယောက်နှင့်တစ်ယောက် ကောင်တာစောင့်ကာ အကဲစမ်းခဲ့သော်လည်း

*စာမျက်နှာ ၈ ကော်လံ ၁* ◆

**လက်ရှိချန်ပီယံထွန်းထွန်းမင်းနှင့် ဒေ့ဗ်လက်ဒပ်(ကနေဒါ)တို့ ယှဉ်ပြိုင်ထိုးသတ်စဉ်**

## စိုက်၊ မွေး၊ စီးပွား

ပန်းမြို့တော်ရဲ့ နေဝင်ချိန်လား၊ ရောင်နီလား စာ - ၁၆

စိုက်ခင်းများထဲတွင် အင်းဆက်ပိုးမွှားများ ကျရောက်ပါက မလိုအပ်ဘဲဓာတုပိုးသတ်ဆေးများ မသုံးသင့် စာ - ၁၇

အရည်အသွေးမြင့် ကော်ဖီများ စိုက်ပျိုးထုတ်ခြင်း နည်းလမ်းများနှင့် အကျိုးကျေးဇူးများ စာ - ၁၈

AGDBANK
The bank that grows with you
INTERNATIONAL BANK OF THE YEAR - SOUTH EAST ASIA
Global Banking and Finance Awards 2016 by THE EUROPEAN MAGAZINE
www.agdbank.com